www.burmeseclassic.com

# ခင်ဆိုးခင်ခင်

(ဆေးတက္ကသိုလ်)




www.burmeseclassic.com

www.burmeseclassic.com

# ခင်ဦးခင်ခင် (ဆေးတက္ကသိုလ်)

## တစ်ပွဲလုံးဆူလို့ တစ်ပွဲလုံးညံလို့


စာမူခွင့်ပြုချက်အမှတ် - ၅၀၁၁၁၁၀၀၇၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၀၅၀၀၈၀၈

၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ၊

ပထမအကြိမ်

တန်ဖိုး - ၁၀၀၀/-

အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဦးကျော်လှိုင်(၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်၊
ရန်ကုန်။

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်။


### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး


### လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com


www.burmeseclassic.com





# ခင်ဦးခင်ခင်
(ဆေးတက္ကသိုလ်)

# တစ်ပွဲလုံးဆူလို့
# တစ်ပွဲလုံးညံလို့




စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







ဒီနေရာမှာ "ခက်ဖြာညီ" ထိုင်နေတာ ဆယ့်ငါးမိနစ်လောက်ပဲ ရှိသေးသည်။ ဒါပေမဲ့ ခေါင်းတွေကတော့ အရက်ဆိုင်မှာ နေ့တစ်ဝက်လောက်ထိုင်ပြီး မရပ်မနား သောက်နေသည့် အရက်သမားတစ်ယောက်ထက်ကို ပိုပြီးမူးဝေနေခဲ့ပြီ။

'ကမ္ဘာပေါ်မှာ လူဦးရေသန်းပေါင်း ခြောက်ထောင်ကျော်ပဲ ရှိသည့်အထဲက လူအယောက် ငါးဆယ်ကို တစ်ထိုင်တည်းနဲ့ တွေ့နေ ကြည့်နေရတာဆိုတော့ မမူးဘဲရော ခံနိုင်ပါဦးမလား။

ခက်ဖြာညီ ရောက်နေသည့် နေရာက အတော်ဆုထည်ကြီးမားပြီး အတော်လည်း ဟောင်းနေပြီဖြစ်သော နှစ်ထပ်တိုက်ကြီးတစ်လုံးရဲ့ ဧည့်ခန်းထဲမှာ။



www.burmeseclassic.com

"ညှော့်ခန်း"လို့ ဆိုသော်လည်း သေသေချာချာ၊ တိတိကျကျ၊ ညှော့်ခန်းပုံစံနဲ့တူအောင် ပြင်ဆင်ထားသည့် အခန်းမျိုး မဟုတ်ပေ။ ဟိုဘက် ဒီဘက် မြောက်မြားလှစွာသော အခန်းတံခါးတွေနဲ့ နောက်ဘက်က ထမင်းစားခန်းလိုလို မီးဖိုလိုလို အခန်းတွေကြား အလွန်ကျယ်လွင့်သော အခန်းလွတ်ကြီးတစ်ခုသာပဲဖြစ်သည်။

အခန်းထဲမှာ ဆိုဖာခုံ နှစ်စုံစာလောက်ကို နံရံတွေမှာ ကပ်ပြီးချထားတာရယ်။ ဆိုဖာသုံးလုံးလောက်ကြားမှာ အလျားနဲ့အနံ သိပ်မကွာလှသော ပုံစံရုပ်ဆိုးဆိုး စားပွဲတစ်လုံးစီလောက်ချထားတာရယ်၊ အခန်းနံရံတွေမှာ ပန်းချီကား၊ ဘွဲ့ဓာတ်ပုံ၊ သမင်ချိုု၊ စွန်တစ်ကောင် အတောင်ဖြန့်လျက် အနေအထား၊ ဂုဏ်ပြုလက်မှတ်၊ ရွှေခြည်ထိုးပိတ်စ, စသည်ဖြင့် စိတ်ကူးတည့်ရာတွေ လျှောက်ချိတ်ထားတာရယ်၊ အခန်းထောင့်ချိုးတစ်ခုမှာ မီကပ်ထားသည့် ပပရည်ရှည် ဗီရိုတစ်လုံးထဲမှာ ဆုဖလားတို့၊ အရုပ်တို့၊ အလှပြပန်းအိုးတို့ စသည်ဖြင့် ထည့်ထားတာတွေရယ်





ကြောင့်သာ ညှော့်ခန်းလို့ မဆိုစလောက် ခေါ်လို့ရနေတာ။ အမှန်တော့ ဒါဟာ ခန်းမလွတ်တစ်ခုနဲ့သာ ပိုပြီးတူတာ။

ထိုခန်းမကြီးရဲ့ ဘေးတစ်ဖက်တစ်ချက်စီမှာတော့ တံခါးပေါက် အမြောက်အမြားရှိသည်။ ငါးထပ်သားကို တစ်ခန်းလျှင် အရောင်တစ်မျိုးစီ သုတ်ထားသော ထိုတံခါးချပ်တို့မှာ ပွင့်လာလိုက် ပြန်ပိတ်သွားလိုက်။ တံခါးတစ်ချပ်ပွင့်တိုင်း လူတစ်ယောက် ထွက်လာပြီး ညှော့်ခန်းကို ဖြတ်ကူးကာ တစ်ဖက်တံခါးချပ်စီ ဝင်ရောက်ပျောက်ကွယ်သွားကြသည်။ တချို့လည်း မီးဖိုချောင်ဟု ထင်ရသော အိမ်နောက်ဖက် ဝင်ချင်ဝင်၊ ခြံထဲဆင်းသူဆင်း၊ အပေါ်ထပ် တက်သူတက်။

ဘာတွေပဲလုပ်လုပ် အခန်းထဲက ထွက်လာသည့် လူပေါင်းများစွာတို့ဟာ ညှော့်ခန်းထဲတော့ ဖြတ်သွားကြရတာပင်။ ညှော့်ခန်းကနေ ဖြတ်သွားရင်း ခက်ဖြာညီ ထိုင်နေသည့် ခုံရှေ့ရောက်လျှင် သိသိသာသာ၊ ပြူးပြူးပြဲပြဲ၊ ရုပ်ပျက်ဆင်းပျက်ကြီးကို ကြည့်ကြည့်သွားတတ်ကြမြဲ။

www.burmeseclassic.com



ကိုယ့်ကို လူကြည့်ခံရတာကိုများ မော်ဒယ်လ်ပေါက်စ မိန်းကလေးတစ်ယောက်အနေနဲ့ ဒီလောက်အထူးတဆန်း မခံချင်စရာ ဖြစ်နေရသေးလားလို့ အပြစ်တင် မစောကြပါနဲ့။ ခက်ဖြာညို ရဲ့ နေရာမှာ ဆယ်မိနစ်လောက်ကလေးပဲ အရင်လာထိုင်ကြည့်ကြပါဦး။ ဆံပင်ဖျားကနေ ခြေထောက်အဆုံး တစ်ကိုယ်လုံးရှိရှိသမျှ အနေအထား အားလုံး တစ်ခုတလေလေးမှ မကျန်ရ၊ မလစ်ဟင်းရလေအောင် ထက်အောက်စုန်ဆန် ပြူးပြူးပြဲပြဲ၊ အသည်းအမည်း ကြည့်ကြတာမျိုး။ အခန်းထဲက ထွက်လာသမျှ ယောက်ျား မိန်းမ၊ သက်ကြီးရွယ်အို၊ လူပျိုလူရွယ်၊ ကလေးသူငယ်ပါမကျန် အကြည့်တွေက ဆင်တူကြီး။

လူတွေရဲ့ နှစ်သက်ချီးကျူးသည့် အကြည့်မျိုး၊ အထင်ကြီး အားကျသည့် အကြည့်မျိုး၊ အားပေးမြှောက်ပင့်သည့် အကြည့်မျိုးဆိုလျှင်တော့ ဘယ်သူမဆို လိုချင်တာပေါ့။ သို့ပေမဲ့ တစ်မိသားစုလုံး အကဲဖမ်းသည်၊ ပြီးလျှင် ဝေဖန်ရေးလုပ်ဖို့၊ အပြစ်ရှာဖို့၊ ကိုယ့်အကြောင်း စကားဝိုင်းကြီး ဖွဲ့နွဲ့ပြောဆိုရာမှာ





တစ်တပ်တစ်အား ပါဝင်ဖို့ရာ အကြောင်းထူး ရှာဖွေသည့် အကြည့်မျိုးနဲ့ အားမနာတမ်းကြီး အကြည့်ခံရတာကျတော့လည်း အချိန်ကြာလာတာနဲ့အမျှ ကြည့်သူဦးရေ များလာတာနဲ့အမျှ သည်းမခံချင်စရာကြီး ကော့စ်ကောင်းလာတော့တာ။

ဒီအိမ်ကြီးဟာ ချစ်လွန်းကို့ရဲ့ ဘိုးဘေးဘီဘင် လက်ထက်ကတည်းက ပိုင်ဆိုင်လာသည့် အိမ်ကြီး။ ဒီအိမ်ကြီးမှာ မိသားစုတွေ အစဉ်အဆက် စည်းစည်းလုံးလုံး နေထိုင်လာကြတာဟာ ဒိုင်နက်စတီကြီးတစ်ခု တည်ထောင်ထားသလိုပင်။

ဒီအိမ်ကြီးရဲ့ နောက်ဆုံးမင်းဆက် အဲ ... မျိုးဆက်ဖြစ်သော ချစ်လွန်းကိုရဲ့အဘိုးမှာ အိမ်ထောင်နှစ်ဆက်ရှိသည်။ ဖနီးအကြီးနဲ့က သားသမီးငါးယောက်၊ အငယ်နဲ့က ခြောက်ယောက်၊ ရှေ့ပေါင်းလိုက်တော့ သားသမီး ဆယ့်တစ်ယောက်၊ သားသမီး ဆယ့်တစ်ယောက်မှာ ကချင်ပြည်နယ်မှာ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သား, သားတစ်ယောက်ရယ်၊ သုံးအရာရှိတစ်ယောက်နဲ့ အိမ်ထောင်ကျပြီး ခင်ပွန်းသည် တာဝန်ကျရာ နိုင်ငံ



www.burmeseclassic.com

www.burmeseclassic.com



ရပ်ခြားကို လိုက်သွားသည့် သမီးတစ်ယောက်ရယ်ကလွဲလို့ ကျန်ကိုးယောက်ဟာ ဒီအိမ်ကြီးမှာပဲ အတူနေကြတာ။ အဘိုးကြီးရဲ့ မဖြစ်မနေ အိမ်ထောင်ပြုရေး အစီအစဉ်အရ သားသမီးဆယ့်တစ်ယောက်လုံးဟာ အိမ်ထောင်သည်တွေ။ တစ်နယ်ရပ်ခြားရောက်နေသည့် သားသမီးနှစ်ယောက်ကလွဲလို့ ကျန်ကိုးယောက်ဟာ မိသားစုကိုယ်စီနဲ့ ဒီအိမ်မှာပဲနေကြသည်။

ချစ်လွန်းကိုရဲ့ အဘိုးဟာ ဘယ်လောက်တောင် အိမ်ထောင်သားမွေးကိစ္စကို ဝါသနာပါပြီး တိုက်တွန်းအားပေးလိုက်သလဲဆိုလျှင် သားသမီးတွေကို တစ်အိမ်ထောင်လျှင် ကလေး အနည်းဆုံး နှစ်ဦးစီမွေးရမတဲ့။ အောင်မယ်။ စာရင်းချုပ်ချိန်မှာ ကလေးအများဆုံး မွေးထားနိုင်တဲ့ သားသမီးကို အမွေပိုပေးခဲ့ဦးမှာတဲ့။

အမွေကိုပဲ မက်ကြတာလား၊ အဖေ့စကား နားထောင်လွန်းပြီး အဖေ စိတ်ချမ်းသာအောင် ဖြည့်ဆည်းပေးချင်လွန်းကြတာလား၊ ဒါမှမဟုတ် သူတို့ကိုယ်တိုင်ကပဲ အဖေသွေးပါကာ





သားသမီးယူဖို့ အရေးကိစ္စကို စိတ်ပါလွန်းကြတာလားတော့မသိ။ ချစ်လွန်းကိုရဲ့ ဦးလေး အဒေါ်တွေ အားလုံးဟာ သားသမီးသုံးယောက်စီတော့ အောက်ထစ်ရှိကြလေသည်။ ဒီအထဲမှာ သားသမီးအများဆုံးဖြစ်သည့် ချစ်လွန်းကိုရဲ့ဘကြီး အကြီးဆုံးက ခြောက်ယောက်။

ဒါတောင် အဘိုးကြီးက သူ့သားသမီးတွေ သူ့ခြေရာမနင်းနိုင်သေးဘူး ဆိုပြီး အားမလို အားမရ ဖြစ်နေသေးသတဲ့။

ဒီနေရာမှာ ချစ်လွန်းကိုတို့ မိသားစုကိစ္စ ရှင်းပြနေရတာ အကြောင်းရှိသည်။ (လောလောဆယ် ဒီနားပဲ ထိုင်နေရတာဆိုတော့ ဒီနေရာမှာပဲ ရှင်းပြရတော့မှာပေါ့၊ တခြားနေရာသွားပြောလို့မှ မရတော့တာကိုး။) ချစ်လွန်းကိုနဲ့ ပတ်သက်ပြီး ခက်ဖြာညီဟာ ဒီလူတွေအားလုံးနဲ့ တွေ့ထိဆက်ဆံရတော့မှာကိုး။ ကိုယ်နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည် ဖြစ်စေ၊ ဒီလူတွေနဲ့ ကင်းကင်းကွာကွာနေဖို့ ဘယ်လိုမှ မဖြစ်နိုင်။ ချစ်လွန်းကိုနဲ့သာ အိမ်ထောင်ပြုဖြစ်လျှင်လည်း (သူ့အဘိုး သက်ရှိထင်ရှား ရှိနေသေးသူ့တော့)

www.burmeseclassic.com



ခေါ်ခြာသည်ပါ ဒီအိမ်ကို ပြောင်းလာနေရမှာယ် ရှိတာမို့ ဒီအိမ်က လူတွေအကြောင်း သိထားနှင့်ရအောင် သမိုင်းချိပြီး ရှင်းပြနေရတာ။

ခုနကပြောသည့်အတိုင်း သူ့ရဲ့မျိုးဆက်တွေ များများစားစား ပြန့်ပွားကျန်ရစ်ချင်သော ချစ်လွန်းကိုရဲ့ အဘိုး ဦးသာမြတ်ရဲ့ ကျေးဇူးကြောင့် ဒီအိမ်ကြီးက လူဦးရေဟာ ငါးဆယ်ကျော်သည်။ သူတို့မို့ ခပ်သေးသေး ရွာတစ်ရွာစာရှိသည့် ဒီလူဦးရေနဲ့ ရန်တွေဘာတွေ မဖြစ်ဘဲ ကြာရှည်ကြာမြော အတူနေနိုင်ပါပေသည်။

ချစ်လွန်းကိုရဲ့ အပြောအရတော့ အတူနေကြသော်လည်း ဒီမောင်နှမတွေ၊ သူတို့ရဲ့ အိမ်ထောင်ဖက်တွေ၊ ဂမ်းကွဲတွေကြားမှာ လုံးဝပြဿနာကင်းရှင်း အဆင်ပြေနေတာတော့ မဟုတ်။ ဩဇာကြီးမားလှသည့် ဦးသာမြတ်က သူ မသေမချင်း သားသမီးတွေအားလုံး ဒီအိမ်ကနေ ခွဲမထွက်ရ၊ အကြီးအကျယ် ရန်မဖြစ်ရ အမိန့်ထုတ်ထားပေလို့သာ အောင့်အည်းနေကြရတာတဲ့။ ဦးသာမြတ် မရှိတော့လို့ကတော့ ဒီနေ့သေ ဒီနေ့အိမ်ခွဲဖို့ ကြံနေကြသူတွေ အများကြီးပဲတဲ့။





"ခက်ဖြာ ... စောင့်နေရတာ ကြာပြီလား၊ စိတ်ညစ်နေပြီလား"

စောင့်နေရတာ ကြာပြီလား ... တဲ့။ မှမို့ မေးရက်ပလေ။ ကြာပြီပေါ့။ တခြားနေရာမှာ ဆယ့်ငါးမိနစ်လောက် တစ်ယောက်တည်း ငုတ်တုတ်ထိုင်နေရလျှင် ဒီလောက်ကြာသည် ထင်စရာ အကြောင်းမရှိ။ ဒီဧည့်ခန်းထဲမှာတော့ ဆယ့်ငါးမိနစ်မပြောနဲ့ ဆယ့်ငါးစက္ကန့်လောက် နေလိုက်ရလျှင်တောင် ဆယ့်ငါးနှစ်လောက် ကြာသည်လို့ ထင်ရလောက်ဖွယ်။

"ကြာတယ် ... ကိုတို့ အမျိုးတွေ စည်းဝါးကိုက်ထားသလားလို့တောင် ထင်ရတယ်"

"ဘာဖြစ်လို့လဲ"

"ကို့က တမင် ရေကိုအကြာကြီးချိုးမယ်၊ ကို့အမျိုးတွေက တစ်ယောက်ပြီးတစ်ယောက် ထွက်လာပြီး ခက်ဖြာကို ချောင်းကြမယ်လေ၊ သူ့အမျိုးတွေ လူစုံထွက်ချောင်းလို့ရအောင် တမင်ဟ ပေးထားတာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... ဒါကြောင့် ကိုယ်ပြောသားပဲ၊ ကိုယ့်အိမ်ကို လိုက်လာရင် ခက်ဖြာ ကောင်းကောင်းပညာရပါလိမ့်မယ်လို့၊ ကိုယ့်အိမ်က လူတွေက အကုန်လုံး ထိပ်တန်းစပ်စုသမားတွေချည်းပဲ"

"ကဲပါ ... ရယ်မနေပါနဲ့၊ သွားကြရအောင်"

"ခဏနေဦးလေ ... ခက်ဖြာကို ကိုယ့်အမျိုးတွေနဲ့ မိတ်ဆက်ပေးရဦးမယ်"

"ဒါတော့ ဆောရီးပဲနော်၊ အစီအစဉ်ထဲမှာ ဒီကိစ္စပါမထားဘူး၊ ကို့အမျိုးတွေကို ကြိုတင်ပြင်ဆင်မှုမရှိဘဲ တွေ့ဖို့စိတ်ကူးမရှိဘူးလို့ ပြောထားပြီးသား"

တစ်ယောက်ကို စရိုက်တစ်မျိုး၊ အရည်အချင်းတစ်မျိုး၊ လေသံတစ်မျိုးနဲ့ လူပေါင်းငါးဆယ်ကျော်ဆိုလျှင် ပုံစံပေါင်းငါးဆယ်ကျော်ကို တစ်ပြိုင်နက်တည်း ရင်ဆိုင်ရဖို့အတွက် ဆိုလျှင် ကြိုတင်ပြင်ဆင်မှု တော်တော်ကြီးလုပ်ထားရမှာ။ အခုလို ဘာမှ အစီအစဉ်မရှိဘဲ ဖြန်းစားကြီး တွေ့လိုက်ရလျှင် သူတို့လို မွေးရာပါ





စကားပြောပါးနပ်သည့် အထုံပါရမီ မရှိသူပီပီ ခက်ဖြာပဲ ခံရဖို့များသည်။

"အားလုံးနဲ့ မဟုတ်ပါဘူး၊ ကြီးကြီးတင်တို့ ကြီးကြီးရင်တို့ ဘဘမြင့်ရဲ့မိန်းမ ကြီးကြီးချိုတို့လောက်ပါ"

"အင် ... တော်ပြီ ... တစ်ယောက်နဲ့တွေ့မယ်ဆိုလည်း အဲဒီတစ်ယောက်ပဲ ကွက်တွေ့လို့ရတာမှ မဟုတ်ဘဲ၊ အနည်းဆုံးနှစ်ယောက် သုံးယောက် ဖြစ်လာမယ်၊ ခဏတဖြုတ်ဆိုပေမဲ့လည်း ပြောရင်း ပြောရင်း အချိန်ကြာသွားတော့ ရော ဘယ်သူက တော်ကြစို့လို့ ပြောမှာလဲ၊ နောက်ဆုံးကျ မိခက်ပဲ နစ်နာမှာ"

"ကောင်းပါပြီကွာ ... ကောင်းပါပြီ၊ ဒါပေမဲ့ သိပ်မကြာခင်မှာတော့ ကိုယ့်မိသားစုနဲ့ လိုက်တွေ့ဖို့ စီစဉ်ရမှာနော်"

"အင်းပါ ... ခက်ဖြာတို့ ကတိထားခဲ့တဲ့အတိုင်း ကို့ပဲ ခက်ဖြာတို့အိမ်ကို အရင်ဝင်တွေ့ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သူ့အလှည့်ရောက်လာတော့ ချစ်လွန်းကိုလည်း ငိုင်ခနဲ တစ်ချက်တော့ ဖြစ်သွားသေးသား။

"အင်းပါကွာ ... အင်းပါ၊ လိုက်တွေ့မှာပေါ့၊ နည်းနည်းဝန်လေးပေမဲ့လည်း မတွေ့ဘဲမှ မဖြစ်တာ၊ ကို့တို့လက်ထပ်ဖို့အတွက်ဆိုရင် လူကြီးတွေနဲ့တွေ့ပြီး သူတို့ လက်ခံကြည်ဖြူလာအောင် လုပ်ရမဲ့ အဆင့်ကို ကျော်လို့မှ မဖြစ်ဘဲဟာ"

"ကျော်လို့ရရင်တော့ ကျော်လိုက်ချင်သေးတယ်ပေါ့လေ"

ချစ်လွန်းကိုက နှစ်လိုဖွယ်ရာ ခပ်ပြုံးပြုံး မျက်နှာနဲ့ ပခုံးကို ဆတ်ခနဲတွန့်ကာ ...

"ဒါပေါ့ကွ၊ ခက်ဖြာလဲ ကိုယ့်လိုပဲ မဟုတ်လား"

ခက်ဖြာကလည်း တဟဲဟဲ ရယ်လိုက်ကာ ...

"သိပ်ဟုတ်တာပေါ့၊ ဒါပေမဲ့ ကိုက ခက်ဖြာရဲ့ဖေဖေနဲ့ မေမေရယ်၊ မောင်လေးနဲ့ မမရယ်ကိုပဲ ရင်ဆိုင်ရမှာပါနော်၊ ခက်ဖြာကဖြင့် ..."





ခက်ဖြာညီက စကားကိုပင် အဆုံးမသတ်ရဲ။ လူငါးဆယ်ကျော် အင်အားစုကြီးကို မြင်ယောင်လာကာ ကျောလေးတွန့်ခနဲ ဖြစ်သွားမိလေသည်။

❧ ❊ ❧



www.burmeseclassic.com

www.burmeseclassic.com



"တစ်မျိုးကြီးပဲကွာ၊ ပုဆိုးဝတ်နေကျ မဟုတ်တော့ လူက မနေတတ် မထိုင်တတ်ကြီး ဖြစ်နေတယ်၊ ဘယ်အချိန်ပုဆိုး ကျွတ်ကျမလဲဆိုပြီး သတိအနေအထားကြီးနဲ့ နေ့နေရတော့ တခြားဘာကိုမှတောင် အာရုံမထားနိုင်ဘူး"

"ကောင်းတာပေါ့၊ ရှက်မနေ ကြောက်မနေရတော့ စကား အများ မထွက်ဘူးပေါ့"

"အောင်မယ်လေး ... မှားမှာ မှားမှာ၊ ပုဆိုးပဲ အာရုံရောက် နေတော့ မင်းနာမည် ဘယ်လိုခေါ်သလဲလို့ မေးရင်တောင် ချစ်လွန်းကို့ပ၊ ခင်ဗျလို့ မဖြေမိဘဲ ပုဆိုးတံဆိပ်ကိုစိတ် စွဲပြီး ဦးဂျမ်းပါခင်ဗျလို့ ဖြေမိလိမ့်မယ် ထင်တယ်"





ချစ်လွန်းကို့က သူ့ပုဆိုးအောက်နားမှာ ချုပ်ရိုးထဲ ညှိချုပ်ထားသော ယူဂျီ ဆိုသည့် ပိတ်သားတံဆိပ်လေးကို ကြည့်ရင်း ရယ်သလို မောသလိုနဲ့ ပြောလိုက်သည်။

ချစ်လွန်းကို့က ရယ်ရယ်မောမော ပြောနိုင်ပေမဲ့ ပြာညီမှာတော့ စိတ်ပူပန် သောကရောက်ရလွန်းလို့ ရယ်ပဲ ရယ်နိုင်ရှာ။

တကယ်ကတော့ ချစ်လွန်းကိုသည်လည်း ရယ်ချင်လို့၊ ရယ်နိုင်လွန်းလို့ ရယ်နေတာပဲတော့ မဟုတ်ပါ။

ဒီလိုမှ ရယ်စရာလေး ကြံဖန်ပြောပြီး စိတ်ကိုဖော့ မလျှင် ရင်ဘတ်ပေါ်ဖိတင်ထားသည့် လေးလံသော ကျောက်တုံး ကြီးရဲ့ အလေးချိန်ကြောင့် အသက်ရှူ မွန်းကျပ် သေဆုံးသွား လောက်သည်။

"ဒီမှာနော် ... နောက်လား ပြောင်လား ဗလချွတ်တွေ လျှောက်မပြောမိစေနဲ့ဦး၊ မျက်နှာကလည်း တည်တည်ထား၊ လိုအပ်မှပြုံးပြ၊ ပြုံးစိစိ စပ်ဖြဲဖြဲကြီး လုပ်မထားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ယောက္ခမလောင်းဝမ်းဆက်နဲ့ တွေ့ရမှာများကွာ၊ ဘယ်သူက နောက်နိုင်မှာလဲ၊ ပြုံးစိစိရော လုပ်နိုင်မှာလဲ၊ သူငယ်ချင်းနဲ့တွေ့တာမှ မဟုတ်တာ"

"ကို့က ဖောက်တတ်လွန်းလို့ ပြောတာ"

"ဘာလဲ ... ဘီယာဘူးဖောက်တတ်တာကို ပြောတာလား၊ ဒါမှမဟုတ် ကဲစမ်းမဲ ဖောက်တာလား"

"ကျွတ် ... ပြောရင်း ဆိုရင်း ဗွေဖောက်လာပြန်ပြီကွာ၊ ဒီလိုသာ လုပ်နေရင် ကို့အိမ်လိုက်မတွေ့နဲ့တော့၊ နောက်တစ်ရက်ရက်လောက်တွေ့ဖို့ ရွှေ့လိုက်တော့"

"နောက်တာပါကွာ၊ ကိုယ့်စိတ်ထဲ အရမ်းတန်င့်(စ)ဖြစ်နေတာ၊ ဒီလောက်ကလေးမှ မပြောရရင် လူကြီးတွေရှေ့ရောက်တဲ့အခါကျ တောင့်တင်းလွန်းပြီး ကျောက်ရုပ်ကြီး ဖြစ်သွားလိမ့်မယ်"

ခက်ဖြာညီက ချစ်လွန်းကို့ကို သနားစိတ်ကလေးတော့ တစ်ချက်ဝင်သွားမိသည်။ သူ့ခမျာလည်း နာမည်ကြီး





ကြော်ငြာဒါရိုက်တာတစ်ယောက်အဖြစ်နဲ့ နေရာအတော်ရကာလူတိုင်းရဲ့ အလေးထား နေရာပေးခြင်းကို ခံနေရပေမယ့်လည်း သူငယ်လေးတစ်ယောက်ပဲမို့ ယောက္ခမလောင်းတွေနဲ့ တွေ့ရတဲ့အခါ ကြောက်ရှာမှာပဲ။

ခက်ဖြာညီမှာက ဖေဖေရယ်၊ မေမေရယ်၊ မမသက်လျှာရီရယ်၊ မောင်လေး ထက်ဇာနည်ရယ် ဒါပဲရှိသည်။ ဒါတောင် အလုပ်ကို အရမ်းဂရုစိုက်သည့် မမ သူ့အလုပ်နဲ့လွဲအောင် ချိန်းထားပေမဲ့ အလုပ်က အရေးကြီးလို့ လှမ်းခေါ်တာမျိုးဆိုလျှင် ထွက်ချင် ထွက်သွားမှာ။ မောင်လေးကကျတော့လည်းငယ်နုစ်,နုစ်သားလေးပဲမို့ အစ်မလုပ်သူရဲ့ အိမ်ထောင်ရေးတွေဘာတွေကို သိပ်တော့စိတ်မဝင်စား။ သူ့ဘာသာ သူငယ်ချင်းတွေလာခေါ်လျှင် ဆော့ဖို့ လိုက်ချင်လိုက်သွားမည်။ ဆရာမလာခေါ်လျှင် စာသင်ဖို့ ပါသွားနိုင်သည်။

ထားတော့ မမသက်လျှာရီရော မောင်လေး ထက်ဇာနည်ရော ရှိကြတယ်ဆိုလျှင်တောင် ခက်ဖြာညီတို့ မိသားစုဟာ



www.burmeseclassic.com

www.burmeseclassic.com



(ကာယကံရှင် ခက်ဖြာညီကို ဖယ်ထား) စုစုပေါင်းမှ လေးယော
ပဲရှိတာ။

ခက်ဖြာညီ အလှည့်ကျလျှင် ရင်ဆိုင်ရမည့်သူ
အယောက်လေးဆယ်လောက်လည်း ဖြစ်နိုင်သည်။ ဒီလူဦးရေ
စာနယ်ဇင်းတွေနဲ့ တရားဝင်တွေ့ဆုံပွဲတစ်ခုမှာ တွေ့ရမည့်လ
ရေထက်များသည်။

မိန်းကလေးဖြစ်တဲ့ ခက်ဖြာညီတောင် ဒီလောက်
ရမှတော့ ယောကျ်ားလေးဖြစ်သည့် ချစ်လွန်းကိုကတော့ ဒီလော
အနေအထားကို ရင်ဆိုင်ပေတော့ပေါ့။

"သေချာအောင်လို့ ကိုးဆယ့်ကိုးကြိမ်မြောက် ထပ်မေ
မယ်၊ ယောက္ခမလောင်းကြီးတွေက သဘောကောင်းကြ
တယ်နော်၊ ကိုယ့်ကို ကောင်းကောင်းမွန်မွန်ပဲ ဆက်ဆံ
ပဲ မဟုတ်လား"

"သေချာတာပေါ့၊ ဖေဖေနဲ့မေမေက သဘောကောင်
တယ်၊ ခက်ဖြာတို့ မောင်နှမတွေ အိမ်ထောင်ဖက် ရွေ





လိုအပ်တဲ့အချက် ၄လေးချက်ပဲပြဋ္ဌာန်းပေးထားတယ်၊ အကျင့်
စာရိတ္တ ကောင်းရမယ်၊ တွေးခေါ်ဆင်ခြင်ဉာဏ် ရှိရမယ်၊
မိဘမျိုးရိုးကောင်းရမယ်၊ ပညာအသင့်အတင့် တတ်ရမယ်၊
ဒါပဲတဲ့။ ဆင်းရဲတာတို့ ဂုဏ်ဒြပ်မရှိတာတို့ ဘာညာတွေ
ထည့်မတွေးဘူးတဲ့"

အများစုသော မိဘတွေဟာ ပြောတုန်းကတော့
ဒီလိုပဲ ပြောကြတာပဲ။ သူတို့သားသမီးတွေဟာ ကုန်းကောက်စရာ
မရှိအောင် ဆင်းရဲသော၊ ငမွဲငတေတွေကိုတော့ ရာမလာလောက်
ပါဘူးဆိုသည့် မျှော်လင့်ချက်နဲ့ပေါ့။

တကယ်တမ်း ကိုယ့်သားသမီးက ဖွတ်ကလိဒင်္ဂါးနဲ့
ကြိုက်လာသည့်အခါကျတော့ ဘာဖြစ်တယ် ညာဖြစ်တယ် အသံ
ထွက်လာရော။

ဒါလည်း အပြစ်တင်လို့တော့ မရဘူးပေါ့လေ။
သားသမီးကို မကောင်းစားစေချင်သည့် မိဘ၊ နွမ်းပါးနစ်စေချင်သည့်
မိဘရယ်လို့တော့ ဘယ်ရှိပါ့မလဲ။ ကိုယ်က ဆွဲယူမြှင့်တင်ပေးနိုင်

www.burmeseclassic.com



တယ်ပဲထား သူတို့ဟာ သူတို့ ကိုယ့်အကူအညီယူစရာ မလိုလောက်အောင် ပြည့်စုံနေနှင့်ပြီးသား အခြေအနေမျိုးတော့ ပိုပြီးဖြစ်စေချင်တာပေါ့။

ခက်ဖြာညီ မိဘတွေ လိုချင်သည့် အချက်အလက်တွေလောက် ပြည့်စုံဖို့ ဆိုရင်တော့ ချစ်လွန်းကို့,က လုံးဝမပူပါ။ သူ့မှာရှိသည့် အရည်အချင်းတွေက အမှတ်တစ်ရာ မဟုတ်တောင် ဂုဏ်ထူးမှတ်လောက်တော့ ပေးနိုင်လောက်အောင် ပြည့်စုံပြီးသားဆိုတာ ကိုယ့်ဘာသာကိုယ် ယုံကြည်သည်။

ခက်နေတာက သူ့ရဲ့များပြားလှသော ဆွေမျိုးလုကြီးအတွက်ပင် တချို့မိဘတွေက ဆွေမျိုးတောင့်တင်းတာကို သဘောကျတတ်ကြပေမဲ့ တချို့မိဘတွေကျတော့ ကိုယ့်သမီးလေး အုပ်စုတောင့်တောင့် အသိုင်းအဝိုင်းထဲ ရောက်သွားလျှင် မျက်နှာငယ်မလား၊ အုပ်စုအင်အားနဲ့ ဝိုင်းအနိုင်ကျင့်ကြမလား၊ အနှိပ်စက်များ ခံရလေမလား စသည်ဖြင့် တွေးပူကာ သဘောမကျတတ်ကြ။





ခက်ဖြာညီ မိဘတွေက အိမ်ထောင်ကျပြီးတဲ့ အခါမင်း ငါတို့နဲ့ လာနေမလား၊ ဒါမှမဟုတ် သတ်သတ်အိမ်ခွဲနေကြမလားလို့ မေးဟောလျှင်ပင် ချစ်လွန်းကို့,မှာ ပြန်ဖြေစရာမရှိ။

အမွေ။ အမွေ။ အဘိုးမဆုံးခင်အထိတော့ (အဘိုးစိတ်ချမ်းသာဖို့ အစီကကျသည်လို့ အသံကောင်း ဟစ်ထားပေမဲ့) အမွေရဖို့အတွက် အဘိုးအိမ်မှာ ကပ်နေရဦးမှာပဲ။

အဘိုးရဲ့အမွေဆိုတာကလည်း (လူငါးဆယ်လောက်ဝိုင်းခွဲတာတောင်) တစ်ယောက် တစ်ယောက်ကို မနည်းမနောရဦးမှာမို့ အားလုံးက မက်ကြသည်သာ။

သိန်းရာနဲ့ချီသော ကိန်းဂဏန်းတစ်ခုကို တရားမျှတစွာရပါလျက် မမက်ဘူး ဆိုရအောင်တော့ ကိုယ်က ပါရမီရှင်လည်းမဟုတ်၊ အရူးလည်းမဟုတ်။ ဒီငွေပမာဏကို ဘယ်သူမဆိုလိုချင်ကြမှာပင်။

တအားချမ်းသာပြီးသား သူဆိုလည်းပဲ အလကားရရင်တော့ လိုချင်မှာပဲ။ ချစ်လွန်းကို့,တို့လို လုပ်ငန်းအရ အောင်



www.burmeseclassic.com

www.burmeseclassic.com



ခြင်ပေမဲ့ စီးပွားရေးအရတော့ ထိပ်ဆုံးတန်းဝင်ခွင့် မရှိသေးသော လူငယ်လေးတွေ အတွက်တော့ ဒီငွေဟာ ဘဝတစ်ခုတည်ဆောက်ဖို့ တော်တော်လေး အရေးပါသည်။

အဘိုး မရှိတော့ဘူး ဆိုလျှင်တော့ ကိုယ့်စိတ်နဲ့ ကိုယ့်သဘောပေါ့လေ။ ဒါကို ရှင်းလင်းပြောပြနေလျှင် တချို့မိဘတွေက သဘောပေါက်ချင်မှ ပေါက်မည်။ ကိုယ့်သမီးလေးကို အုံကျင်းကောင်းကောင်းနဲ့ မိသားစုထဲ ထည့်မပေးလိုက်ချင်တာနဲ့ အင်တင်တင် ဖြစ်ကုန်ကြရော။

"ကိုယ့်မိသားစုနဲ့ ပတ်သက်ပြီး ခက်ဖြာ မိဘတွေကို တအားကြီး ပြောမထားပါဘူး မဟုတ်လား"

"ပြောသင့်သလောက်တော့ ပြောထားရတာပေါ့၊ ကို,တို့ ဆွေမျိုးတွေကိစ္စက အသေးအဖွဲ ဂရုမစိုက်လောက်စရာမှ မဟုတ်တာ"

"တလွဲထင်ပြီး စိုးရိမ်နေကြမှာများလားလို့"

"ဒါတော့ မပြောတတ်ဘူးလေ"





"အရေးအကြောင်းဆို ကိုယ့်ဘက် ကာကွယ်ပေးနော်"

"အင်းပါ... သိပါတယ်။ သူ့အလှည့်ကျ ကြောက်တတ် [illegible]တာ၊ သူ့အိမ်လိုက်လာတုန်းကများ သူ့အမျိုးတွေ သူများကို ကြာကြာကြည့်ရ အကဲခတ်ရအောင် ရေကိုအကြာကြီး သွားချိုးနေပြီးတော့"

"ဆောရီးပါကွာ၊ အဲဒီနေက တမင် ရေအကြာကြီးချိုးတာ မဟုတ်ပါဘူး၊ ကိုယ်ရေချိုးဖို့ အားလုံးအဆင်သင့်ဖြစ်တော့မှ ရေပြတ်နေမှန်းသိလို့ အပေါ်တိုင်ကီကို ရေဖြည့်ဖို့အချိန် ပြန်စောင့်နေရလို့ပါ။ ပြီးတော့ သူတို့ထွက်ချောင်းကြမယ် ဆိုတော ညီပေမဲ့ ခက်ဖြာစိတ်ထဲ ဘယ်လိုမှ မနေဘူး ထင်မိလို့ပါ။ ဒီတစ်ခါ ခက်ဖြာ ကိုယ့်အိမ်ကို လိုက်တွေ့မယ်ဆိုရင် ချွေးတစ်ပေါက် မကျရအောင်၊ ရင်ခုန်သံတစ်ချက် မမြန်ရအောင် ကိုယ်ကာကွယ်ပေးမှာပေါ့"

အပြောကတော့ ချောနေတာပဲ။ တကယ်တမ်း ချစ်လွန်းကို အိမ်ကို လိုက်တွေ့မယ်ဆိုလျှင်တော့ သူကိုယ်တိုင်

www.burmeseclassic.com

www.burmeseclassic.com



မကာကွယ်ပေးနိုင်ခင်မှာတင် မထင်မှတ်သော တိုက်ကွက်တွေကို ရင်ဆိုင်ရမှာပဲလို့ ခက်ဖြာညီက သိသည်။ ဒါကြောင့် ကိုယ့်ဘာသာပဲ ဝမ်းစာပြည့်အောင် ကြိုတင်ပြင်ဆင်ထားရမည်လို့ သတိထားရလေသည်။

❧ ❋ ❧





အခန်းက တော်တော်ကျယ်ဝန်းသည်။ ပေအစိတ်အကျယ်အဝန်း ရှိတာမို့ ညေ့ခန်းတစ်ခန်း လုပ်ဖို့ဆိုလျှင် အတော်ချောင်ချောင်ချိချိရှိတာ။ ညေ့ခန်းရဲ့တစ်ခြမ်းကို ပုလဲလုံး ကျောက်လုံးတွေကို ရွှေရောင်ကြိုးနဲ့ စီထားသည့် ခန်းဆီးကဲ့လေးနဲ့ ကန့်ထားကာ တစ်ဖက်ခြမ်းမှာ ကွန်ပျူတာတစ်လုံး၊ စာအုပ်ဗီရိုများ၊ စာရေးစားပွဲ၊ အလူမီနီယံဗီရိုပုလေး စသည်ဖြင့် ပြင်ဆင်ထားတာမို့ စာဖတ်ခန်းသတ်သတ် ဖြစ်ပုံရသည်။

ညေ့ခန်းထောင့်မှာတော့ နှစ်ဆယ့်လေးလက်မ Sony Bravia တီဗီ၊ ဗီစီဒီ၊ ဒီဗီဒီ၊ စလောင်းရီစီဗာ၊ တီဗီဖိုက်ဘ်ရီစီဗာ စတာတွေ အစီအရီ ထပ်ထည့်ထားသည့် ကျွန်းဗီရိုကြီး အဲဒီဘေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖက်တစ်ချက်မှာ အလှအပ ပစ္စည်းလေးတွေ တင်ထားသည့် ဗီရိုပုလေးတွေက, ကပ်လျက်။

အနက်ရောင် လယ်သာဆိုဖာကြီးတွေက နိုင်ငံခြားဖြစ် စစ်စစ်မို ကြီးသာခန့်ညားကာ ထိုင်ရတာ အိစက်အဆင်ပြေလှသည်။

မီးခိုးပြာရောင် ကြမ်းခင်းကော်ဇောက ခြေဖဝါးတစ်ဝက်လောက် မြုပ်သွားအောင် နူးညံ့အိပွနေသည်။

အဲယားကွန်း အအေးဓာတ်က အေးစိမ့်နေကာ အဲယားဖရက်ရှ်နာ ရနံ့ကလည်း နှင်းဆီပန်းနံ့ စိမ့်စိမ့်ကလေး မွှေးသင်းနေသည်။

အခန်းရဲ့အပြင်အဆင်ကတော့ အဆင့်အတန်း ခပ်မြင့်မြင့်ထဲကပါပဲ။ ချစ်လှွန်းကိုတို့ မိသားစုဟာ ပစ္စည်းကောင်း သုံးတတ်သည် ဆိုတာကတော့ သိသာသည်။

သို့သော် အခန်းရဲ့ အဆင့်မြင့်မြင့် တင့်တယ်မှုကို ဖျက်လိုဖျက်ဆီး လုပ်နေသည့် အရာတွေကလည်း အများသား။





တီဗီကို အုပ်ထားသည့် တက်တင်းဇာစက အလယ်တည့်တည့်မှာ အချွန်းလေးကျရမည့်အစား ညာဘက်ခြမ်းကို တစောင်းကြီး ကျနေသည်။ တီဗီအောက်က ဗီစီဒီ၊ ဒီဗီဒီစက်တွေ ထားသည့်အပေါ်မှာ ဗီစီဒီ၊ ဒီဗီဒီခွေတွေက ပွစာကျဲ။ တီဗီ ဗီရိုပေါ်မှာလည်း သောက်ပြီးသား ကော်ဖီခွက်၊ ကျောပိုးအိတ်၊ ပိုက်ဆံအိတ်၊ ပီကေစက္ကူခွံ စသည်ဖြင့်။

ဆက်တီခုံတွေပေါ်မှာတော့ ဖတ်လက်စ ဖွင့်ထားသည့် ဝတ္ထုစာအုပ်၊ တပြန့်စီကြဲနေသည့်ဂျာနယ်၊ ချွတ်ပုံထားသည့် အနွေးထည်၊ စားလက်စ အာလူးကြော်အိတ်၊ တီဗီရီမုဒ်၊ နောက်ပြီတော့ ထူးထူးဆန်းဆန်း လျှပ်စစ်နဲ့ မုတ်ဆိတ်ရိတ်ရသော စက်ကလေးနဲ့ ဘီးတစ်ချောင်း ပါရှိနေသေးသည်။

ကြမ်းပြင်ပေါ်မှာလည်း ပစ္စည်းတွေက အစုံအလင်။ အပ်ချည်လုံးရှိသည်၊ ကတ်ကြေးရှိသည်၊ ဝက်အူလှည့်ရှိသည်၊ ဗီစီဒီခွေထည့်သည့်အိတ်နဲ့ အခွေတွေရှိသည်။ ဘာပစ္စည်းကိုအလှ အုပ်ခဲ့သလဲ မသိသော သိုးမွှေးစတွေ ရှိသည်။ သားရေကွင်း၊



www.burmeseclassic.com

www.burmeseclassic.com



ဘောလုံးတစ်လုံး၊ မွေးပွဲဝက်ဝံရုပ်တစ်ရုပ်၊ ခေါက်ပိုက်ဆံအိတ်အပြားလေးတစ်ခု။ ယပ်တောင် တစ်ချောင်း။

အောင်မယ်လေးလေး။ အမျိုးအမယ် စုံလိုက်တာနော်။ ဒီအခန်းထဲမှာ ပစ္စည်းအမျိုးစုံအောင် ချထားရမယ်လို့ တစ်ယောက်ယောက်ကများ တာဝန်ပေးထားလျှင်တောင် ခက်ဖြာတို့ ဒီလောက် စုံစုံစေ့စေ့ စဉ်းစားပြီး ချထားပေးနိုင်မှာမဟုတ်။

တစ်အိမ်လုံး ဖုန်တစ်မှုန်မှ မတင်အောင် ပစ္စည်းတွေ တစ်စင်တီမီတာလောက်တောင်မှ နေရာမရွေ့ရအောင်၊ အမှိုက်သရိုက်တွ အပြင်မှာ ဘယ်တော့မှ ရှိမနေနိုင်အောင် စက္ကန့်မလပ် ဂရုစိုက်နေတတ်သော မေမေ့ရဲ့လက်ရာ အိမ်ကြီးမှာ နေလာသည့် ခက်ဖြာ အတွက်ကတော့ ဒီအိမ်ရဲ့ ရှုပ်ပွနေမှုဟာ မျက်စိနောက် လောက်စရာပင်။

တစ်ဆက်တည်း ဒီအိမ်ရဲ့အိမ်ရှင်မ, ချစ်လွန်းကို အမေရဲ့ နေနိုင်လွန်းသည့် စိတ်ဓာတ်ကလည်း သြချလောက်စရာ ပါပဲ။





ဧည့်သည်ဖြစ်သည့် ခက်ဖြာညီကတောင်မှ ရှုပ်ပွနေသည့် ဧည့်ခန်းရဲ့အနေအထားအတွက် အားတုံ့အားနာကြီးလိုလို၊ ရှက်သလိုလို၊ မနေတတ် မထိုင်တတ်သလိုလို ဖြစ်နေပေမဲ့ အိမ်ရှင်(အခန်းရှင်)ဖြစ်သည့် ချစ်လွန်းကိုရဲ့အမေကတော့ သူ့အိမ်ဧည့်ခန်းဟာ ဆီဒိုးနားဟိုတယ်က အခန်းလို သန့်ရှင်းသပ်ရပ်နေသည့်ပုံမျိုးနဲ့ တစ်စက်ကလေးမှ ဟန်မပျက်။

"သမီးကို တီဗီမှာ မြင်ဖူးကတည်းက အန်တီက ပြောနေတာ၊ ဒီကောင်မလေး အောင်မြင်မယ်လို့၊ မျက်နှာလေးရော အမူအရာလေးရော ဘယ်လိုပဲရိုက်ရိုက် ဟန်မပျက်တတ်လို့လေ"

"ဟုတ်ကဲ့"

"သမီးက မော်ဒယ်လုပ်တာ သိပ်မကြာသေးပေမဲ့ အောင်မြင်တာ အရမ်းမြန်တယ်နော်၊ အဲဒါ အဓိက,က စန်း,ပဲ သိလား၊ တချို့တွေ ဘယ်လောက်ပဲ ကြိုးစား ကြိုးစား စန်း,မရှိရင် မအောင်မြင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ပြောပုံက ခက်ဖြာညီဟာ ကြိုးစားမှု မယ်မယ်ရရ မရှိပါဘဲ ကံဖေးမ,လို့ အောင်မြင်လာသည့်ပုံမျိုး ဖြစ်နေသည်။

ကုသိုလ်ကံ ဖေးမမှုပါတာလည်း ပါတာပေါ့။ ဒါပေမဲ့ ဒီနေရာထိရောက်အောင် ခက်ဖြာညီတို့ ဘယ်လောက်တောင် ကြိုးစားခဲ့ရသလဲ ကိုယ့်ဘာသာပဲ သိသည်။

ညဘက်အိပ်ချိန်ကို နည်းနည်းလေးပဲထားပြီး ပြည်တွင်းပြည်ပက မော်ဒယ်ရှိုးတွေ လေ့လာရ၊ နိုင်ငံတကာက ကြော်ငြာတွေကြည့်ရ၊ ဖက်ရှင်မဂ္ဂဇင်းတွေဖတ်ကာ ကိုယ်ရော ဘယ်လိုလေး ခေတ်မီလှပပြီး ကိုယ်နဲ့လိုက်ဖက်ညီအောင် ဝတ်ရမလဲ စဉ်းစားရ၊ ညစဉ် အင်တာနက်ကြည့်ကာ နောက်ဆုံးပေါ် ဖက်ရှင်ဒီဇိုင်းတွေနဲ့ အနုပညာလောက,က ထူးခြားဖြစ်စဉ်တွေကို လေ့လာရ။

တစ်ဖက်ကကျတော့ ကိုယ့်ရဲ့ခန္ဓာကိုယ်၊ အသားအရေ၊ ဆံပင်၊ လက်သည်းခြေသည်းကအစ အစဉ်လှပနေအောင် ထိန်းသိမ်းရသေးသည်။ အားကစားခန်းမတွေမှာ အနည်းဆုံး





တစ်နေ့ တစ်နာရီလောက် အချိန်ပေးပြီး သွားဆော့ရသလို အိမ်မှာလည်း တစ်နာရီလောက် ကိုရီယာလွှတ် လေ့ကျင့်ခန်းလုပ်၊ အေရိုးဗစ်က,ရ၊ အွဲဒီအပြင် နိုင်ငံခြားအကမျိုးစုံကိုလည်း အခွေတွေကြည့် ဆရာတွေခေါ်၊ သင်တန်းတွေတက်ကာသင်ရသေးသည်။ အသားအရေ ထိန်းသိမ်းရတာ၊ ဆံပင်ပြုပြင်ထိန်းသိမ်းရတာ၊ ခြေသည်းလက်သည်း အလှဆင်ရတာကလည်း အချိန်ကုန်မှုကုန်။

အဆိုးဆုံးက အနေအထိုင် ဆင်ခြင်ရတာပင်။ နေပူထဲ စိတ်လိုက်မာန်ပါ ထွက်လို့မရ။ ချောကလက်၊ မလိုင်၊ ထန်းလျက်ချောင်းကအစ အချိုကြိုက်လွန်းသော၊ ဝက်သားဆို အဆီအိအိ သုံးထက်သားမှ ကြိုက်တတ်ပြီး ဒံပေါက်၊ ထောပတ်ထမင်း၊ အိုက်စ်ခရမ်မ်၊ ဒိုမီနို၊ မစ်လ်ရှိတ်၊ ကော်ဖီ လက်ဖက်ရည်၊ ပုလင်းအအေးဘူး အအေးမျိုးစုံ အားလုံးကို ကြိုက်တတ်သော ခက်ဖြာညီတစ်ယောက် မော်ဒယ်လုပ်မည့် စိတ်ကူးကတည်းက အကြိုက်ဆုံး အစားအစာ အားလုံးကို စွန့်လွှတ်ခဲ့ရတာလည်း ကြာပြီ။



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကြီးမော်ဒယ်တစ်ယောက် ဖြစ်ဖို့ဆိုတာက လည်း နာမည်ကြီး မော်ဒယ်အေဂျင်စီတစ်ခုက သင်တန်းဆင်း လိုက်ရုံနဲ့ နတ်ရေကန်ထဲ ပစ်ချသလို ဝုန်းခနဲ ကောက်ကာငင်ကာ ဖြစ်လာတာမှ မဟုတ်တာ။

သင်တန်းဆင်းပြီး ရှိုးလေးတစ်ပွဲနှစ်ပွဲလောက် အစမ်း သဘော လျှောက်ခွင့်ရချိန်မှာ ကိုယ်ဟာ အားလုံးထဲ အထင်ပေါ်ဆုံး ဖြစ်အောင် ကြိုးစားရသေးသည်။ ကြော်ငြာဒါရိုက်တာတွေ၊ ရှိုးပွဲ စီစဉ်သူတွေ ကိုယ့်ကိုမျက်စိကျလာအောင်လည်း လုပ်ပြသေးသည်။ အနည်းဆုံး မဂ္ဂဇင်းမျက်နှာဖုံး၊ ဂျာနယ်အဖုံး၊ ပြက္ခဒိန်တွေမှာ ပါခွင့်ရအောင် အကပ်အရပ် ရှာရသေးသည်။ ကြော်ငြာလေးတစ်ခု လောက်များ လာအပ်ပြီဆိုလျှင် သူများထက်ထူးအောင်၊ ပေါက် အောင် ဘယ်လိုဝတ်ရမလဲ၊ ဘယ်လိုသရုပ်ဆောင်ရမလဲ ဆိုတာ နေ့ညမပြတ် စဉ်းစားရသည်။

အို ... ပြောရမယ်ဆိုလျှင်တော့ မော်ဒယ်တစ်ယောက် အဖြစ် လူသိများလာဖို့ ကြိုးစားခဲ့ရတာ၊ ပေးဆပ်ခဲ့ရတာတွေက





အများကြီးပါပဲ။ "စန်း"ဆိုသည့် ကုသိုလ်ကံအကြောင်းတရား လေး တစ်ခုတည်းတော့ မဟုတ်။

ထားတော့။ ဒါတွေကို အကျယ်ချဲ့ မပြောတော့ပါဘူး။

ချစ်လွန်းကိုရဲ့အမေ ကြည့်ရတာတော့ ခက်ဖြာညို့ကို နှိမ်လိုက်တာထက်စာလျှင် မြှောက်ပင့်ပြောဖို့ ကြိုးစားရင်းက အပြောမတတ်တော့ ဆဲသလို ဆိုတာမျိုး ဖြစ်သွားတာပဲ ထင်ပါရဲ့။

"သမီးနဲ့ သားကတော့ လိုက်ပါတယ်၊ သူ့မိန်းလေးက နာမည်ကြီးမော်ဒယ်၊ သားက နာမည်ကြီး ကြော်ငြာဒါရိုက် တာ၊ နေနဲ့လ ရွှေနဲ့မြပဲ"

ဒီကဖြင့် သူ့သားကို ကြော်ငြာဒါရိုက်တာဆိုပြီး မျက်နှာလုပ် ပွဲကပ်ရင်းက ရည်းစားဖြစ်ခဲ့ရတာမျိုး မဟုတ်ရပါ ဘူးနော်။ တစ်ယောက်ကို တစ်ယောက် ဘယ်သူဘယ်ဝါမှန်း သိသေးဘဲ အပြင်မှာတွေ့၊ တီတီတာခိုး စွဲလမ်းငြိတွယ်ပြီးကာမှ အလုပ်ချင်း နီးစပ်ပတ်သက်နေမှန်း သိရတာ။



www.burmeseclassic.com

www.burmeseclassic.com



ပြောရင် ရယ်စရာကောင်းကောင်းသေး။ တစ်ယောက်နဲ့တစ်ယောက် တွေ့ကြ၊ ရင်တွေခုန်ကြ၊ တရင်းတနှီး ပြောဆိုဖြစ်ကြပြီး ချစ်လွန်းကိုဘက်က ဖွင့်ပြောလုဆဲဆဲ၊ ခက်ဖြာညီဘက်ကလည်း သူ ဖွင့်ပြောတော့မှာကို ကြိုသိထားပြီး သူဖွင့်ပြောတာနဲ့ တစ်ပြိုင်နက်တည်း ခေါင်းညိတ်ပစ်လိုက်ဖို့ အဆင်သင့်ပြင်ပြီးသား။

အဲဒီလိုအချိန်မှာမှ ကြော်ငြာတစ်ခုရိုက်ဖို့ ကမ်းလှမ်းခံရသည်။ ကြော်ငြာရိုက်မည့်နေ့မှာ ဒါရိုက်တာနဲ့ မိတ်ဆက်လည်း ပေးလိုက်ရော။ ဟော ...။

အဖြစ်က အဲဒီလို။ မကြာခင်မှာ ချစ်သူဖြစ်ဖို့ အသင့်ရှိနေသူ နှစ်ယောက်ဟာ ကြော်ငြာရိုက်ကွင်းတစ်ခုမှာ ဆုံတော့မှပဲ ကြော်ငြာဒါရိုက်တာနဲ့ မော်ဒယ်မှန်း အချင်းချင်းသိရတော့သတဲ့။

ချစ်လွန်းကို အမေ ဒေါ်ယုယုခိုင် ပြောသမျှကို ခက်ဖြာညီက စိတ်ထဲကနေ တုံ့ပြန်နေမိပြီးမှ ကိုယ့်ကိုယ်ကိုယ် ရယ်ချင်လာသည်။





ဒါ့နှယ်နော်။ ကိုယ့်ယောက္ခမလောင်းကြီး တစ်ယောက်လုံးကို ပြန်ပြီးခံ,ခံပက်နေလိုက်တာ၊ တော်သေးတယ်။ လူမျိုးပေါင်းစုံနဲ့ ပြောဆိုဆက်ဆံနေကျမို့ ပါးစပ်ကလေးပိတ်ပြီး ပြုံးနေတတ်တဲ့အကျင့် ရနေပေလို့သာ။ ပါးစပ်သာဖွင့်ပြီး စိတ်ကူးကို လက်တွေ့အကောင်အထည် ဖော်မိလို့ကတော့ အိမ်ထဲက ကန်ထုတ်ခံရပြီ။

"သမီး လွတ်လွတ်လပ်လပ်သာနေနော်၊ အန်တီတို့မိသားစုကတော့ ဘာဟန်ဆောင်မှုမှ မရှိဘူး၊ အားလုံး ကိုယ့်စိတ်ကြိုက် ကိုယ်နေပဲ၊ အနေကျူ့စရာ မရှိဘူးသိလား"

"ဟုတ်ကဲ့"

"ဪ ... သမီးက ထမင်းမစားခင် အအေးတို့ ကော်ဖီတို့ တစ်ခုခု သောက်ဆို သောက်နိုင်သေးလား၊ အန်တီတို့အိမ်မှာကတော့ ကြိုက်တာ ကြိုက်တဲ့အချိန်သောက်၊ ထမင်းစားရင်လည်း ကြိုက်တဲ့အချိန်ဝင်ပြီး ခူးခပ်စားသွားပဲ၊ မိသားစုလေးယောက်က အလုပ်ကိုယ်စီနဲ့ဆိုတော့ ဆုံခဲတယ်

www.burmeseclassic.com



လေ၊ အကြောင်းတစ်ခုခုရှိလို့ သေချာချိန်းမှပဲ မနည်းဆုံ ကြရတာ"

ကြည့်ရတာတော့ စည်းလွတ်ဝါးလွတ် နေချင်သလို နေ၊ စားချင်သလိုစား ဆိုတဲ့ လူဖားမျိုးတွေ ထင်ပါ့။

ချစ်လွန်းကို,က သူ့မိသားစုအကြောင်း ပြောဖူးသည်။ ဒါပေမဲ့ သူ ပြောသမျှဟာ သူ့အမေ ပြောသလောက် ကွက်ကွက် ကွင်းကွင်း ပီပီပြင်ပြင်မရှိ။

သူ့အမေကြီး ပြောမှပဲ ဒီအိမ်ကလူတွေရဲ့ ထင်တိုင်း ကြံစရိုက်က ပီပြင်တာ။

ခက်ဖြာညီတို့ အိမ်မှာဖြင့် ဒီလိုမဟုတ်ပေါင်။ တစ်ခါ တစ်ရံ အလုပ်မှာ ညစာစားပွဲတွေ၊ ဧည့်ခံပွဲတွေနဲ့ အိမ်ပြန်နောက် ကျတတ်သော ဖေဖေကလွဲလျှင် ကျန်လူအားလုံးဟာ သတ်မှတ် ထားသော အချိန်ပိုင်းအတွင်း ထမင်းလက်ဆုံ စားရသည်။ တစ် ယောက်ယောက်က အကြောင်းတစ်ခုခုကြောင့် နောက်ကျလျှင် (ဥပမာ ... မောင်လေး ကျူရှင်က အချိန်ပို ခေါ်တာမျိုး၊ ခက်ဖြာ





ညီ ရိုက်ကွင်းအပြီး နောက်ကျတာမျိုး)လည်း ကျန်လူတွေက စောင့်ရသည်။

ဖေဖေတောင်မှ တစ်လမှာ ပွဲရှိသည့် သုံးလေးငါး ရက်ကလွဲလို့ ကျန်သည့်ရက်တွေမှာ မိသားစုထမင်းဝိုင်းထဲ မပါ မနေရ။

မိသားစုဝင် တစ်ယောက်ယောက်ဟာ တစ်ခုခုလုပ် တော့မည်ဆိုလျှင် ကျန်သုံးယောက်ကို မဖြစ်မနေ အသိပေးတိုင် ပင်ရသည်။

သဘောတူတာ မတူတာ အသာထား၊ ကိုယ်လုပ်တာ ကို အိမ်သားတွေတော့ မသိ မရှိစေရ။

ကိုယ့်မိသားစုရဲ့ ဓလေ့စရိုက်ဟာ ကောင်းလှပြီ။ မှန်လှပြီလို့ မသတ်မှတ်ချင်ပေမဲ့ မေမေ့ရဲ့ ထရိန်နင်အောက်မှာ နှစ်ပေါင်းနှစ်ဆယ်ကျော် နေလာခဲ့ရပြီးသူတစ်ယောက် အနေနဲ့ ချစ်လွန်းကိုတို့ မိသားစုပုံစံကို စိတ်ပျက်မိတာကတော့ အမှန် ပင်။



www.burmeseclassic.com

www.burmeseclassic.com



“ဒီနေ့ကတော့ အားလုံးကို အထူးချိန်းထားတာလေ၊ သမီး အန်ကယ်ရော မမရော ထမင်းစားချိန်အမီ ပြန်ရောက်လိမ့်မယ်”

“ဟုတ်ကဲ့”

“သားကပြောတော့ သမီးက အစားအသောက် သိပ်ဂရုစိုက်ရတာဆို၊ ဒီတစ်နေ့တော့ ဖရီးထားလိုက်နော်။ အန်တီက အချက်အပြုတ်တော့ သိပ်ဝါသနာပါတာ သမီးရဲ့၊ သမီးကို ထမင်းဖိတ်ကျွေးမယ် ဆိုတော့ စိတ်တိုင်းကျ လက်စွမ်းပြထားတာ၊ သမီးက မစားဘဲနေရင် စိတ်မကောင်း ဖြစ်ရလိမ့်မယ်”

သူ့ အပင်ပန်းခံရကျိုးနပ်အောင် ခက်ဖြာညီကတော့ ကိုယ့်ရဲ့ စွဲမြဲနေသော ခလေ့ထုံးစံကို ချိုးဖောက်ပေတော့ပေါ့လေ။

“သမီး ကြည့်ရတာ အိမ်မှာ နည်းနည်းအနေရခက်နေတယ် ထင်တယ်၊ ဘာမှမဖြစ်နဲ့နော်၊ ကိုယ့်အိမ် ကိုယ့်ရာလိုပဲနေ၊





သမီးကို မိသားစုဝင်တစ်ယောက်အနေနဲ့ ကြိုဆိုချင်လို့ တမင် အိမ်ထောင် အထူးတလည် သိမ်းမထားတော့တာ နောင်ဆိုလည်း အန်တီတို့အိမ်ရဲ့ နေပုံထိုင်ပုံနဲ့ သမီးက ရင်းနှီးကျွမ်းဝင်ရမှာပဲ မဟုတ်လား”

“ဟုတ်ကဲ့”

“မေမေတို့ ဘာတွေပြောနေကြတာလဲ”

အဝတ်အစား လဲဦးမည်ဆိုသည့် အကြောင်းပြချက်နဲ့ ပျောက်ကွယ်သွားခဲ့သော ချစ်လွန်းကိုက စကားဝိုင်းထဲ ဝင်ရောက်လာသည်။

အိမ်နေဝတ် တီရှပ်အညိုနုရောင်နဲ့ ချည်ပုဆိုးကွက်လေး ဝတ်ထားသော ချစ်လွန်းကိုရဲ့ ပုံစံလေးက လန်းလန်းဆန်းဆန်းလေးနဲ့ ချစ်စရာ။

ဒီလူသားလေး တစ်ယောက်တည်းရဲ့ မျက်နှာနဲ့ သူစိမ်းအသိုင်းအဝိုင်း တစ်ခုထဲ မျက်စိမှိတ် ထိုးဝင်ဖို့ စိတ်ကူးမိတာဟာ မိုက်မဲလွန်းရာများ ကျနေမလား။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကြီးတော့လည်း မဟုတ်သေးပါဘူးနော်။ အိမ်ထောင်ပြုတယ် ဆိုကတည်းက စိမ်းသက်သော မိသားစုနှစ်ခု တစ်ဆက်တည်း ပေါင်းစပ်လိုက်တာပဲ။ ဆွေတော် မျိုးတော် အချင်းချင်းပဲ ပြန်လက်ဆက်ကြတာများသည့် တော်ဝင်မိသားစု တွေကလွဲလျှင် အိမ်ထောင်အများစုဟာ တစ်ဖက်နဲ့တစ်ဖက် မတွေ့ဖူး မရင်းနှီးဖူးကြဘဲနဲ့ ရုတ်တရက် ပေါင်းစပ်လိုက်ရတာ ချည်းပဲ။

သည်းခံစိတ်တော့ လိုတာပေါ့။ ဒီပွဲရဲ့ အဓိကဇာတ်ဆောင်တစ်ယောက် အနေနဲ့ နှစ်ဖက်စလုံးကို ညှိပေးဖို့ဆိုလျှင် နှစ်ဖက်စလုံးကို နားလည်မှုရှိကာ သည်းခံခွင့်လွှတ်ပေးနိုင်ဖို့ လိုလေသည်။

❧ ❋ ❧





"အိမ်ကဟင်း မကောင်းလို့ပေါ့၊ ညည်းတို့ဆီမှာ ဘာများ ခံတွင်းလိုက်စရာလေး ရှိမလဲလို့"

"သြော် ... မမတင့်၊ လာလေ၊ အိမ်မှာတော့ ဟင်းစုံနေတာပဲ၊ ငါးသလောက်ပေါင်း၊ ဝက်သားနီချက်၊ ပုစွန်ဆီပြန်၊ ဆိတ်သားခါးပတ်၊ ငါးဖယ်သုပ်၊ အစိမ်းကြော်၊ ငါးခေါင်းဟင်းချို၊ ငါးပိချက်ကောင်းကောင်းနဲ့ တို့စရာအစုံပါ ရှိတယ်"

"ဟဲ့ ... ချက်လှချည်လား"

"ဒီမှာလေ ... ရှယ်ညွှန့်သည် ထမင်းစားဖိတ်ထားတာ"

"တစ်ယောက်တည်းကိုများဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှယ်ညှော်သည်ပါဆို၊ သူ ဘာကြိုက်တတ်သလဲ သေချာမသိတော့ အစုံချက်ထားရတာ"

တံခါးပင် မခေါက်ဘဲ အခန်းထဲ မြန်းစားကြီးဝင်ချလာကာ သူများတကာကိစ္စထဲ ဝင်ရောက်စွက်ဖက် စပ်စုတော့မည့်ပုံရှိသော အမျိုးသမီးကြီးကို ခက်ဖြာညီက တွေ့တွေ့ချင်းပဲ မနှစ်မြို့သလို ခံစားရသည်။

"ဒါဆိုရင်တော့ ငါတစ်ယောက် ပိုလာလို့ ဘာမှမထူးဘူး၊ လက်ဆုံဝင်စားမယ်နော်၊ ညှော်သည်နဲ့လည်း ရင်းနှီးရအောင်"

"ကောင်းတာပေါ့ မမတင့်ရဲ့၊ ထမင်းလည်း အများကြီးပိုတယ်၊ ဝင်သာစား"

ချစ်လွန်းကိုရဲ့အမေ ဒေါ်ယုယုခိုင်ကတော့ ဝမ်းသာအားရကြီးကို ဖိတ်တာပင်။ မမတင့် (ဒေါ်တင့်တင့်လို့ပဲ ထားလိုက်) ဆိုသည့် အမျိုးသမီးကြီးက သူတို့နဲ့ ဘယ်လောက် သွေးရင်းပြီး ဒီအိမ်ကို တံခါးမရှိ ဓားမရှိ ဝင်ထွက်နိုင်သလဲ ဆိုတာတော့မသိ။ ဒါပေမဲ့ လောလောဆယ်တော့ ခက်ဖြာညီက ဒီအိမ်ရဲ့ညှော်သည်





(သူတို့အခေါ်အရ ရှယ်ညှော်သည်)ဆိုတော့ကာ ခက်ဖြာညီရဲ့သဘောတူညီမှုကို မတောင်းဘဲ နောက်ထပ်ညှော်သည်တစ်ယောက် ထပ်ဖိတ်တယ်ဆိုတာ ဖောင်းလ်တာပဲ။ ဒါဟာ အိမ်ရှင်အကျင့်သိက္ခာ (အိမ်ရှင့်ကျင့်ဝတ်ကို ပြောတာ)နဲ့ မညီတာပဲ။

"ကြီးကြီးတင့်ကို မိတ်ဆက်ပေးရဦးမယ်၊ ဒါက ကျွန်တော့်ရဲ့ ... ဟဲ ဟဲ"

ချစ်လွန်းကို စကားတောင် မဆုံးလိုက်။ ဒေါ်တင့်တင့်က မျက်ခုံးမွေးထူထူကြီးတွေကို ပင့်တင်လိုက်ကာ ...

"သိပြီးသားဟေ့၊ မဏ္ဍပ်တိုင် လာတက်ပြမနေနဲ့၊ မင်းကောင်မလေးက နာမည်ကြီး ကြော်ငြာမင်းသမီး ခက်ဖြာညီဆိုတာ ငါတို့တစ်အိမ်လုံး သိတယ်"

"ဟဲ ... ဟဲ ... ဟဲ"

ချစ်လွန်းကိုက စကားဆက်ပြောခွင့် မရတော့ပေမဲ့ ဂုဏ်ယူကျေနပ်သည့် လေသံကြီးနဲ့ ဟဲဟဲဟဲ ဆက်လက်ရယ်မောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခက်ဖြာညီကတော့ ဒေါ်တင့်တင့် ဆိုသည့် အမျိုးသမီးကြီးဟာ ချစ်လွန်းကိုရဲ့ရည်းစား ဘယ်သူဆိုတာ သိနေတာအပြင် ဒီနေ့ ခက်ဖြာညီကို အိမ်ခေါ်ပြီး လူကြီးတွေနဲ့ တွေ့ပေးမည်ဆိုတာကိုပါ သိထားသည်လို့ စွပ်စွဲချင်သည်။ ဒါကြောင့်သာ ကွက်တိကိုက်ပြီး ရောက်လာနိုင်တာ။

"ခက်ဖြာညီက ခုတလော အရမ်းနာမည်ကြီးလာတာပဲနော်၊ ကြော်ငြာတိုင်းလိုလို တွေ့နေရတော့တာပဲ"

"ဒီလောက်တော့လည်း မဟုတ်သေးပါဘူးရှင်"

"အို ... ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ အိမ်ကလူတွေအားလုံးက ခက်ဖြာညီကို သားကိုနဲ့ ပတ်သက်မှန်း သိနေကြတော့လေ၊ ခက်ဖြာညီ ကြော်ငြာတွေဆို ဂရုစိုက်ပြီးတော့ကို ကြည့်ထားကြတာ"

ခက်ဖြာညီက အတိုက်အခံ ငြင်းမနေတော့ဘဲ ခပ်ပြုံးပြုံးလေးသာ လုပ်နေလိုက်တော့သည်။

ထိုစဉ်မှာပဲ ...





"ကိုကို ကို ... ကိုကို ကို"

တံခါးက ခပ်ဟဟကလေး ပွင့်လာကာ ကောင်မလေးတစ်ယောက်က အခန်းထဲ ခေါင်းလေးပြူပြီး ချောင်းကြည့်ရင်း ခေါ်လိုက်တာပင်။

"ဘာလဲ၊ မိစူးလား၊ ငါ ဒီမှာရှိတယ်ဟ"

"ဟို ... မိစူးရှာခိုင်းတဲ့ ကက်တလောက် ရပြီလားလို့"

"အာ ... ရှာခိုင်းထားတာကဖြင့် ကြာလှပြီ၊ ငါ ရှာတွေ့လို့ ပေးမယ်ဆိုပြီး တင်ထားတာ၊ အခု ပြန်တောင်ပျောက်သွားပြီလား မသိဘူး"

"ပြန်ရှာပေးပါလား၊ မိစူး ဝင်လာခဲ့မယ်နော်"

ခွင့်တောင်းသံ အဆုံးမှာ ကောင်မလေးတစ်ယောက် စ်ခနဲ အခန်းထဲ ဝင်လာသည်။

ဆံပင်ကို နှစ်ဖက်ခွဲစည်းကာ ကလေးဆန်ဆန် မှာအဆက်ပါသော အဝါနုရောင်ဂါဝန်ကားကားကလေးကို တ်ထားသည့် ကလေးမလေး တစ်ယောက်။ အသက်က ခက်



www.burmeseclassic.com

www.burmeseclassic.com



ဖြာညီတို့နဲ့ သိပ်ကြီးကွာလှပုံ မရသော်လည်း ဝတ်စားပြင်ဆင်ပုံနဲ့ အမူအရာဟန်ပန်က ပီဘိအပျိုပေါက်စနလေး တစ်ယောက်နဲ့ တူနေသည်။

"ငါ မအားဘူး မိစူး၊ ဒီမှာ ညှော်သည်ရောက်နေတယ်"

မိစူး ဆိုသည့် ကောင်မလေးက အခုမှ ခက်ဖြာညီကို မြင်သလိုနှင့် လှမ်းကြည့်ကာ (တကယ်ကတော့ ဒီအခန်းထဲကို ဝင်မလာခင်ကတည်းက ခက်ဖြာညီ ရှိနေလိမ့်မည်ဆိုတာ ကြိုသိပြီးသား ဖြစ်လိမ့်မည်)။

"ဟယ် … မမခက်ဖြာညီ အလည်ရောက်နေတယ်၊ ဟုတ်လားဟင်"

ကိုယ့်ကို တရင်းတနှီးကြီး နှုတ်ဆက်လာတော့လည်း ခက်ဖြာညီက အားနာပါးနာ ပြုံးပြပေးလိုက်ရလေသည်။

"ကြည့်စမ်း … တိုက်တိုက်ဆိုင်ဆိုင်နော်၊ ဒီအခန်းထဲသာ ဝင်မလာမိရင် တွေ့လိုက်ရမှာတောင် မဟုတ်ဘူး၊ မိစူးက မမကို သိပ်ကြိုက်တာ၊ မျက်နှာလေးက ရှိုးရှိုးကြည်ကြည်





လေး၊ ဒါပေမဲ့ မာနရှိတဲ့ပုံလည်း ပေါက်တယ်၊ အဲဒါမျိုးကိုမှ ကြိုက်တာ၊ နောက်ပြီး စကားပြောတဲ့ အသံလေးကိုလည်း ကြိုက်တာပဲ၊ ဟိုကြော်ငြာလေ … ဟိုဟာ … ပါတိတ်ကြော်ငြာလေ၊ မြန်မာမိန်းကလေးတစ်ယောက် အနေနဲ့ကတော့ ရွှေယမင်းပါတိတ်ကို ဝတ်မှပဲ ဂုဏ်ယူနိုင်မှာပါ ဆိုတာလေ၊ နောက်တစ်ခု သွားတိုက်ဆေးကြော်ငြာမှာရောကင်မရာရှေ့ကို သွားဖြဲပြပြီး ဒီမှာကြည့်စမ်း ကလင်းတိသ်နဲ့ တိုက်ထားတဲ့ သွားလေးတွေ မလှဘူးလားဟင် ဆိုပြီး မေးလိုက်တာလေး အရမ်း အရမ်း ကြိုက်တာပဲ၊ နောက်ကြိုက်တာ ရှိသေးတယ်၊ ဟို သကြားလုံးကြော်ငြာမှာ"

"ကဲ … ကဲ မိစူး၊ ဒီမှာ နင်ရှာခိုင်းထားတဲ့ကက်တလောက်၊ သွား … ပြန်တော့"

"အောင်မယ် … မပြန်နိုင်ပါဘူးနော်၊ မိစူးကြိုက်တဲ့ မမနဲ့ တွေ့နေတာများ ဒီအတိုင်း ပြန်သွားစရာလား၊ အနည်းဆုံး အော်တိုလေးတော့ လက်မှတ်ထိုးခိုင်းဦးမှ"

www.burmeseclassic.com

www.burmeseclassic.com



"နောက်လည်း ရတာပဲကွာ၊ ခက်ဖြာညီက သူစိမ်းမှမဟုတ်တာ၊ နောက်လည်း ဒီကို ဝင်ထွက်သွားလာနေဦးမှာပဲ၊ အေးအေးဆေးဆေးမှ လက်မှတ်ထိုးခိုင်းလည်း ရပါတယ်ဟဲ့"

"ရပေမဲ့ အဲဒီအခါကျ ဖိလင်က တစ်မျိုးဖြစ်သွားပြီ၊ တွေ့တွေ့ချင်း ဝမ်းသာအားရ လက်မှတ်ထိုးခိုင်းလိုက်ရတာမျိုး ဟုတ်ချင်မှ ဟုတ်တော့မှာ"

အမျိုးမျိုးကို ဖြစ်နေတော့တာပဲ။ ဒီကလေးမလေးမျိုးဟာ အချီအချ ပြောနေရတာထက်စာလျှင် သူလုပ်ချင်တာကို ခပ်မြန်မြန် လုပ်ပေးလိုက်တာက ပိုအဆင်ပြေမည့် ပုံစံမျိုးလေး

"ရပါတယ် ... လက်မှတ်ထိုးပေးဆိုလည်း ထိုးပေးလိုက်မယ်လေ၊ စာရွက်နဲ့ ဘောလ်ပဲန်ပဲပေး"

"ဟေး ... ဒါမှ တို့မမကွ၊ ကြွားစရာတော့ ရပြီ၊ ကျောင်းမှာကြွားထားတာ၊ ခက်ဖြာညီက ငါ့ယောက်မလောင်း ... တော့ သူငယ်ချင်းတွေက မယုံကြဘူး၊ နင့်မှာ အော်...





ရေးခိုင်းထားတာလေးတောင် မရှိဘဲ ဘယ်လိုလုပ် ယုံရမလဲတဲ့၊ အခုတော့ သက်သေရှိပြီ၊ ချစ်သောယောက်မလောင်းလေးလို့ ခေါင်းစဉ်တပ်ပြီး ရေးပေးပါလားဟင်"

"အာ ... ဒါတော့ ဖြစ်မလား။ ကဲ ... ကြည့်ရေးပေးလိုက်ပါ ခက်ဖြာရယ်။ သူ့အလိုမှ မလိုက်ရင် ပြီးမှာကိုမဟုတ်တော့ဘူး"

"ဒါဆို နေဦးလေ၊ အော်တိုစာအုပ် သွားယူဦးမှပေါ့၊ အတော်ပဲ သိလား။ ပြီးခဲ့တဲ့ မွေးနေ့တုန်းက အော်တိုစာအုပ် အသစ်ကလေး လက်ဆောင်ရထားတာ၊ မမခက်ဖြာနဲ့ မင်္ဂလာရှိရှိ ဖွင့်ရတော့မယ်"

ခက်ဖြာညီက ဘာမှပြန်မပြောဘဲ ပြုံးရုံသာ ပြုံးနေလိုက်ရပါသည်။ ကိုယ့်ချစ်သူရဲ့ ညီမဝမ်းကွဲတစ်ယောက် အနေနဲ့ရော ကိုယ့်ပရိသတ်တစ်ယောက် အနေနဲ့ရော ဒါမျိုးလေးတွေကို သည်းမခံနိုင်လို့ မရဘူးလေ။

မိစုး ပြန်အလာကို စောင့်နေချိန်မှာပဲ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... သားကို၊ မင်း ငါ့ဟဲန်းဖုန်းထဲ ရင်း(ဂ်)တုံး အသစ်တွေ ထည့်ပေးမယ်ဆိုကွ၊ ဒီမှာ ငါယူလာပြီ"

ဆံပင်ကောက်ကောက်၊ မျက်နှာနီစပ်စပ်၊ နှာခေါင်း ထူပွပွနဲ့ လူတစ်ယောက်။ ချစ်လွန်းကို,ကို လာစကားပြောတာဖြစ် သော်လည်း မျက်လုံးက ခက်ဖြာညီ့ထံက မခွာ။

ဟွန်း။ ရုပ်ကြီးကြည့်တာနဲ့ ... ကြီးမှန်း သိသာလှ *သည်။ မျက်လုံးကြီးကိုက ခေါ်တောတစ်ထောင်အားကြီးနဲ့။*

"ဆောရီး ... ငါလာတာ အချိန်မသင့်ဘူး ဖြစ်သွားတယ် ထင်တယ်၊ မင်းတို့အိမ်မှာ ဧည့်သည်ရောက်နေတာလား"

"ဧည့်သည်"လို့ ယေဘုယျဆန်သော အသုံးအနှုန်း ကို သုံးလိုက်ပေမဲ့ ထိုဧည့်သည်ဟာ ဘယ်သူလဲဆိုတာ သူလည်း သိနေပုံပင်။ နောက်ပြီး ဒီနေ့ ဒီအချိန်မှာ ဒီနေရာကို ခက်ဖြာညီ ရောက်နေလိမ့်မည် ဆိုတာ သူလည်း မသိမဟုတ်၊ ကြိုကြိုတင် တင် သိထားပြီးသည့်ပုံ။ ဒါကြောင့်သာ အချိန်ကိုက်ပြီး တမင် တကာ အကြောင်းရှာ ရောက်လာတာလို့ ခက်ဖြာညီကတော့ စွပ်စွဲလိုက်ချင်တာပါပဲ။





"ရပါတယ်၊ ရင်း(ဂ်)တုံးကတော့ ခဏနေဦးလေဗျာ၊ အရေး မကြီးရင် ကိုဇော်ဖုန်း ထားခဲ့လိုက်၊ ညကျတော့ ကျွန်ုပ်တော် ထည့်ပေးမယ်၊ ဒါမှမဟုတ်လည်း ညကျမှ တစ်ခေါက်လာ ပေးမလား"

"ဒါတော့ မင်းသဘောပဲလေ၊ ကြီးကြီးတင့်လည်း ရောက် *နေတာကို၊ ဘာလဲ ... ထမင်းစား မကောင်းဖြစ်နေသလား [?]"*

ကိုဇော်က ထွက်မသွားသေးဘဲ ကြီးကြီးတင့်ကို စကားပြောသလိုလိုနဲ့ ခုံလွတ်တစ်လုံးမှာ ဝင်လာထိုင်သည်။ သူ့ဆန်းတာတစ်ခုက သူ ဘာစကားပဲပြောပြော၊ ဘယ်သူ့ကိုပဲ ဦးတည်ပြောပြော မျက်လုံးက ခက်ဖြာညီ့ဆီမှာပဲ မလွှဲမပြောင်း ရှိနေတာပင်။

အားနာစိတ်ကလေးများ မရှိတော့ဘူးလား။ သူဟာ ခက်ဖြာညီ့ကို ဘယ်သူလဲ၊ သူ့ညီနဲ့ ဘယ်လိုပတ်သက်သလဲ ဆို တာကို သိကိုသိနေပြီးသား ဖြစ်ရမှာ။ သိနေပါလျက် ဒီလိုပုံကြီး နဲ့ ကြည့်တယ်ဆိုတော့ ဘယ်လိုသဘောကြီးလဲ။ လွန်လွန်းမနေ ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



"သားကို၊ မင်းညွှ်သည်နဲ့လည်း မိတ်ဆက်ပေးပါဦး ကွ"

"ဘာလဲ ... ကိုဇော်က မသိသေးလို့လား"

"ငါကတော့ သိတာပေါ့၊ အဟီး ... သူက ငါ့ကိုသိသွားအောင်"

ချစ်လွန်းကို့က မကျေနပ်သည့် မျက်နှာအမူအရာတော့ ပြပါရဲ့။ ဒါပေမဲ့ သူ့အစ်ကို့ကို သိပ်လည်း လွန်ဆန်နိုင်ပုံ ရမချေ။

"ကောင်းပါပြီဗျာ၊ ဒါက ကျွန်တော့်ကောင်မလေး၊ ကိုဇော်ရဲ့ခယ်မလောင်းလေး ခက်ဖြာညီ ပါတဲ့၊ ခက်ဖြာ ... ဒါ ကိုဇော်ထက်တဲ့၊ ကိုယ့်ထက် သုံးနှစ်ကြီးတဲ့ အစ်ကိုပေါ့၊ ဝမ်းကွဲတွေထဲမှာတော့ ကိုယ့်အထက် သုံးယောက်မြောက် အစ်ကို၊ ကို့ပြောဖူးပါရော၊ ကိုယ်နဲ့ တော်တော်ဆင်တဲ့ မော်ထက် ဆိုတာ၊ အဲဒါ ကိုဇော်ရဲ့ညီ အငယ်ဆုံးလေ"

"အင်း"





ဘာတွေပြောလို့ ပြောနေတာလဲတော့ မသိ။ ခက်ဖြာညီကတော့ ကြည့်ကောင်းရုံလေး "အင်း" လိုက်တာကလွဲလို့ ဘာမှ စိတ်မဝင်စား။ ချစ်လွန်းကိုနဲ့ အိမ်ထောင်ကျပြီးလျှင် ဒီလို လူမျိုးကြီးကို မတတ်သာစွာ ပတ်သက်နေရမည့် အရေးကိုသာ တွေးတောရင်လေးလှသည်။

ကြာကြာတော့ စိတ်မောချိန် မရလိုက်။ အော်တို စာအုပ်ကလေးနဲ့ မိစူး ပြန်ဝင်လာ၍ပင်။ မိစူး တစ်ယောက်တည်းတော့ မဟုတ်။ သူမနဲ့အတူ ရွယ်တူကောင်မလေးသုံးယောက်၊ အန်တီကြီးနှစ်ယောက်ပါ ပါလာသည်။

နောက်ဆုံးတော့ ခက်ဖြာညီဟာ သူမရဲ့ပရိသတ်ပါ ဆိုသည့် ချစ်လွန်းကို အမျိုးတွေကြားထဲ နစ်မြုပ်သွားရတော့သည်။

❧ ❋ ❧



www.burmeseclassic.com

www.burmeseclassic.com



"မေမေက စေ့စပ်ပွဲအတွက် အသေးစိတ် တိုင်ပင်ချင်လို့တဲ့၊ အိမ်ကို ခဏလောက် လိုက်ခဲ့ပါဦးတဲ့"

ခက်ဖြာညီ အင့်ခနဲ ဖြစ်သွားရသည်။

"ချစ်လွန်းကိုရဲ့အိမ်" ဆိုတာကို ခက်ဖြာညီက တော်တော်ပဲ လန့်နေပြီ။

ချစ်လွန်းကိုတို့အိမ်ကို ပထမဆုံး တွေ့ဆုံမိတ်ဆက်သည့်သဘောနဲ့ တစ်ခါ၊ ချစ်လွန်းကို အဘိုးရဲ့မွေးနေ့တုန်းကတစ်ခါ၊ နှစ်ခါတိတိ ရောက်ဖူးသည်။

နှစ်ခါစလုံး ဝက်ဝက်ကွဲ။ ခက်ဖြာညီ ရောက်တာနဲ့ ပွဲဆူသွားလိုက်တာများ ပြောစရာကိုမရှိ။ ချစ်လွန်းကိုရဲ့အဒေါ်တွေ၊ အစ်မ ညီမ ဝမ်းကွဲတွေက ဘယ်လိုသဘောကျကြောင်း၊ ဘယ်





လောက်အထင်ကြီးကြောင်း၊ ဒီလိုလှအောင် ဘယ်လိုပြင်သလဲ၊ ဘာတွေသုံးသလဲ၊ ဘာအရောင်ကြိုက်သလဲ၊ ဘာအစားအစာကြိုက်သလဲ [illegible] တာများ။

တစ်ယောက်ချင်း အင်တာဗျူးတွေ၊ စာနယ်ဇင်းမိတ်ဆက်ပွဲတွေကို တက်ဖူးပေမဲ့ ဒီလောက် စုံတကာစေ့အောင် အမေးခံရတာမျိုးတော့ မကြုံဖူးပါဘူး။ (ဘယ်အချိန်မှာ အိမ်သာတက်သလဲ ဆိုတာကအစ အမေးခံရသည်။)

စီးတီးအက်ပ်အမ်မှာ နှာ်ထောင်နေကျ စကားအွန်လိုင်း အစီအစဉ်မှာတောင် ပရိသတ်အများကြီးက နာမည်ကြီးပုဂ္ဂိုလ်တွေကို ဝိုင်းမေးသည့် မေးခွန်းတွေဟာ ဒီလောက်မစုံ။

အူကြောင်ကြောင် တစ်ယောက်က မေးလာသေးသည်။ ရည်းစားရှိလားတဲ့။ သူ့အစ်ကိုမောင် တစ်ယောက်လုံးနဲ့ ရည်းစားဖြစ်ပြီးလို့ ယူတောင် ယူတော့မှာမို့ သူတို့အိမ်ကို ဆွေပြမျိုးပြတောင် ရောက်လာပြီးပြီ။ အဲဒီလိုလူကို ဒီမေးခွန်းမေးတာဟာ ရယ်စရာ မကောင်းလွန်းဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



မိန်းမသားထုက စပ်စု၊ စုံစမ်း၊ စစ်ဆေးသည့်အလုပ်ကို ထောင့်စေ့အောင် လုပ်ကြချိန်မှာ အမျိုးသားထုကတော့ ငမ်းကြောဝိုင်းထွက်ကြ၊ မျက်နှာလုပ်ကြတာ။

ခက်ဖြာညီဟာ သူတို့ညီ,အစ်ကိုရဲ့ ဇနီးလောင်းဆိုတာ သိရဲ့သားနဲ့များ သူတို့မို့ မျက်နှာရှုးရဲကြသေးသည်။ ဒီအမျိုးထဲမှာ ဒီလိုလူတွေများနေလို့ မိသားစုအင်အား ဒီလောက်တောင့်နေတာ ဖြစ်ရမည်။

နှစ်ကြိမ်ဆို, ဆိုသလောက်ပါပဲ။ ခက်ဖြာညီတို့ ကျောကော့နေအောင် ခံလိုက်ရသည်။ နောင်ဆိုရင် ချစ်လွန်းကိုတို့အိမ် ဆိုတာကို လိုက်ကိုမလိုက်ချင်တော့။

အဆင်မပြေဘူး ဆိုရအောင်ကလည်း ဘာကိုအဆင်မပြေဘူးလို့ ဖြေရှင်းပြောပြလို့မရ။ ချစ်လွန်းကို မိဘတွေကလည်း ခက်ဖြာညီကို ချစ်ကြ မက်မောကြသည့်ပုံ၊ ယောက်မလောင်းကလည်း စိတ်ရင်းနဲ့ကို ခင်မင်ဖော်ရွေတာ။ ဆွေမျိုးတွေကလည်း အားကျအထင်ကြီးနေလိုက်တာ။





နောက်ဆုံး ချစ်လွန်းကိုတို့ တစ်မျိုးလုံးကို သေဆိုသေ ရှင်ဆိုရှင် လက်ညှိုးထိုး စေခိုင်းနိုင်သော ချစ်လွန်းကိုတို့ အဘိုးကိုယ်တိုင်က ...

"တော်တော်ချောတဲ့ ကလေးမ,လေးပဲ၊ ငါ့မြေး ဖိုးကိုတို့တော့ ကံကောင်းတယ်ဟေ့"

အားရပါးရ တစ်ခွန်းပြောပြီး ခြေဆုံးခေါင်းဖျားစူးစူးကြီး စိုက်ကြည့်နေသေးပေရာ (မြေးအဘိုးအရွယ်ပင် ဖြစ်လင့်ကစား) ရင်ထဲ တစ်မျိုးကြီး ဖြစ်လိုက်ရသေးသည်။

ဒီလောက် ကိုယ့်အပေါ် လှိုက်လှိုက်လှဲလှဲ ထောက်ခံအားပေးကြသည့် မိသားစုကိုမှ သဘောမကျဘူး ဆိုလျှင်လည်း ခက်ဖြာညီ အပြစ်ပဲ ဖြစ်တော့မည်။

တစ်ခါတစ်ခါကျတော့လည်း ချစ်လွန်းကိုတို့မိသားစုကို ငါ ဘာကြောင့် မနှစ်မြို့နိုင် ဖြစ်ရသလဲလို့ ကိုယ့်ကိုယ်ကိုယ် ပြန်စစ်ဆေးကြည့်မိသေးသည်။ ဘာရယ်လို့ အကြောင်းမယ်မယ်ရရ မရှိ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာ သူတို့တွေရဲ့ သဘောထားဟာ ရိုးသားမှု မရှိဘူးလို့ အလိုလို ခံစားနေမိလို့လည်း ဖြစ်ချင်ဖြစ်နိုင်သည်။ ဒါဟာ ခက်ဖြာညီရဲ့ တစ်ဖတ်သက် ခံစားချက်ပဲလည်း ဖြစ်နိုင်ပါသည်။

ဘာပဲပြောပြော သူတို့တစ်တွေရဲ့ တရှန်းရှန်း တဝုန်းဝုန်း၊ တစ်ယောက် တစ်ပေါက်ပေါ့ ကြားထဲမှာ မနေချင်တာသော့ အမှန်ပင်။

"စေ့စပ်ဖို့ကိစ္စက ကို့တို့ဘက်ကလည်း ကို့တို့ဘာသာ တိုင်ပင်၊ ခက်ဖြာတို့ဘက်ကလည်း ခက်ဖြာတို့ဘာသာတိုင်ပင်၊ နောက်ပြီးကျတော့မှ ခက်ဖြာနဲ့ ကို့နဲ့ ပြန်ညှိ၊ အဲဒီလိုလုပ်လည်း ရတာပဲ"

"အဲဒီလို ရတာတော့ ဟုတ်တာပေါ့။ ဒါပေမဲ့ အချိန်ကုန်မယ်၊ ကို့တို့အားလုံး ဒီလောက် အချိန်မရကြဘူးလေ၊ စေ့စပ်ပွဲလုပ်ဖို့ သတ်မှတ်ထားတဲ့ ရက်ကလည်း နီးနေပြီ မဟုတ်လား"





"အင်း ... အဲဒါလည်း ပြောရဦးမယ်၊ ဖေဖေက စေ့စပ်ပွဲရက်ကို ရွှေ့စေချင်နေတယ်"

"ဟင် ... ဘာဖြစ်လို့လဲ၊ အဘိုးက ဒီလောက် သေသေချာချာ နေ့ကောင်းရက်သာ ရွေးပေးထားတာကို စေ့စပ်ပွဲရက်ရွေးပေးတဲ့ ဆရာကြီး သုဓမ္မရာဇာ ဆရာကောက်ဆိုတာ တော်ဝင်နန်းသုံးဆရာကြီးပဲ၊ အဘိုးက ဆရာကြီးကို သိပ်အားကိုးတာ၊ အဲဒီနေ့ကိုမှ ပြောင်းမယ်ဆိုရင် အဘိုးက သိပ်စိတ်ဆိုးမှာပဲ"

"ဖေဖေ့အတွက်ကလည်း ပြဿနာဖြစ်နေတယ်၊ ဗန်ကောက်မှာလုပ်မဲ့ ဝပ်ရှော့ပ်တစ်ခု သွားတက်ပြီး အဲဒီနေ့ကို ပြန်ရောက်မရောက် မသေချာဘူး ဖြစ်နေတယ်၊ ဝပ်ရှော့ပ်က တစ်ရက်စောပြီးသွားရင်တော့ မဆိုးဘူး၊ တစ်ရက်နောက်ကျသွားရင် မနက်ပိုင်း အစည်းအဝေးတက်ပြီး ညနေရမဲ့ ဖလိုက်နဲ့ အမြန်ပြန်လာရမှာ၊ မီတယ်ဆိုရုံလေး၊ ဒါကြောင် အကြောင်းတစ်ခုခုနဲ့ လေယာဉ်နောက်ကျတာတို့ ဘာတို့

www.burmeseclassic.com



ဖြစ်ရင်သွားရော၊ လုံးဝကိုမီမှာမဟုတ်တော့ဘူး၊ ကို, စဉ်းစားကြည့်စမ်း၊ သူ့သမီးရဲ့ ဓေ့စပ်ပွဲကို အဖေတစ်ယောက်အနေနဲ့ ဝင်ပါခွင့် မရလိုက်ဘူးဆိုရင် ဘယ်လောက်ဆိုး‌ဝါးမလဲ"

"ဒါတော့လည်း ဒါပေါ့၊ ဒါပေမဲ့ ..."

"ဟိုဆရာကြီး ရွေးပေးတဲ့ နေ့ကောင်းရက်သာဆိုတာက တကယ်ဟုတ်မဟုတ် မသေချာပါဘူး ကို့,ရာ၊ ဗေဒင်ကိန်းခန်းနဲ့ကြည့်ပြီး နေ့ရွေးပေမဲ့လည်း အဆင်မပြေဖြစ်တာတွေ အများကြီး ရှိတာပဲ၊ ကြုံသလို ကျသလို မင်္ဂလာဆောင်လိုက်ပေမဲ့လည်း တစ်သက်လုံး ပြေပြေလည်လည်နဲ့ ထွန်းကားအောင်မြင်နေတဲ့ အိမ်ထောင်တွေလည်း မရေမတွက်နိုင်လောက်အောင်ပဲ"

"ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ အဘိုးရဲ့အစွဲကတော့ အစွဲပဲ၊ တကယ်လို့များ ကိုယ်တို့နှစ်ယောက်ကြားထဲမှာ ပြဿနာတစ်ခုခု ဖြစ်လာခဲ့ရင် နေ့လွဲလိုက်လို့ဆိုတဲ့ အဖြစ်ကြီးက ထောက်ကွက် ဖြစ်မလာနိုင်ဘူးလား"





"ပြဿနာတစ်ခုခု ... ဟုတ်လား၊ ကို့,က ဘယ်လိုပြောလိုက်တာလဲ၊ ကို့,အဘိုး ရွေးပေးတဲ့ရက် မဟုတ်လို့ မကောင်းဘူး ဆိုတာကို သက်သေပြချင်တာနဲ့ပဲ ခက်ဖြာတို့ကြားထဲမှာ ပြဿနာဖြစ်လာမယ်ဆိုတဲ့ စကားမျိုးကို ပြောပြီလား"

"ကျွတ် ... မဟုတ်တာကွာ၊ အဲဒီသဘောတော့ လုံးဝမဟုတ်ဘူး၊ ပြဿနာဆိုတာကတော့ ဘယ်နေရာမှာမဆို ရှိနိုင်တာပဲ မဟုတ်လား၊ အဲဒါကြောင့် ပြောတာပါ၊ ကိုယ့်ဘာသာဖြစ်တဲ့ ပြဿနာလေးကို တလွဲအတွေးခံနေရမှာစိုးလို့"

"ပြောလည်း ခက်ဖြာတို့ကတော့ ဂရုစိုက်မှာ မဟုတ်ဘူးနော်၊ တကယ်ကျတော့ မင်္ဂလာဆောင်တယ်ဆိုတာ လူနှစ်ယောက် အတူလက်တွဲနေထိုင်ပါပြီလို့ ပတ်ဝန်းကျင်ကို အသိပေးတဲ့ သဘောပဲ။ ဒီတော့ ဒီကိစ္စဟာ ကာယကံရှင်နှစ်ယောက်နဲ့ အဆိုင်ဆုံးပဲ၊ ဘေးလူတွေ ဝင်ပြီးစွက်ဖက်စပ်စု အမိန့်ပေးတာမျိုးက မဖြစ်သင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အမိန့်ပေးတာ စွက်ဖက်တာတော့လည်း မဟုတ်ဘူးပေါ့၊ အကြံပေးတဲ့ သဘောပါ"

…စကားကို ထိန်းထိန်းချုပ်ချုပ် ပြောလိုက်ရပေမဲ့ ချစ်လွန်းကို ရင်ထဲ ခပ်အောင့်အောင့်။ သူတို့မင်္ဂလာပွဲကိစ္စကို အကြီးအကျယ် စိတ်ဝင်စားပြီး ဟိုဝင်ပြော ဒီဝင်ပြော လုပ်နေသမျှ ဟာ ချစ်လွန်းကို ဘက်ကချည်းပဲ မဟုတ်လား။ အဲဒီလိုမဖြစ်သင့်ဘူး ဆိုတော့ သူ့ဘက်က အမျိုးတွေကို ဝေဖန်ပုတ်ခတ်လိုက်တာပေါ့။

ဘယ်သူ့မဆို ကိုယ့်ဆွေမျိုးကို အကြောင်းမဲ့ စော်ကားအပြစ်တင်တာတော့လည်း သိပ်မခံချင်ဘူးပေါ့။ ကိုယ့်ဘက်က လူတွေကလည်း စွက်ဖက်စပ်စုသည့်သဘော သက်ရောက်နေပေမဲ့ စေတနာကတော့ စေတနာပါပဲ။ ဒါလေးတစ်ခုတော့ နားလည်ခွင့်လွှတ်ပေးသင့်တာပေါ့။

"ခက်တယ် … ခက်တယ်၊ ကို့က သူတို့ဆွေမျိုး ဖြစ်နေတော့ ပြောရပြန်တော့လည်း မကောင်းဘူး၊ ကို့က ခက်ဖြာ





နေရာကနေ ဝင်မခံစားပေးနိုင်ရင် ခက်ဖြာပဲ လူဆိုးမကြီး ဖြစ်ရမှာ"

"ကို့ နားလည်ပါတယ်"

ပြောသာ ပြောလိုက်ရ ဘာကိုနားလည်ပေးရမလဲ ဆိုတာ ကိုယ့်ဘာသာတောင် သေချာမသိ။

စိတ်ထဲမှာ ဘာကိုပူပင်ရမှန်းမသိ တစ်ခုခုကို ပူပင်သာမိတာပဲရှိသည်။

"လောလောဆယ်မှာ လက်တွေ့ကျတာကိုပဲ စဉ်းစားကွာ၊ ဘာမှန်း ညာမှန်း မသိတဲ့ လူကြီးတစ်ယောက်ရဲ့ ဟုတ်လား မဟုတ်လား မသိတဲ့ တွက်ချက်မှုထက် တာရင် တကယ်ဖြစ်နေတဲ့ ခက်ဖြာတို့ရဲ့ အခက်အခဲကို ပိုပြီးဦးစားပေးသင့်တာပေါ့၊ မဟုတ်ဘူးလား"

"ခက်ဖြာကိုလည်း ကို့နားလည်ပါတယ်၊ ကိုယ့်ဘက်က အခက်အခဲကိုလည်း ခက်ဖြာ နားလည်ပေးဖို့ လိုလိမ့်မယ် ကို့တို့က တစ်သက်လုံး အဘိုးရဲ့သြဇာကိုနာခံပြီး အဘိုး



www.burmeseclassic.com

www.burmeseclassic.com



ကို ကြောက်လာရတာ၊ အဘိုး ပြောတဲ့ စကားတစ်ခွန်းကို
ပယ်ရှားဖို့ဆိုတာက ...”

ချစ်လွှန်းကို ပြောတာလည်း ဟုတ်တော့ အဟုတ်
သားပေါ့။ ဒါပေမဲ့ ဘာမှန်းမသိ ဗေဒင်ဆရာနဲ့ ရွေးထားတဲ့ရက်
ကြီးကိုယူပြီး ကိုယ့်အဖေတစ်ယောက်လုံး ကိုယ့်စေ့စပ်ပွဲနဲ့ လွဲချော်
မဲ့ကိစ္စတော့ ဘယ်သူက အဖြစ်ခံမှာလဲ။

အနိုင်နဲ့ ပိုင်းတာမျိုး မလုပ်ချင်ပေမဲ့ ဒီတစ်ခါတော့
ကိုယ့်ဘက်က အလျှော့ပေးလိုက်ဖို့ လုံးဝမဖြစ်နိုင်။ သူတို့ဘက်က
ကိုယ့်ကို ကြည်ဖြူဖို့လိုသည်ဆိုလျှင် ခက်ဖြာညီတို့ဘက်ကလည်း
ချစ်လွှန်းကို့ကို အမြင်ကြည်ဦးမှ ဖြစ်မှာပေါ့။ ဟိုဘက်က ဆွေမျိုး
အင်အားတောင့်တာနဲ့ပဲ သူတို့ရဲ့ တစ်ယောက်တစ်ပေါက် အသံ
အမိန့်တွေကိုချည်း နားထောင်လိုက်လျှော့ရမှာလား။ ကိုယ့်မိခင်
မောင်နမရဲ့ သဘောထားကိုလည်း ထည့်တွက်ဦးမှ ဖြစ်မှာပေါ့။

“ဒီမှာ ... နားလည်မှုဆိုတာကို ဘေးဖယ်ထား၊ ခက်ဖြာ
ဘက်က ကို့တို့ ရွေးထားတဲ့ရက်ကို ဘယ်လိုမှ မလိုက်





လျှော့နိုင်တာကတော့ သေချာတယ်၊ တကယ့်လို့ အဲဒီနေ့
မှ အဲဒီနေ့ဆိုရင်တော့ စေ့စပ်ပွဲနေ့ကျ ကို့တစ်ယောက်တည်း
ပဲ ပွဲထွက်ပေတော့”

ချစ်လွှန်းကို တအံ့တဩနဲ့ ကြောင်ငေးမှင်တက်နေ
မှာပဲ ခက်ဖြာညီက စကားကိုဖြတ်ကာ ထ,ထွက်လာခဲ့တော့
သည်။

❧ ❋ ❧



www.burmeseclassic.com

www.burmeseclassic.com



ခက်ဖြာညီတို့ဘက်က သဘောအတိုင်း ရွေးချယ်လိုက်သည့် နေ့ရက်မို့ပဲလား မသိ၊ စေ့စပ်ပွဲကို ချစ်လွန်းကိုရဲ့ အဘိုး မတက်ရောက်ပါ။ (ချစ်လွန်းကို ပြောစကား အရတော့ အဘိုးက အဲဒီမတိုင်ခင် တစ်ရက်ကမှ ရေချိုးမှားကာ အဆုတ်အအေးမိပြီး ဖျားသတဲ့။)

ထားတော့။ ဒီလောက်လေးကိုတော့ ခက်ဖြာညီက ဂရုမစိုက်။ တကယ်စိတ်ညစ်ရတာက ...

"ဝေး ... ဟေး ... ဟေး"

စေ့စပ်ပွဲ ကျင်းပမည့် ခန်းမကို ကစားကွင်းနဲ့မှားပြီးတော့များ ရောက်လာလေသလားမသိ။ ချစ်လွန်းကို အစ်မ



မ်းကွဲကမွေးသည့် တုတုနဲ့ ပုပု ဆိုသည့် အမြွှာညီအစ်ကိုက ညာသံပေးကာ အပြေးအလွှား ဝင်လာကြသည်။

ခန်းမထဲရောက်တော့လည်း အေးအေးမနေ။ စားပွဲတွေကြားထဲမှာ တိုင်လုံးလေးတွေထူကာ တင်ထားသည့် ပန်းအိုးတွေ၊ အဝင်ဝမှာ အလှဆင်ထားသည့် ပန်းကုံးတွေကို အလုအယက် ပြေးဆွဲနေကြပြန်သည်။

"ဟဲ့ ... ဟဲ့ ... လုပ်ကြပါဦး"

အလှပြင်ခန်းထဲမှာ မိတ်ကပ်ပြင်ခံနေသည့် ခက်ဖြာညီဆီကိုလည်း အပြေးအလွှား ရောက်လာကြပြန်သည်။ သူတို့ကိုယ်သူတို့ လူရှိန်းကားတွေထဲက သရုပ်ဆောင်တွေများ မှတ်နေကြလားမသိ။

လူရှိန်းတွေ သားကောင်ကို ဖမ်းမိလျှင် တိုင်မှာကြိုးနဲ့တုပ်ချည်ထားပြီး ဝိုင်းပတ်က,ကြသလိုမျိုး ခက်ဖြာညီထိုင်နေသည့်ခုံကို ပတ်လည်ဝိုင်းကာ ပြေးလွှား နေကြပါလေရော။

www.burmeseclassic.com

www.burmeseclassic.com



မိတ်ကပ်မာမီစံက သူ့အလုပြင်ပစ္စည်းသေတ္တာနား ကလေးတွေ ပတ်ပြေးနေတာကို အလန့်တကြား ဖြစ်နေသည်။ ဟုတ်တော့လည်း ဟုတ်တာပဲ။ အကောင်းစား မိတ်ကပ်တွေ မျက်တောင်ကော့ဆေးတွေ၊ နှုတ်ခမ်းနီတွေ၊ ဒါတွေအားလုံးမပြေ နဲ့ တစ်ခုတလေလောက် ပျက်စီးသွားလျှင်တောင် သောင်းဂဏန် လောက်တော့ ဆုံးရှုံးမည်။

"ဟော့ ... ဒီမှာ လာပြီ၊ ဂျူးမုံကွ"

"အောင်မာ ... ငါကတော့ ကျန်ကျောင်းပဲ"

"ဟဲ့ ... ကလေးတွေ၊ အကျိုးနည်း ... လာကြပါဦး"

မာမီစံရဲ့ ဆံပင်တုအိတ်ကြီးထဲက ဆံပင်တုတချို့ကို ရှာဖွေတွေ့ရှိသွားကာ ခေါင်းမှာစွပ်ပြီး သူတို့ကိုယ်သူတို့ သိုင်း ကားထဲက သရုပ်ဆောင်တွေ နာမည်တပ်ကာ အော်ဟစ်ခုန်ပေါက် နေကြလေသည်။

"သွားပါပြီ ... သွားပါပြီ။ သူများပစ္စည်းတွေတော့ အားလုံ ပျက်စီးပါပြီနော်၊ ဒီကလေးတွေ ဘယ်သူမှ မတားကြတော့ ဘူးလား"





မာမီစံက ရင်ကွဲပက်လက် အသံကြီးနဲ့ အော်သည်။ ထိုအချိန်မှာတော့ မျောက်လောင်းလေး နှစ်ကောင်က မိတ်ကပ် လိမ်းသည့် စုတ်တံတွေထဲက ခပ်ကြီးကြီး နှစ်ချောင်းကိုကောက် ကာ ဓားချင်းယှဉ်ခုတ်သလိုမျိုး ခုတ်နေကြပြီ။

"ဟဲ့ ... ကလေးတွေ၊ သွား ... သွား ... အပြင်မှာသွား ဆော့ကြလေ"

"အောင်မယ်လေး၊ မိဘတွေကလည်း လိုက်မလာဘူးတော့ လွှတ်ထားလိုက်သေးတယ်"

မာမီစံ နှုတ်ခမ်းတစူစူနဲ့ အပြစ်တင်မယ်ဆိုလည်း တင်လောက်စရာပါပဲ။

ကိုယ့်ကိုယ်ကိုယ် ဂျူးမုံနဲ့ ကျန်ကျောင်းဟု အမည် တပ်ထားသော ကလေးနှစ်ကောင်ကား တကယ် ကိုရီးယားနဲ့ တရုတ်သူ့ရဲကောင်းတွေလိုပင် သူများဘာပြောပြောလည်း မမှု ကိုယ်မှန်တယ်ထင်ရာကို ခွဲကြီးကြီးနဲ့ ဇွတ်တိုးလုပ်ကြတော့မည့် ပုံပေါ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မိဘကမှ လွှတ်မထားဘူး၊ လိုက်လာတယ်၊ ဟိုဘက်ခန်းမှာ ခဏလေး ပြင်စရာရှိတာ ဝင်ပြင်နေလို့၊ သားတို့လာကြစမ်း၊ ဒီအဖိုးမတန်တဲ့ပစ္စည်းတွေ သူ့နေရာသူ ပြန်ထားလိုက်စမ်း၊ ဘာမှဟုတ်တဲ့ပစ္စည်းတွေ အတွက်နဲ့ ငါ့သား အဖိုးတန်လေးတွေကို ဗုံမဟုတ် ပတ်မဟုတ်တွေက အပြောခံရတာ ရင်နာတယ်"

စုံနေတာပဲ၊ စကားတစ်ခွန်းထဲမှာတင် သူ လိုက်မပါလာသည့် အကြောင်းရော၊ သူ့သားတွေကို အမွှန်းတင်တာရော၊ သူများပစ္စည်း ဖျက်ဆီးပြီးမှ နှိမ်ချတာရော၊ မာမီစံကို အခြောက်ဆိုပြီး စော်ကားသွားတာရော စကားလုံးအစုံပါသည်။

မာမီစံ ဆိုတာ ခက်ဖြာရဲ့ ပင်တိုင်အလှဖန်တီးရှင်။ အလှဖန်တီးရှင်လောကမှာတော့ အောင်မြင်နေရာရနေသူ။ သူ့ဘာသာ နာမည်တစ်လုံးနဲ့ ထင်ရှား လူသိများပေမဲ့လည်း ခက်ဖြာကို ဆွေမျိုးရင်းခြာလို သံယောဇဉ်ရှိကာ ခက်ဖြာအတွက်ဆို အခြားအရေးကြီးကိစ္စတွေကိုတောင် ဖြတ်ချထားခဲ့သူ။





ဒီနေ့လည်း ရာထူးကြီးကြီး လူကြီးတစ်ယောက်ရဲ့ သမီး မင်္ဂလာဆောင်မှာ လိမ်းဖို့ရှိပါလျက် ခက်ဖြာကိုပဲ ဦးစားပေးကာ ဟိုပွဲကို ပြန်ရုံးသိမ်းနိုင်ခဲ့တာ။

ဒီလောက် ကိုယ့်အပေါ် စေတနာထားကာ အနွံအတာခံရှာသော မာမီစံကို ဒီလိုအပြောခံလိုက်ရတာ ဘယ်လောက်အားနာစရာကောင်း သလဲ။ ချစ်လွန်းကို့ကိုသာ ပြောပြမိလျှင် သူ့အစ်မနဲ့ သူတူတွေက သွေးသားအရင်း၊ မာမီစံ သွေးသားမတော်စပ်သည့် အခြောက်ကြီးပဲလို့ အရွန့်တက်ဦးမည်။

ခက်ဖြာသို့ အတွက်ကတော့ အဲဒီအခြောက်ကြီးဘက်ကပဲ လိုက်ရမှာပဲ။ ချစ်လွန်းကို အစ်မက ချစ်လွန်းကိုနဲ့ ပတ်သက်ပြီးမှ တွေ့ရတာ။ ကိုယ့်အပေါ် ကျေးဇူးတစ်စုံတစ်ရာလည်း ပြုဖူးတာ မဟုတ်၊ ခင်မင်ရင်းနှီးမှုလည်း မရှိသေး။ မာမီစံကတော့ ခက်ဖြာညီ မော်ဒယ်ပေါက်စလေး ဘဝကတည်းက တက်ညီလက်ညီ လက်တွဲလာတာ၊ ရဲဘော်ရဲဘက်လို့တောင် ပြောလို့ရသည်။ ဒါမှမဟုတ်ရင်လည်း လုပ်အပြစ်ကင်းသည့်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပိုင်ရှင် မော်ဒယ်လေးတစ်ယောက်ရဲ့ ဖန်တီးရှင်လို့လည်း ပြောလို့ရသည်။

"ကြည့်စမ်း ... ကြည့်စမ်း ... ပြောသွားလိုက်တာ၊ နှုတ်ခမ်းကို ချွန်နေတာပဲ၊ သူများက ကိုယ့်ဝမ်းရေးအတွက် သမ္မာအာဇီဝ လုပ်စားနေတာ၊ ဘယ်သူ့မှလဲ မစော်ကားဘူး၊ ဘယ်သူ့အကျိုးစီးပွားမှလဲ မဖျက်ဆီးဘူး၊ ဒါကိုများ သူများအားနည်းချက်ကို တိုက်ခိုက်သွားလိုက်သေးတယ်"

မာမိစံ မျက်ဝန်းမှာ မျက်ရည်တွေ သီဝဲလာပြီး အတုတပ်ထားသော မျက်တောင်ကော့ကြီးကို ပုတ်ခတ် ပုတ်ခတ် လုပ်လိုက်တာမြင်တော့ ခက်ဖြာညီ တော်တော်ပဲ စိတ်မကောင်း။

"မာမီစံရယ် ... သူတို့ကိုယ်စား ခက်ဖြာကပဲ တောင်းပန်ပါတယ်၊ လူတွေက ဒီလိုပဲ၊ အတ္တစိတ်ကြီးတဲ့သူများဟာ ဆင်ခြင်တုံတရားရော လူမှုရေးကျင့်ဝတ် ဆိုတာရော ဘာမှမသိကြတော့ဘူး၊ သူတို့အားနည်းချက်ကမှ တကယ့်ကို ဘဝနာစေတဲ့ အားနည်းချက်ပဲ ... သိလား"





မာမိစံ စိတ်ကျေနပ်အောင် လိမ်ညာအားပေး[illegible] မဟုတ်။ ကိုယ့်စိတ်ထဲ တကယ်ပေါ်လာတဲ့အတိုင်း ပျစ်ပျစ်[illegible] ဝေဖန်ပစ်လိုက်တာ။

ဖြစ်ချင်တော့ တုတုနဲ့ ပုပု ငရုပ်နှစ်[illegible] ထိန်းသည့် မိကြိုင် ဆိုတော့ အိမ်ဖော်မကလေးက ထို[illegible] ကြားသွားခဲ့ကာ သူ့သခင်မကို နှုတ်ခမ်းတစ်လန် ပန်းတစ်[illegible] ပြန်ပြီးအတင်းတုတ်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... လှတယ်တော့၊ ကြည့်စမ်း ... အရမ်းလှတာပဲ၊ ပြင်ထားတာ ကြွေရုပ်ကလေး ကျနေတာပဲ"

မိစူ့တို့ သယ်ကျော်သက်မကလေးတွေအုပ်စု ရောက်လာချိန်မှာတော့ စောစောက အေးစက်ငြိမ်သက်နေသော အခန်းလေး ပြန်လည်အသက်ဝင်လာရပြန်လေသည်။

မိစူ၊ ချိုမာ၊ သဲသဲ၊ နန္ဒာထက်ဇော် စသည့် ကောင်မလေးတွေဟာ ဆယ့်လေးကနေ ဆယ့်ရှစ်အတွင်း မတိမ်းမယိမ်းလေးတွေ ဖြစ်ကြကာ စိတ်တူကိုယ်တူနဲ့ အဖော်ရနေကြသည်။

ခက်ဖြာညိုကို အထင်ကြီး အားကျကာ ချစ်စနိုးတော့ ရှိကြပါသည်။ ခက်နေတာက သူမလေးတို့တစ်တွေဟာ ခက်ဖြာညို့





အပေါ် စိတ်အဝင်စားလွန်းပြီး ဘာပဲလုပ်လုပ် လိုက်ကြည့်၊ ငိုက်မေး၊ လိုက်အတုခိုးနေကြပေရာ ကြာတော့ စိတ်ကျဉ်းကျပ်သလို ဖြစ်လာရတာပင်။

အခုလည်း မှန်တင်ခုံပေါ်က ခက်ဖြာညို့ အလှဆင်ပစ္စည်းတွေ၊ ခက်ဖြာညို့ ဝတ်စုံ စတာတွေကို လိုက်ကြည့်၊ လိုက်စပ်စု၊ သူတို့အချင်းချင်းလည်း ပြန်ပြောနဲ့ မျက်စိရှုပ်၊ နားနောက်နေတော့တာပဲ။

"အင်္ကျီကျောက်ထိုးထားတာလေးက ခေတ်မီလိုက်တာနော်၊ နဖပ်ပြီး အသေးစိတ်ကို ကျနေတာပဲ"

"မမခက်ဖြာရဲ့ ဒီဇိုင်နာ မကြော့ ဆိုတာက မြန်မာပြည်မှာ အတော်ဆုံး ဒီဇိုင်နာစာရင်းဝင်ပဲဟာ၊ ဒီလောက်တော့ ဖြစ်မှာပေါ့"

"ဒါပေမဲ့ မကြော့က စျေးကြီးလွန်းအားကြီးတယ်ဟာ၊ တော်ရုံလူတော့ သူ့ဆီမအပ်နိုင်ပါဘူး"

"ငါတို့မမက တော်ရုံလူမှ မဟုတ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ဒီလောက် နာမည်ကြီးတဲ့ မော်ဒယ်မမ အတွက်ကတော့ ဒီလောက်မြင့်တဲ့ ဒီဇိုင်နာ ရှိမှပေါ့"

သူတို့တွေဟာ ကိုယ့်ကို ချီးပပြောနေကြတာတော့ မှန်ပါရဲ့။ သူတို့ ချီးကျူး အမွှန်းတင်တာတွေက လွန်လွန်းတော့ ခက်ဖြာညီမှာ ကျေနပ်ပီတိ မဖြစ်ရဘဲ ကျောထဲစိမ့်အောင် ရှက်ရွံ့ အနေခက်ရသည်။

ကိုယ်က သူတို့ပြောသလောက် ဒိတ်ဒိတ်ကြဲ ထိပ်တန်းစားကြီး မဟုတ်သေးတာမို့ ပြောသမျှဟာ မျက်နှာပူစရာတွေ ချည်းပင်။

"မမ ... ခဏလေး မျက်နှာမော့ပါ"

တစ်ယောက်က လှမ်းပြောလိုက်တာမို့ ခက်ဖြာညီက ယောင်ယောင်ကန်းကန်း မော့ကြည့်လိုက်မိသည်။ ထိုစဉ်မှာပဲ ...

"ရှပ်"

ရုပ်တာမြည်သံနဲ့အတူ ကိုယ့်ပါးပြင်ကို စေးကပ်ကပ် တစ်စုံတစ်ရာ လာထိတာကို သိလိုက်ရသည်။





လက်စသတ်တော့ မိစ္ဆူးက ခက်ဖြာညီ့ပါးကို နမ်းလိုက်ချိန်မှာ တစ်ယောက်က ဓာတ်ပုံဖမ်းရိုက်လိုက်တာကိုး။

"ဟယ်တော် ... သွားပါပြီ၊ ပါးမှာ နှုတ်ခမ်းနီကွက်ကြီး ပေသွားပြီးတော့"

သူတို့ကသာ တဟီးဟီး တဟားဟားဖြစ်နေ မာမိစ်တော့ နှုတ်ခမ်းနီရဲရဲ ပေကွက်သွားသော ပါးပြင်ကို ပြန်ဖျက် မိတ်ကပ်ပြန်ဖို့ရန် အလုပ်ရှုပ်သွားတော့သည်။

"ဒါနဲ့ မမက ဝတ်စုံကို ရေမွှေးလေး ဘာလေး မဆွတ်ဘူးလား"

"ရပါတယ်၊ လူကိုဆွတ်ပြီးသားပဲဟာ၊ အင်္ကျီမလိုတော့ပါဘူး၊ မတော်စွန်းသွား ကွက်သွားမှာစိုးလို့"

"ဒါတော့ စိတ်ချ၊ ဒီမှာ သဲသဲ သူငယ်ချင်း နိုင်ငံခြားက ပို့လိုက်တဲ့ ရေမွှေး၊ ဘယ်မှာပဲဆွတ်ဆွတ် မစွန်းဘူး၊ အနံ့ကလည်း သင်းနေတာပဲ၊ ဆွတ်ပေးလိုက်မယ်နော်"

"မဆွတ် ..."



www.burmeseclassic.com

www.burmeseclassic.com



တားလို့မမီလိုက်တော့ပါ။ လျင်မြန်သော သဲသဲရဲ့
လက်က အကျႌလေးရဲ့ ရင်ဘတ်တည့်တည့်ကို ရေမွှေးဗူးခနဲပန်း
ထည့်လိုက်ပြီးသား ဖြစ်နေပြီ။

"ဟယ်"

သဲသဲရဲ့ လှုပ်ရှားမှုကို ဝိုင်းကြည့်နေကြသူတွေ
အားလုံးထဲက အာမေဍိတ်သံတစ်ခု တညီတညာတည်း ထွက်ပေါ်
လာရသည့်အဖြစ်ကား ...

သဲသဲ လျှပ်တစ်ပြက် ဆွဲထုတ်ပြီး အကျႌပေါ်
နမော်နမဲ့ ဆွတ်ဖျန်းလိုက်သော အရာမှာ နိုင်ငံခြားဖြစ်ရေမွှေး
မဟုတ်ဘဲ သကြၤန်တုန်းက အချင်းချင်း စ,နောက်ဖို့အတွက်
ဝယ်ထားသော ဓာတ်ရောင်စုံစပရေးဘူး ဖြစ်နေလေသည်။

ပန်းနုရောင်ဖွေးဖွေး အကျႌရင်ဘတ်နေရာလေးမှာ
အနီရဲရဲအရောင်တွေ စွန်းပေလို့ သွားခဲ့ပြီ။

"ဟယ် ... ဒုက္ခပဲတော့"

"ကြည့်စမ်း ... ကြည့်စမ်း၊ အကျႌတော့ သွားပါပြီ၊ ဘယ်လို
လုပ်ကြမှာလဲ"





"ဒုက္ခပဲ ... အကျႌရင်ဘတ်တည့်တည့်မှာမှ ဖြစ်ရတယ်လို့
ဒီလောက် ဖြစ်နေတာကြီးနဲ့ ဘယ်လိုလုပ် ပွဲထွက်မလဲ"

"ပန်းလေးတစ်ပွင့်လောက် ထိုးလိုက်ပါလား၊ ဒါမှမဟုတ်
ရင်ထိုးကြီးကြီး တစ်ခုလောက် ဆိုရင်ရော၊ အကွက်က
သိပ်တော့မကြီးပါဘူး"

ပြောပုံကိုက။ မျက်နှာထားကလည်း သူ့ပဲကြီးကျယ်
သော ဖျက်ဆီးမှုကြီးတစ်ခု လုပ်ထားတာ မဟုတ်သလိုလို။

ခပ်ပေါ့ပေါ့ ပြောနေ၊ ခပ်အေးအေး နေနိုင်ပုံက
သက်နီးစုတ်မှာ ဆီကွက်တစ်ကွက်လောက် စွန်းအောင် လုပ်မိ
သလောက်လေး။

သူမ ဖျက်ဆီးပစ်လိုက်တာဟာ စေ့စပ်ပွဲထွက်တော့
ည့် သူတို့သမီးလောင်းတစ်ယောက်ရဲ့ အရေးကြီး အဖိုးတန်ဝတ်စုံ
ဖြစ်တာများ ခေါင်းထဲထည့်မတွေးသည့်ပုံ။

ဒီလောက် ရင်ဘတ်မှာ လက်တစ်ဝါးစာ အကွက်
ဖြစ်သွားတာကိုများ ပန်းပွင့်တို့ ရင်ထိုးတို့နဲ့ ဖုံးရဦးမလဲ။

www.burmeseclassic.com



ခက်ဖြာညိုက ဆတ်စလူးမ,ကလေးတွေကို လှည့်မကြည့်တော့ဘဲ မာမီစံကိုသာ အားကိုးတကြီး ကြည့်လိုက်မိလေသည်။

"အမယ်လေး ... ဘာမှမပူနဲ့၊ မာမီတစ်ယောက်လုံးရှိတယ်၊ ဆယ်မိနစ်အတွင်း အကောင်းအတိုင်း ပြန်ဖြစ်စေရမယ်"

မာမီစံက အားပေးစကားပြောကာ ခက်ဖြာညို့အင်္ကျီကိုယူပြီး ထွက်သွားသည်။ မာမီစံ ထွက်သွားပြီးကတည်းက ခက်ဖြာညိုက ဘယ်သူ့ကိုမှလဲ မကြည့်၊ ဘယ်သူ့ကိုမှလဲ စကားမပြောတော့။ သည်းခံခွင့်လွှတ်စိတ် မရှိဘူးဘဲဆိုဆို ဒီပွဲအတွက် အရေးအကြီးဆုံး ပစ္စည်းတစ်ခုကို ဖျက်ဆီးပြီး ဝတ်ကျေတန်းကျေတောင်းပန်စကားလေးတောင်မှ ပြောဖော်မရသည့် သူတွေနဲ့ အဆက်အဆံ မလုပ်ချင်ပါဘူး။

မာမီစံတို့ကတော့ ကတိတည်ပါပေ့။ ဆယ်မိနစ်ကျော်ကျော်လောက်ပဲ ကြာလိုက်သည် လျှော်ဖွပ်သန့်စင် အခြောက်ခံပြီးသား ဝတ်စုံကို ပြန်ယူလာခဲ့လေသည်။





"ကျေးဇူးတင်လိုက်တာ မာမီရယ်၊ မာမီစံသာ မရှိရင် ဒီပွဲတော့ပျက်ပြီ သိလား"

သူတို့ကို ပွဲဖျက်မတွေဆိုသည် သဘောမျိုး သက်ရောက်အောင် တမင်ပြောပစ်လိုက်တာ။ ဘာကိုမှ အလေးအနက်ထားပုံမရသည့် ဟာကလေးတွေကလည်း ဒါကျတော့ နားရကောင်းမှန်း သိပေသား။ မျက်နှာတွေ ပျက်တက်တက်၊ စူကောက်ကောက်နဲ့ အနားက အလှိုအလှို ထွက်သွားကြတော့သည်။

ကဲ ... ဒီလိုနဲ့ပဲ သတို့သမီးလောင်းလည်း စေ့စပ်ပွဲကို မကြည်မလင်၊ စိတ်တိုတိုနဲ့ပဲ ဆင်နွှဲလိုက်ရလေသတည်းပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ခက်ဖြာကို တစ်ခုပြောရဦးမယ် … သိလား၊ စေ့စပ်ပွဲတုန်းက အဆင်မပြေ ဖြစ်ခဲ့တာတွေကြောင့် အမြင်မကြည်လို့ ချောက်တွန်းတာလို့တော့ မထင်နဲ့"

"ထင်စရာလား မာမီစံရယ်၊ ခက်ဖြာနဲ့ မာမီ ဒီလောက် အတွင်းသိ အစင်းသိတွေဟာကို"

"ပြောတတ်ဖူးလေ၊ တော်ကြာ သူ့အမျိုးတွေဘက်ကလိုက်ပြီး ဒီကကောင်မကို ကုန်းမ,ထင်နေမှာစိုးလို့"

"အမျိုးတွေ ! "

"အသစ်ရတော့မှ အမျိုးတွေကို ပြောတာ၊ ဟို လျှပ်စီးလက်တို့၊ တောင်ကြီးပဲကြော်တို့ မုန့်လေပွေတို့တွေလေ"





"အောင်မယ်လေး … မာမီရယ်၊ သူတို့တွေကိုများ ခက်ဖြာက အမျိုးလို့ သဘောမထားပါဘူး၊ မတတ်သာလို့သာ ပတ်သက်ရမှာ၊ အဲဒီ လျှပ်စီးလက်နေတဲ့ ပုံစံတွေ ကြည့်လို့ကို မရဘူး၊ ကိုယ်တိုင်လည်း သူတို့အသက်အရွယ်တုန်းက အဲဒီလောက် လျှပ်စီးလက်မနေဘူး"

"ဘာပဲဖြစ်ဖြစ် ပြောရမှာက အတင်းအဖျင်းလို ဖြစ်နေတယ်"

"ဖြစ်ပစေပေါ့ … ပြော"

"ဟိုဟာပါ၊ ဆရာကို့,ကို ပြောတာ"

(ချစ်လွန်းကို,ကို သူ့တပည့်တွေက ဆရာကို့,လို့ ခေါ်ကြသည့်အတိုင်း မာမီစံကလည်း လိုက်ခေါ်လေ့ရှိသည်။)

ဆရာကို့,ဆိုတော့ ခက်ဖြာညီ စိတ်ဝင်စားမှုအရှိန်ကလည်း ပိုတက်သွားကာ …

"ပြောစမ်း … ပြောစမ်း၊ သူ ဘာဖြစ်လို့လဲ၊ ဘာလုပ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



စကားအစချီပြီးတော့မှပဲ မာမီစံက အပြောရခက်သလို မျက်တောင်ကြီး ပုတ်ခတ် ပုတ်ခတ်နဲ့ ခေါင်းစောင်းဖက်လိမ်ကြီး လုပ်နေကာ ...

"ဟိုဥစ္စာလေ ... ဆရာကို့,ကို သွားတော့မပြောနဲ့နော်၊ မနေ့ကပေါ့၊ ဘော်ဘော်တွေနဲ့ ကလပ်ဘ် လိုက်သွားတာ၊ အဲဒီမှာ ဆရာကို, ကောင်မလေးတစ်ယောက်နဲ့တွဲပြီး က, နေတာတွေ့ ... တွေ့ ..."

မာမီစံ စကားဆက်မပြောရဲတော့။ ခက်ဖြာညို့မျက်လုံးကြီး တဖြည်းဖြည်း ပြူးပြူးတက်လာတာကိုကြည့်ပြီး ဆက်ထွက်တော့မည့် စကားလုံးတွေ လည်ချောင်းဝ,မှာ တစ်,အစ်ဆို့ ပိတ်သွားသည်။

"ကလပ်ဘ်မှာ ... ဟုတ်လား၊ ဘယ်တုန်းကလဲ၊ ဘယ်သူနဲ့လဲ၊ မာမီ တွေ့ခဲ့တာ သေချာလား"

"သေချာပါတယ်ဆို၊ မနေ့ညကပဲ၊ ကောင်မလေးကတော့ ခပ်ငယ်ငယ်ပဲ၊ ရုပ်တော့မချောဘူး၊ ဘော်ဒီကတော့ အဖြူးစားပဲ၊ ဝတ်ထားတာလည်း အရမ်းလန်တယ်၊ ဖော့ခနဲလှည့်ပြီးများ က,လိုက်ရင် မျက်စိတောင် ကျိန်းသွားတယ်"

ကြားရချက်တွေက တယ်မသက်သာပါလား။

"မာမီ တစ်ယောက်ပဲ တွေ့ခဲ့တာလား"

"တစ်ယောက်တည်း ဘယ်ဟုတ်မလဲ၊ ဘော်ဘော်တွေနဲ့ သွားတာပါဆို၊ အစိုးတို့၊ အချစ်တို့၊ စင်သီယာတို့ အားလုံး ပါတယ်"

"အချစ် ... အချစ်ဆိုရာ ဟို ... နွဲ့ယဉ်ကေသီကို ပြင်ပေးနေကျ မာမီချစ်လား"

"အင်းပေါ့"

"စင်သီယာ ဆိုတာကရော မင်းသမီး စန္ဒကူးနှစ်ရဲ့ လက်စွဲ မဟုတ်လား၊ အတင်းပြောလွန်းလို့ ဟိုတလောက ပြဿနာတောင် တက်သေးတာလေ"

"ဟုတ်ပါတယ်ဆို၊ ဒီအသိုင်းအဝိုင်းထဲ ဒီလူတွေပဲ ရှိတာ ကိုများ အဆန်းလုပ်နေသေးတယ်"







www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး ... သေပါပြီ၊ သေပါပြီ၊ ဒီဟာတွေသာ တွေ့သွားလို့ကတော့ ငါတော့ ရေစုန်မျောပါပြီ"

"ခက်ဖြာက ဘာလို့ ရေစုန်မျောရမှာလဲ၊ မဟုတ်တာလုပ်တဲ့သူက ဆရာကို့ပဲဟာ၊ သူပဲ ရေစုန်မျောမှာပေါ့"

"မာမီစံကလည်း သူနဲ့ ခက်ဖြာက စေ့စပ်ပြီးသား ဖြစ်နေပြီပဲဟာ၊ သူ မဟုတ်တာလုပ်ရင် ခက်ဖြာကိုပါ ထိခိုက်တာပေါ့၊ ဒီလောက်တောင် မသိဘူးလား၊ ဟွန်း ... ဒီလူ *အဆင်ခြင်ကို မရှိဘူး၊ သိမယ် ... ငါ့အကြောင်း ကောင်းကောင်း*သိမယ်၊ မာမီစံ တွေ့ခဲ့တာ ဘယ်ကလပ်ဘ်မှာလဲ"

"ပိုင်အိုးနီးယားမှာ"

"ကောင်းပြီ၊ မနေ့ညကနော်"

"အင်း ... မနေ့ည ရှစ်နာရီကျော်လောက်က"

ဟွန်း။

တွေ့ကြသေးတာပေါ့။ စေ့စပ်ထားပြီးသား ရှိပါလျက် ကွယ်ရာမှာ ခြေရှုပ်ချင်တဲ့လူ။





ဒီအကြောင်းကို အင်မတန် အတင်းပြော၊ သတင်းဖြန့်ချိကောင်းသည့် မာမီချစ်တို့ မာမီစင်သီယာတို့ သိသွားကြပြီဆိုတော့ သတင်းက ပျံ့ပြီပေါ့။

မောင်းကြီးထုလိုက်သလို တဒူဒူနဲ့ မြို့လုံးပတ်လည်အနှံ့ ပြန့်ကားထွက်တော့မည်။ သူ့ဘို့ပါးစပ်က ထွက်လာတာဆိုလျှင်လည်း သတင်းအမှန်အကန်အတိုင်း အတိအကျ ထွက်မှာမဟုတ်သေး။

ချဲ့ကားတာနဲ့၊ ကိုယ်ပိုင်အမြင်တွေထည့်၊ အပိုဆာဒါးလေးတွေစွက်ပြီးမှဖြန့်မှာ။

ဒီတော့ အရှက်က ကွဲပြီးရင်းကွဲ။

သူမို့လုပ်ရက်တယ်။ လူကြားထဲ ထွက်နေရတဲ့၊ နာမည်တစ်လုံးနဲ့ လုပ်စားနေရတဲ့ ခက်ဖြာညီအတွက်ကိုတောင် ထည့်မစဉ်းစားတော့ဘူးလား။

ခက်ဖြာညီအတွက် မစဉ်းစားချင်လည်းနေပါ၊ သူ့ကိုယ်တိုင်အတွက်တော့ စဉ်းစားသင့်သေးတာပေါ့။ သူလည်းပဲ



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်တဲ့ ကြော်ငြာဒါရိုက်တာ "ချစ်လွန်းကို" ဆိုပြီး နာမည်တစ်လုံးနဲ့ နေတဲ့ဟာ။ ဒီနာမည်မှာ အစွန်းအထင်း တစ်ခုခုဖြစ်အောင်တော့ မလုပ်သင့်ပါဘူး။

ခက်ဖြာညီက စိတ်လိုက်မာန်ပါပဲ ချစ်လွန်းကိုရှိမည့် ဒရင်းမ်မိတ်ကာ စတူဒီယိုကို လိုက်ချသွားလိုက်တော့သည်။

❧ ✱ ❧





"ဟာ ... စွပ်စွဲတယ်ကွာ၊ လုံးဝအခြေအမြစ် မရှိတာတွေလာပြောနေတယ်"

"ဟုတ်တာကို ပြောတာပဲ၊ မာမီစံ ကိုယ်တိုင် မြင်တဲ့ဟာ၊ ကိုယ့်မျက်စိနဲ့ ကိုယ်မြင်တာဆိုရင်တောင် ဒီလောက်မယုံဘူး၊ မာမီစံ မြင်တာတော့ ယုံတယ်"

"ဒီလောက်တောင်လား၊ မာမီစံ ဆိုတာကရော လူသားပဲ၊ အမှားဆိုတာ မရှိနိုင်ဘူးလား"

"မှားဖို့ထက်စာရင် မှန်ဖို့က ပိုပြီးတော့ နီးစပ်တယ်"

"ဒုက္ခပါပဲ၊ ကို့ပါကွာ၊ ချစ်လွန်းကိုပါ၊ ဒါမျိုးမလုပ်ဘူးဆိုတာ နည်းနည်းလေးတောင်မှ ယုံပေးလို့မရဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ယုံခဲ့တာပဲ၊ ကို့ကို တစ်သက်လုံး ယုံခဲ့တာ၊ ယုံလို့လည်း စေ့စပ်တဲ့အဆင့်အထိ ရောက်လာတာပေါ့၊ ဒါပေမဲ့ အခု မယုံတော့ဘူး"

"ကျွတ် ... တောက်"

ချစ်လွန်းကို တော်တော်ဒေါသထွက်သွားသည်။ အတိအကျ အခိုင်အမာကြီး စွပ်စွဲနေပုံက ဘယ်လိုမှ ချေဖျက်လို့မရ။ ကိုယ့်ချစ်သူပြောတဲ့ စကားထက် ဟိုအခြောက်ပြောတဲ့ စကားကို ပိုပြီးယုံနေတော့ မခက်ဘူးလား။

ဆိုးဝါးလိုက်ပုံကလည်း သူကိုယ်တိုင် မြင်ခဲ့တာဆိုလျှင်တောင် ဒီလောက် မယုံကြည်၊ မာမီစံ မြင်တာမို့ ပိုပြီးယုံကြည်တာပါဆိုတော့ ပြီးရော။

ဒီနှစ်ပိုင်းတစ်ပိုင်းကြီးကရော သူများ သမီးရည်းစားကြား ပြဿနာကြီးထားမဲ့ စကားမျိုး ဘာဖြစ်လို့ ပြောရတာလဲ။ ကိုယ်ကတော့ ကိုယ့်ကိုယ်ကိုယ်ပဲမို့ သူပြောတာ ဘယ်လိုမှ မဟုတ်နိုင်ဘူး ဆိုတာ သိနေသည်။ သူကကျတော့ မဟုတ်ဘူး





ဆိုတာ သိသိကြီးနဲ့ ဘာလို့များ ပြဿနာကြီးထွားစေမည့် စကားမျိုးကို ပြောင်ပြောင်ကြီး ပြောထွက်တာလဲ။

အမည်ရင်း ထွန်းမြင့်စံ၊ လုပ်ငန်းအမည် မာမီစံဟု ခေါ်သော ဒီပုဂ္ဂိုလ်ဟာ သူများကြားထဲ ကုန်းတိုက် ခြေထိုးတာ၊ ပလီပလာ လိမ်ညာလှည့်စားတာမျိုး သိပ်မရှိဘူး ဆိုတာတော့ ချစ်လွန်းကိုလည်း သိထားပါသည်။ ဒါပေမဲ့ အခုကိစ္စကတော့ ဟုတ်မှမဟုတ်ဘဲ ဘာဖြစ်လို့ ပြောချလိုက်သလဲ စဉ်းစားလို့ကို မရ။

ပြောပြန်လျှင်လည်း သူ့အခြောက်ကြီးကို ဆတ်ဆတ်ထိမခံတတ်သည့် ခက်ဖြာညီက စိတ်ဆိုးတာကလွဲလို့ အကြောင်းထူးလာမှာ မဟုတ်။

"ပြော ... ပြော ... ဘယ်သူလဲ"

"ဘာကိုလဲ"

"ကို့နဲ့ တွဲကနေတဲ့ ဆော်ဒီအမိုက်စားနဲ့ တစ်ယောက်ဆိုတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘယ်သိမလဲ၊ တွေ့ခဲ့တယ်ဆိုတဲ့လူကို သွားမေးပါလား၊ ကိုယ်က တကယ်တွဲက,တာမှ မဟုတ်တာ၊ ကိုယ် ဘယ်လိုလုပ် သိမှာလဲ"

"ရှင် ခုထက်ထိ ဝန်မခံချင်သေးဘူးလား"

"စကားကုန်နေပြီ၊ ကို,လုံးဝမဟုတ်ဘူး၊ ဒါကြောင့် ခက်ဖြာရဲ့မေးခွန်းတွေကိုလည်း ဘာမှထပ်မဖြေနိုင်ဘူး၊ ခက်ဖြာ ဘာသာ သိချင်တာရှိရင် ပြောပြတဲ့သူကိုသာ သွားမေး၊ သူ့စကားကို သူ တာဝန်ယူပစေ"

"သူက တွေ့ခဲ့တာကို ပြန်ပြောတဲ့ သူပဲဟာ၊ ဘာများတာဝန်ယူစရာရှိမှာလဲ၊ တကယ်တာဝန်ယူရမဲ့သူက တကယ် အပြစ်ကျူးလွန်တဲ့သူပဲ"

"ကလပ်မှာ က,တာလောက်ကတော့ အပြစ်ကြီးလည်း မဟုတ်ပါဘူး"

"ဘာ ... ဟော ... သေချာပြီ၊ သူ တကယ် လုပ်တာမို့လို့ ကာကွယ်ပြောနေတာတွေ"



"တကယ်လုပ်လို့တော့ မဟုတ်ဘူး၊ ကာကွယ်ပြောတာလည်း မဟုတ်ဘူး၊ အဖြစ်မှန်ကို ပြောပြတာ၊ ကို,က ကလပ်သွားတာကို အပြစ်လို့ယူဆလို့ မသွားတာမှ မဟုတ်တာ၊ ဝါသနာကိုမပါလို့ သူငယ်ချင်းတွေနဲ့ တစ်ခါနှစ်ခါလောက် လိုက်သွားပြီးကတည်းက နားအူ၊ မျက်စိရှုပ်၊ ခေါင်းမူး၊ အသက်ရှူကျပ်ပြီး ပြန်လာရတာ၊ အဲဒီကတည်းက စိတ်ကိုမဝင်စားတော့ဘူးလို့ ပြောဖူးတယ် မဟုတ်လား"

"အရင်က စိတ်မဝင်စားပေမဲ့ အခုမသွားဘူးလို့တော့ မပြောနိုင်ဘူး၊ ကို, စိတ်တိုလာပြီကွာ၊ မဟုတ်တာ လုပ်တာက တစ်ပြစ်၊ ဇွတ်ကြီးငြင်းနေတာက တစ်ပြစ်၊ ဖောင်းလ်တွေ သိပ်များလာပြီနော်"

"ကို,ဖောင်းလ်တာ မဟုတ်ဘူး၊ ဓာတ်လမ်းစ,တဲ့သူက ဖောင်းလ်တာ၊ ဘယ့်နှယ်ကွာ၊ သူများ သမီးရည်းစားကြား ပလီစီချောက်ချက်၊ ဒါ ဓာတိပြတာပဲ၊ ယောကျ်ားစင်စစ်သာဆို ဒီလိုမျိုးပြောမှာ မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာ ... ကို့က မာမီစံကို ပြောတာလား၊ ဒါ ကြည့်စမ်း ... ကိုယ်မဟုတ်တာလုပ်တာ ပေါ်တိုင်း သူများကို လိုက်ရမ်းတယ်၊ မာမီစံကို မပြောပါနဲ့ဆို၊ သူ့ခမျာ အရင်ဘဝက ဝဋ်ကြွေးကြောင့် အခုလိုဖြစ်နေရတာ၊ စိတ်ရင်းသဘောကဖြင့် စစ်စစ်တွေထက် ဖြောင့်မတ်ဖြူစင်သေးတယ်"

"အရင်ဘဝက ဝဋ်ကြွေးဆိုရင်ကော ဘယ်လိုအကြောင်းကြောင့် ဖြစ်လာတဲ့ ဝဋ်ကြွေးလဲ၊ ဒီလို နှစ်ပိုင်းတစ်ပိုင်း ဘဝရောက်အောင် ဘာပြစ်မှုကျူးလွန်ခဲ့သလိုလဲဆိုတာ သိတယ် မဟုတ်လား"

ချစ်လွန်းကို့ကလည်း မထူးတော့ပြီဆိုပြီး မာမီစံ တိုက်ခိုက်ရေးကို အရှိန်မြှင့်ပစ်လိုက်သည်။

"အိုး ... ဒါက အရင်ဘဝကကိစ္စ၊ ကို့လည်း အရင်ဘဝတုန်းက ဘာဖြစ်ခဲ့လဲဖြင့် မသိဘဲနဲ့"

"အင်းလေ ... ကို့က မသိသာဘူး၊ သူကတော့ သိသာထင်ရှားနေတာပဲ"





"ကို"

ခက်ဖြာညီက ဆောင့်အော်ပစ်လိုက်သည်။ နှစ်ယောက်သား၏ အခြေအနေဟာ မီးကုန် ယမ်းကုန် တိုက်ခိုက်ကြတော့မည့် စစ်တပ်ကြီးနှစ်တပ် မျက်နှာချင်းဆိုင်နေတာနဲ့တောင် တူနေသေးတော့သည်။

"အစ်မ ... အစ်မ"

"နင်က ဘာလဲ၊ အရေးထဲ"

"ဟို ... ကျွန်တော် နားစွန်နားဖျား ကြားလိုက်လို့ပါ၊ အစ်မက ဆရာ့ကို မနေ့ညက အပြင်ထွက်တယ်ဆိုပြီး စွပ်စွဲနေသလားလို့"

နှစ်ယောက်ကြားထဲ ဖြတ်ဝင်လာတာက ချစ်လွန်းကို၏ လက်စွဲတပည့်လေး ပေါက်ပေါက်။ တောက တက်လာပြီး ချစ်လွန်းကိုဆီ အကြောင်းကြောင်းကြောင့် ရောက်လာကာ နှစ်ပေါင်းများစွာ အခြေခံကစသင်ယူပြီးမှ လက်ထောက် အနေအထား



www.burmeseclassic.com

www.burmeseclassic.com



ကို ရောက်လာတာမို့ ကောင်လေးက ချစ်လွန်းကို,ကို ချစ်လည်းချစ်၊ လေးလည်း လေးစားသည်။ တောကတက်လာသည့်ကလေးမို့ ရိုးရိုးသားသားနဲ့ အမြင်လေး ဖြောင့်စင်းရှင်းလင်းတာကိုတော့ ခက်ဖြာညီ ကိုယ်တိုင်လည်း အသိအမှတ်ပြု ယုံကြည်ထားရပါသည်။

"အေး ... ဘာလို့လဲ၊ မင်း ဘာပြောစရာရှိလို့လဲ"

"ဟိုဟာပါ၊ မနေ့ကညနေ ထမင်းစားပြီးချိန်ကစပြီး ညဦးနက်တဲ့အထိ ကျွန်တော်တို့ ရွှေဆိုင်ကြော်ငြာကို အက်ဒစ်လုပ်နေကြတာလေ၊ အစ်ကို အိမ်သာတောင် ထ,မသွားလို့ ကျွန်တော်က ဆီးချုပ်ဝမ်းချုပ် ဖြစ်မှာစိုးပြီး သတိပေးရသေးတယ်"

"အာ ... ဟုတ်ပါရဲ့၊ မနေ့ကတစ်နေ့လုံး အက်ဒစ်အခန်းထဲမှာပဲ အချိန်ကုန်တဲ့ဟာ၊ ကလပ်ဘက်သွားဖို့ မပြောနဲ့ အိမ်သာတောင် မဝင်မိဘူး၊ ရေတို့ ကော်ဖီတို့တောင် ပေါက်ပေါက် အနားလာချပေးလို့ သောက်ဖြစ်တာ"





ရိုးသားဖြောင့်မှန်သည်လို့ သတ်မှတ်ထားသော ပေါက်ပေါက်ကိုယ်တိုင်က ဝင်ထောက်ခံလိုက်တော့ ခက်ဖြာညီ ဇဝေဇဝါဖြစ်ကာ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ် ဖြစ်လာသည်။

"ခက်ဖြာဆီက ဖုန်းတောင်ဝင်လာသေးတယ် မဟုတ်လား၊ ကို,အလုပ်မအားဘူးဆိုလို့ တစ်ခွန်း နှစ်ခွန်းပဲ ပြောပြီး ပြန်ချလိုက်တာလေ၊ အဲဒီတုန်းက ကိုယ့်တည်းဖြတ်အခန်းထဲက စက်သံတွေ ကြားရတယ်လို့တောင် ခက်ဖြာက ပြောနေသေးတယ် မဟုတ်လား"

ဟုတ်တော့ ဟုတ်သလိုလိုပဲ။ ချစ်လွန်းကိုဆီ မနေ့က ရှစ်နာရီလောက် ဖုန်းဆက်မိသေးသည်။

အဲဒီတုန်းက သူ့ တည်းဖြတ်ခန်းထဲက ကြားနေကျအသံတွေနဲ့အတူ ပေါက်ပေါက်ရဲ့ "စက်ခဏပိတ်ထားရမလား ဆရာ"လို့ လှမ်းမေးလိုက်သံကို ပါ ကြားခဲ့ရတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ၊ မှတ်မိပြီလား၊ ကို့ကို နှစ်ကိုယ်ခွဲနိုင်တဲ့ မှော်ပညာရှိတယ်လို့တော့ မထင်ဘူး မဟုတ်လား၊ ဒါမှ မဟုတ် ကိုယ့်တည်းဖြတ်ခန်းနဲ့ ကလပ်ဘ်ကို မြေအောက် လမ်းနဲ့ ဆက်ထားတယ်လို့ရော ထင်ဦးမလား"

ချစ်လွန်းကို့က သူ အနိုင်ဘက်ရောက်လာပြီမို့ ဆက်ကာ ဆက်ကာ ဖိထောင်းတော့သည်။ ခက်ဖြာညီကလည်း ကိုယ်နိုင်တာထက်စာလျှင် ချစ်လွန်းကို နိုင်တာပဲ ပိုဖြစ်စေချင် တာပါ။

ကိုယ့်ချစ်သူက ကိုယ်မကြိုက်တာကို နိုးလုပ်နေတာ မျိုး ဘယ်ဖြစ်စေချင်မှာလဲ။

ဒါပေမဲ့ မာမီစံ့ မျက်လုံးနဲ့ တပ်အပ်မြင်ခဲ့ပါသည် ဆိုတာကိုရော ဘယ်သွားထားမလဲ။

ခက်ဖြာညီ ဘာတွေးနေလဲဆိုတာ ချစ်လွန်းကို့က လည်း သဘောပေါက်သည်။ မာမီစံ့ကို ယုံကြည်လွန်းသော ခက် ဖြာညီဟာ ချစ်လွန်းကို မဟုတ်ဘူးလို့ သေချာနေတာတောင်မှ





ဝိညာဉ်က ခွဲထွက်သွားပြီး အပြင်မှာ ထွက်သောင်းကျန်းနေတာ လားလို့ စစ်စစ်ပေါက်ပေါက် တွေးနေပေဦးမည်။

အာ ... နေဦး။ ဟုတ်ပြီ။ ဝိညာဉ်ခွဲထွက်စရာမလို၊ နှစ်ကိုယ်ခွဲသည့် မှော်ပညာလည်း တတ်စရာမလို။ အကြောင်း ရင်းကို ခုမှတွေးမိသည်။

သူ့နှယ်နော်။ ဒီကိစ္စ စောစောက ဘာလို့မတွေးမိ ခဲ့ပါလိမ့်။ အလကား ပြဿနာရှင်းရတာနဲ့ပဲ လည်နေသည်။ ဒီလိုသာ တစ်ချက်တွေးမိလျှင် စောစောပြီးပြီ။

"မာမီစံ တွေ့ခဲ့တာ"

"မော်ထက်"

"အစစ်ပဲပေါ့၊ သူပဲ၊ ခက်ဖြာက ဉာဏ်ပြေးလိုက်တာကွာ"

ချစ်လွန်းကို့ရဲ့ ဝမ်းကွဲညီ မော်ထက်ဟာ ချစ်လွန်းကို နဲ့ အလုံးအရပ်ချင်းရော ရုပ်ချင်းရော တော်တော်လေးဆင်သည်။ တချို့လူရင်းတွေတောင် ခွဲမရ။ မော်ထက်က အသက်ပိုငယ်ပြီး သွက်သွက်ပေါ့ပေါ့လေး နေတတ်တာကြောင့် ရုပ်ကလေးနုနုကာ



www.burmeseclassic.com

www.burmeseclassic.com



ချစ်လွန်းကိုကတော့ အလုပ်လည်းလုပ်နေပြီမို့ လူကြီးဆန်ကာ ရုပ်ပိုရင့်တာလေလောက်ပဲရှိသည်။ နောက်ပြီး မော်ထက်ကလူငယ်စတိုင်လ် ဆံပင်ပုံစံအသစ် ပေါ်သမျှ လိုက်ညှပ်သည်။ ဂျပန်ပုံ၊ ထိုင်းပုံ၊ ဟောင်ကောင်ပုံ၊ ကိုရီးယားပုံအစုံ။ နှစ်ထောင့်နှစ် ကမ္ဘာ့ဖလားပွဲတုန်းက ဘရာဇီးဘောလုံးသမား ရော်နယ်ဒိုပုံဆိုကာ ခေါင်းတုံးပြောင်ကို ဦးစွန်းဖုတ်လေးပဲချန်ကာ ရိတ်ထားလိုက်သေးသည်။ ချစ်လွန်းကိုကတော့ ပေါ့ပေါ့ပါးပါး ဆံပင်တိုထောင်ထောင်နဲ့ နောက်ကပါးပါး ပုံစံကိုပဲ မပြောင်းမလဲထားတာ။

ချစ်လွန်းကိုနဲ့ မော်ထက်တို့ ရုပ်ချင်းတူလို့ မှားကြရာမှာ မော်ထက်ဘက်က သိပ်မနစ်နာ၊ ချစ်လွန်းကိုကသာ အမြဲနစ်နာရသည်။

ချစ်လွန်းကိုက တည်တည်တံ့တံ့၊ အနေအေးအေး၊ မဟုတ်တာ မကောင်းတာမလုပ်။ ပြီးတော့ နာမည်ကြီး ကျော်ကြားဒါရိုက်တာ။ မော်ထက်ကို ချစ်လွန်းကိုနဲ့မှားလျှင် အထင်ကြီး၊ ချီးမွမ်းအားပေးခံရတာပဲရှိသည်။





အဲ ... မော်ထက်ကကျတော့ ခပ်ဆိုးဆိုး၊ ခပ်ပွေပွေ။ အပေါင်းအသင်းတွေစုပြီး ကဲလိုက်တာ အလွန်။ ပါတီတက်၊ ကလပ်ဘ်သွား၊ ကောင်မလေးတွေနဲ့ရှုပ်၊ စင်ပေါ်တက်က,ချင်က၊ မူးရူးအော်ဟစ်ချင်ဟစ်၊ ရန်ဖြစ်တာလည်း ခဏ ခဏ။

အဲဒီလိုလူမျိုးနဲ့ အမှားခံရသည့် ချစ်လွန်းကို ခများတော့ မသက်သာ။ ကောင်မလေးတွေက ပြဿနာရှာတာတို့၊ ရန်သူတွေက ထိုးကြိတ်ဖို့ လုပ်တာတို့၊ အမြင်မတော်သည့်လူကြီးတွေက ဆူပူကြိမ်းမောင်းတာတို့ကို ခဏခဏ ခံရသည်။ နောက်ပြီး ဂျာနယ်တို့ မဂ္ဂဇင်းတို့မှာ ကျော်ကြားဒါရိုက်တာ ချစ်လွန်းကိုက ဘာညာဆိုသည့် သတင်းတိုစ,တွေ ပါလာတတ်သေးသည်။ ပုံကျတော့ မော်ထက်ပုံ။ ချစ်လွန်းကိုမှာ မနည်းလိုက်ရှင်းရတတ်တာ။

"ဒီတစ်ခါလည်း မော်ထက်နဲ့ အမှားခံရပြန်ပြီပဲ ဖြစ်မှာပေါ့"

"ရှင်းသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... လောလောဆယ်တော့ ရှင်းပြီ၊ ဒါပေမဲ့နော် ကိုယ့်ညီလည်း ကိုယ်ပြောထားဦး၊ သူ့ လုပ်သမျှ ကို့ အပေါ်ပဲ ပုံကျမယ်ဆိုရင်လည်း တရားမမျှတသေးဘူး၊ ပြီးတော့ ကို့က ခက်ဖြာနဲ့ လက်ထပ်တော့မှာ၊ သူလုပ်တဲ့ ပြဿနာတွေ ခက်ဖြာ အထိ လာရိုက်ခတ်မှာကိုတော့ လုံးဝသည်းမခံနိုင်ဘူးနော်"

"အင်းပါ ... အင်းပါကွာ"

ဟွန်း။ သူ့ဘက်က မှားယွင်းစွပ်စွဲမိတာကြီး ထင်ထင်ရှားရှား ပေါ်လာတာတောင်မှ တောင်းပန်ဖော်မရသေး။ တော်တော် တစ်ဖက်စွန်းရောက်ချင်တဲ့ မိန်းကလေးပဲ။

လောလောဆယ် ပြဿနာပြေလည်သွားတာတောင်မှ ခက်ဖြာညီကတော့ သူ့ကိုမိသားစုအပေါ် မကျေနပ်မှုတွေ ပိုများသည်ထက် များလာနေပြီလို့ ချစ်လွန်းကိုက ရင်မောစွာ တွေးမိလေသည်။

❀ ✻ ❀





"တွိ ... တွိ ... တွိ ... တွိ"

ခုခေတ်ပေါ် ဖုန်းတီးလုံးတွေလို အင်္ဂလိပ်သီချင်း၊ မြန်မာသီချင်း၊ ကိုရီးယားသီချင်းတွေ ထည့်ထားဖို့မပြောနဲ့ တီးလုံးသံစဉ်လေးလောက်တောင် မလုပ်ထားဘဲ တတွိတွိနဲ့ နှိုးစက်သလို အသံဆိုး အသံကြွဲကြီးကိုသာ ရင်း(ဂ်)တုန်း(န်)လုပ်ထားသည့် ချစ်လွန်းကိုရဲ့ဖုန်းသံကြီး ထ,မြည်လာပြန်ပြီ။

နှစ်ယောက်စလုံးဟာ အလုပ်ကိုယ်စီနဲ့မို့ တစ်ခါတလေ ဆုံကြလျှင်တောင်မှ ကိုယ့်စကားပြောရတာကနည်းနည်း ဖုန်းမြည်လို့ ထ,ဖြေရတာက များများဖြစ်နေသည်။

ချစ်လွန်းကို ဖုန်းလာလို့ ပြောလက်စ, ခဏရပ်ပြီး ဖုန်းဖြေလိုက်၊ ခက်ဖြာညီ့ဖုန်းက လာပြန်လို့ စကားတောင်ပြန်

www.burmeseclassic.com

www.burmeseclassic.com



မစ,ရသေး ဖုန်းပြောရလိုက်၊ တစ်ခါ ခက်ဖြာညီ ပြောပြီးပြန်တော့ ချစ်လွန်းကိုဖုန်းက ပြန်မြည်ချင်မြည်၊ ဒါမှမဟုတ် ခက်ဖြာညီရဲ့ ဖုန်းကပဲ နှစ်ခါမြည်။

တစ်ခါတစ်ရံ နှစ်ယောက်စလုံးရဲ့ဖုန်းတွေက ပြိုင်တူမြည်လာသည့်အခါ ရှိသေးသည်။ ဘယ်သူ့ဖုန်းပဲလာလာ ကျန်သည့်တစ်ယောက်က မျက်နှာစူပုပ်ပုပ်နဲ့ ဖြစ်သွားကာ ဖုန်းဖြေရသူကတော့ အားတုံ့အားနာ မျက်နှာပူပုံနဲ့ စပ်ဖြဲဖြဲ ကုပ်ချိချိ ပုံစံလေး ပြောင်းသွားရတတ်မြဲ။

"ပြောပါ ... ပြောပါ ... ဒီနေ့အဖို့တော့ ဘာစကားမှ ပြောဖြစ်မှာ မဟုတ်တော့ဘူး၊ ဖုန်းဖြေနေရတာနဲ့တင် ပြီးမှာပဲ"

"အိမ်ကဖုန်းပါလား၊ ခဏပါကွာ၊ မေမေ မှာစရာရှိလို့ ထင်တယ်၊ ဟုတ်ကဲ့ မေမေ၊ ပြောပါ"

"သား အရေးကြီးလို့ကွယ့်၊ သားလေးလေးစိုး အရက်မူးပြီး သောင်းကျန်းနေတယ်လို့ စားသောက်ဆိုင်က ဖုန်းဆက်လို့"





"ဘာ ... လေးလေးစိုး၊ ဟာ ... ဖြစ်ပြန်ပြီဗျာ၊ ဘယ်ဆိုင်လဲ၊ မိုးကျရွှေကိုယ်ပဲလား"

"အင်း ... ဟုတ်တယ်၊ သူသွားနေကျ ဘီယာစတေးရှင်လေ"

"အဲဒါ သားက ဘာလုပ် ..."

"နည်းနည်းပါးပါး ချော့မော့ပြီး ပြန်ခေါ်လာခဲ့ပါလား သားရယ်၊ မေမေလည်း စိတ်ညစ်ပါတယ်၊ ဒီမောင်လေး တစ်ယောက်ကို အငယ်ဆုံးမို့ ဝိုင်းအလိုလိုက်ထားကြတာ အခုမှ ဒုက္ခကောင်းကောင်း ရောက်တော့တယ်"

"ဒုက္ခကလည်းဗျာ၊ ရောက်မဲ့ရောက် မေမေတို့ ငယ်ငယ်ရွယ်ရွယ်ခေတ်တုန်းက ရောက်ပါလား၊ သားခေတ်ကျမှ လာရောက်တော့ ဒုက္ခတကယ်ခံစားရတဲ့သူက သားပဲဖြစ်နေတာပေါ့"

"သားကလည်းကွယ်၊ ဒီလောက်ကလေးတော့ လုပ်ပေးလိုက်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ခက်တာပဲဗျာ၊ လေးလေးစိုးကို အမြန်ဆုံး မိန်းမသာရှာပေးစားလိုက်ပါ၊ တစ်နှစ်တည်း နှစ်မင်္ဂလာမကောင်းဘူးဆိုကျွန်တော် နောက်ဆုတ်ပေးပါ့မယ်၊ သူ့ထိန်းမဲ့သူ ပေါ်လာရင်ပဲ တော်ပြီ"

"အင်းပါ ... အင်းပါ သားရယ်၊ နောက်တစ်ခါကျရင်သားကို မခိုင်းတော့ပါဘူး၊ သားဖေဖေ ရှိနေရင်တောင်သူ့ကို ခိုင်းပါတယ်၊ မောင်လေး အစိုးက သူ့ယောက်ဖတော့ အကြောက်သားပါ"

မောင်လေးအစိုးတဲ့။ ဟွန့် ...။ မေမေဟာလေ။ ဒီလောက်ဒုက္ခမျိုးစုံပေးတဲ့ မောင်ကိုတောင် စိတ်နာဖော် မရဘဲချစ်စနိုးလေး ခေါ်နိုင်သေးသည်။

ချစ်လွန်းကိုကဖြင့် လေးလေးစိုးကို စိတ်အပျက်ကြီးပျက်လှပါပြီ။

ငယ်ငယ်တုန်းကတော့ လေးလေးစိုးကို ချစ်သား။ တွေ့ဝရီးဆိုပေမဲ့ မေမေ့မောင် အငယ်ဆုံးမို့ လေးလေးစိုးနဲ့ချစ်လွန်း





ကိုက အသက်ချင်းသိပ်မကွာ။ ဆယ်နှစ်လားပဲကွာသည်။ ဒီတော့အခေါ်အဝေါ်အားဖြင့်သာ လေးလေးစိုး ခေါ်တာ၊ ပေါင်းတော့သူငယ်ချင်းပေါင်း။ ကလေးအရွယ်ပီပီ ကိုယ့်ထက်နည်းနည်းပိုကြီးသော ကလေးကို ဟီးရိုးလိုသဘောထားပြီး အထင်တကြီးရှိခဲ့ဖူးသည်။

လေးလေးစိုးကလည်း သူ့တူလေးကို ချစ်မှချစ်။ ဘယ်သွားသွား ကျောပိုးကာ ခေါ်သွားလေ့ရှိသည်။ (ကံကောင်းလို့လေးလေးစိုးနဲ့ အနေနီးပါလျက် သူ့အကျင့်တွေ ကူးစက်မလာတာ။)

အသက်ကလေး ရလာတော့ တဖြည်းဖြည်း ကိုယ့်လိုင်းနဲ့ကိုယ် ကွဲသွားကာ အတွဲမမိတော့ပေမဲ့ လေးလေးစိုးကတော့ချစ်လွန်းကို့ကို ချစ်ရှာပါသေးသည်။ ချစ်လွန်းကိုကသာ ဂဂျီကျောင်နိုင်သော၊ ပြောရဆိုရခက်သော၊ ဒုက္ခပေးလှသော ဦးရီးတော်ကို သိပ်ကြည့်မရချင်တော့တာ။

လေးလေးစိုးကလည်း လေးလေးစိုးပင်။ အရက်သို့သင်းမိုးချုပ်သောက်၊ အရက်သောက်ပြီးတာနဲ့ သွေးဆူသောင်း



www.burmeseclassic.com

www.burmeseclassic.com



ကျန်း၊ လူတကာကို လိုက်ပြီးရစ်၊ ပြဿနာရှာ။ နောက်ဆုံးတော့ ရန်ဖြစ်ရော။

သူနဲ့ ပြိုင်ရန်ဖြစ်မည့်သူ မရှိလျှင်လည်း စားပွဲထိုးကို ဖြစ်ဖြစ် ရန်ရှာကာ တစ်ကိုယ်တော် သောင်းကျန်းပြပါပြီ။

ဒီအရွယ်ကြီးကျကာမှ အိမ်က လိုက်ရှင်း၊ လိုက်တောင်းပန်နေရတာကိုလည်းမရှက်။ အားလုံးက ဘယ်လောက်ဝိုင်းပြောပြော နောက်နေ့ကျ သွေးဆူရန်ပူမြဲပင်။

"သား ... ဒါပဲနော်၊ အခုပဲ သွားလိုက်နော်"

"မေမေ ... ကျွန်တော်က အခု ..."

တစ်ဖက်က ဖုန်းချသွားပြီ။ ဘာတတ်နိုင်တော့မှာလဲ။ မေမေခိုင်းတဲ့အတိုင်း လိုက်လုပ်ဖို့ပဲ ရှိတော့တာပေါ့။

"ကိုယ် အခု အပြင်ခဏသွားစရာ ပေါ်လာလို့"

"သိတယ်လေ၊ လေးလေးစိုး အရက်ဆိုင်မှာ ပြဿနာရှာနေတာ သွားရှင်းပေးရမယ် မဟုတ်လား"

"အင်း ... ဟိုဟာ၊ ချိတ်ဆိုင် သွားဖို့က ..."





"တော်ပါပြီ၊ ကို့မှာ အရေးတကြီး သွားစရာရှိနေတဲ့ဟာ၊ ချိတ်ဆိုင်သွားတော့ရော စိတ်အေးလက်အေး ရွေးနိုင်ဦးမတဲ့လား"

"ဒါဆိုလည်း လေးစိုးဆီ ခဏသွားလိုက်ပြီး အပြန်ကျ ချိတ်ဝင်ရွေးမယ်ကွာ၊ မကောင်းဘူးလား"

"တော်ပါပြီဆို ... သူ့ကိစ္စက ဘယ်လောက်ကြာမယ်ဆိုတာလည်း မပြောနိုင်ဘူး၊ ဈေးပိတ်ကာနီးမှ ကပ်ရောက်သွားတော့လည်း ဘယ်လိုလုပ် စိတ်တိုင်းကျ ရွေးမလဲ။ ပြီးတော့ ဒီကိစ္စမျိုးကြီး ဖြစ်သွားတာ ကျက်သရေယုတ်သွားပြီပေါ့၊ မင်္ဂလာဆောင်အတွက် ချိတ်ရွေးတာ ကျက်သရေမင်္ဂလာရှိမှ အတိတ်ကောင်းမှာ"

"လေးစိုးကို အဲဒီလိုတော့ မပြောပါနဲ့ကွာ၊ သူက အရက်မူးရင် သွေးဆိုးတတ်ပေမဲ့ လူကောင်းပါ"

"အရက်သောက်တတ်တာကိုက ကောင်းတာမဟုတ်တော့ဘူး၊ အရက်မူးရင် သွေးဆိုးတယ် ဆိုတာကလည်း မကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူး၊ တခြားဟာတွေ ကောင်းနေတယ်ဆိုရင်တောင်မှ ရ
နှုန်းပြည့် အကောင်းသမားတော့ မဟုတ်နိုင်တော့ဘူး"

ခက်ဖြာညီက ကိုယ့်ဦးလေးအရင်းကြီး တစ်ယောက်
လုံးကို ပွတ်ပွတ်ခတ်ခတ် ပြောနေတာကို မခံမရပ်နိုင်ပေမဲ့ ဘာ
မှလဲ မတတ်နိုင်။

ကိုယ့်ဦးလေး ကိုယ်တိုင်ကလည်း ဟုတ်မှ မဟုတ်
တာကိုး။ အပြောခံရတာတောင် နည်းသေးဆိုတာမျိုး ဖြစ်နေပေ
တာကိုး။

"ကဲပါ ... နောက်ဆံငင်ချင်ဟန်ဆောင်မနေနဲ့၊ သွားစရာရှိ
တာသွား၊ မင်္ဂလာဆောင်က ဝေးသေးတာပဲ၊ ခုလည်း
ချိတ်ကဝယ်ဖို့မှ မဟုတ်သေးတာ၊ ကြည့်ရုံကြည့်ထားမှာ
မဟုတ်လား၊ နောက်ဆုံးအချိန်ကပ်လို့မှ အဆင်မပြေရင်
တော့ အမရပူရက အန်တီရွှေဆီ ဖုန်းဆက်ပြီး ကောင်းမယ့်
ထင်တာလေး တစ်စုံလောက် ပို့ပေးပါလို့ပဲ ပြောလိုက်တော့
မယ်"





အင်း ...။ ခက်ဖြာညီတို့ကတော့ ရွဲ့ပြန်ပြီထင်ပါရဲ့။
ကိုယ့်ဘက်ကလည်း ဆွေမျိုးတွေ စုံသလောက် ပြဿနာက စုံပေ
တာမို့ ပြောလည်း အပြောခံရချင်စရာ။

ချစ်လွန်းကိုမှာတော့ ပဲလှော်နှစ်ချပ်ကြား ဆားညပ်
သည့် အဖြစ်မျိုးနဲ့ မကြာခဏ ကြုံရမည့်အဖြစ်ကိုတွေးကာ ရင်
ထဲ လေးလံလာသလို ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကတော့ ချိတ်မဝတ်ချင်ဘူး။ ကျွန်မအစ်ကိုတစ်ယောက်ကို နိုင်ငံခြားက ဘရိုကိတ်ဖြစ်ဖြစ်၊ အီတလီပိုးစုံပဲဖြစ်ဖြစ်၊ ဂျပန်ကီမိုနိုအစစ်ပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် ဆွစ်ဇာအစစ်ပဲဖြစ်ဖြစ် လှမ်းပို့ခိုင်းပြီး ဝတ်ရကောင်းမလားလို့၊ ခုခေတ်မှာ ကိုယ်တိုင်ဆိုင်သွားပြီး အဆင်ရွေးဖို့မှ မလိုတာ၊ အင်တာနက်ထဲမှာ ကိုယ်ကြိုက်တဲ့ဒီဇိုင်းကိုရှာပြီး အစ်ကို့ဆီအီးမေးလ် လှမ်းပို့လိုက်ရုံပဲ၊ မမလည်း ကိုယ့်စိတ်ကြိုက်လိုက်ရွေးလေ၊ အတူတူ တစ်ခါတည်း မှာလိုက်ကြတာပေါ့"

လာပြီ။ ဖြစ်ပြီ။

ချစ်လွန်းကိုအမေ ဒေါ်ယုယုခိုင်နဲ့ စကားပြောရလျှင် ဒီလိုပဲ အထစ်အငေါ့၊ အလွဲအချော်တွေ ဖြစ်နေကျ။





ကြည့်ပါဦးလေ။ ကိုယ့်သားသမီး မင်္ဂလာဆောင်မှာ အမေပီပီ ကျက်သရေရှိရှိ ချိတ်လုံချည်လေးတော့ ဝတ်သင့်တာပေါ့။ ဘရိုကိတ်၊ ပိုး၊ ကီမိုနို၊ ဇာ ဆိုတာတွေက သူတို့ဟာနဲ့သူတို့ မိုးပျံအောင် ဈေးကြီးပဲနေနေ၊ နတ်ဝတ်တန်ဆာလို လှပကြွရွလို့ပဲနေနေ ချိတ်လောက်တော့ မြန်မာဆန်ဆန် ကျက်သရေရှိကာ ပွဲလယ်တင့်နိုင်မှာ မဟုတ်။

"ကျွန်မကတော့ ချိတ်ပဲ ဝတ်မှာ၊ အမရပူရက အသိဆီမှာ ဒီဇိုင်းပေးပြီး အပ်မလားလို့ စဉ်းစားထားတာ၊ ကျွန်မတို့နှစ်ယောက်ညှိပြီး ပုံစံမတိမ်းမယိမ်းကလေး အရောင်ကွဲတစ်စုံစီ မှာလိုက်လို့ရတယ်"

"စိတ်တော့မရှိနဲ့ မမရယ်၊ ယုက ကတော်လည်းမဟုတ်တော့ ချိတ်ဆိုတာ ဝတ်လေ့ဝတ်ထကို မရှိဘူး၊ မင်္ဂလာဆောင်တုန်းကတောင် အနောက်တိုင်းဝတ်စုံနဲ့ပဲ ဆောင်ခဲ့တာဆိုတော့ ဂါဝန်ပဲဝတ်ခဲ့တာ၊ ယု တစ်သက်မှာ တစ်ခါမှ ချိတ်မဝတ်ဖူးဘူး၊ ကြိုက်လည်း မကြိုက်ဘူး၊ အသားက



www.burmeseclassic.com

www.burmeseclassic.com



ကြမ်းကြမ်း ထောင်ထောင်တောင့်တောင့်ကြီးနဲ့ ဝတ်ရခက် လိမ့်မယ်ထင်တယ်"

"ဝတ်နေကျ မဟုတ်ရင်တော့ နည်းနည်းခက်မှာပေါ့လေ၊ ဒါဆိုလည်း စကတ်ထဘီချုပ်ဝတ်လို့ ရသားပဲ၊ ချုပ်နေကျ ကျွမ်းကျင်တဲ့သူတွေ ရှိပါတယ်"

"ဒါပေမဲ့ နေရခက်မှာပဲ"

ကိုယ့်သား တစ်ခါတလေလေး မင်္ဂလာဆောင်တဲ့ ပွဲမှာ အမေလုပ်တဲ့သူက ဒီလောက်တောင် အပင်ပန်းခံမပေးနိုင် ဘူးလားလို့ ဒေါ်မေမြတ်ကြည်က မေးလိုက်ချင်သည်။

ချစ်လွန်းကို့ရဲ့ အမေဟာ (သူ့ဘက်က တကယ်ပဲ ရိုးရိုးသားသား ဟုတ်သလား မဟုတ်လား မပြောတတ်ပေမဲ့) တမင်တကာ ပွဲလိုက်ဖျက်နေတာနဲ့တောင် တူသည်။ သူတို့ဘက် က ကိုယ့်သမီးကို ရွှေရေးပန်းဆက် အလေးအနက် တန်ဖိုးထား တောင်းရမ်းခဲ့တာမျိုး မရှိဘူးဆိုလျှင် တကယ်သဘောတူတာ မဟုတ်ဘူးလို့တောင် သံသယဖြစ်ချင်ဖွယ်။





"ဟိုးတလောက အစ်ကိုပို့ပေးလိုက်တဲ့ ဘရိုကိတ်ကလေး ဟာလေ မိုးပြာလွင်လွင်အခံမှာ မိုးပြာရောင်နဲ့ ငွေရောင် ခြည်တွေ ရောထားတာ၊ အိလည်းအိ၊ အသားလည်းချော အဆင်ကလည်း မကလက်ဘူး၊ အရောင်လည်း တောက် တယ်၊ အဲဒါမျိုး မှာရကောင်းမလားလို့ ယူအက်စ်ငါးရာ ကျော်ဆိုတော့ ဈေးလည်းသင့်ပါတယ်"

ဒေါ်ယုယုနိုင်က ချိတ်မဝတ်တာဟာ အပေါ်လိုက် ချင်လို့၊ တော်ရုံလျော်ရုံ လုပ်ချင်လို့ဆိုပြီး အထင်သေးမှာစိုးလို့ ပြောပစ်လိုက်တာ။ အဲဒီတုန်းက အစ်ကိုပို့ပေးလိုက်သည့် အစဟာ တကယ်တမ်း ဒေါ်လာငါးရာတော့ မတန်။ တစ်ရာ့ငါးဆယ်လား ပဲ တန်သည်။ အစ်ကိုက အကောင်းစားဆိုရင် ငါးရာလောက်ရှိ သည်လို့ ပြောဖူးတာကို အမှတ်ရလို့ ပြန်ပြောတာ။

"ဈေးက အရေးမကြီးပါဘူး၊ လူပြော သူပြော မခံရဖို့က အရေးကြီးတာ၊ ဘယ့်နှယ်ကွယ်၊ ကိုယ့်သားသမီး မင်္ဂလာ ဆောင်မှာ အမေလုပ်တဲ့သူက သူများပွဲတက်သလို ဝတ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါ့မလား၊ ခန့်ခန့်ညားညား ဖြစ်နေရမှာပေါ့။ ပြီးတော့ သမီးတို့ သားတို့ဆိုတာကလည်း လူသိများတဲ့ ဆယ်လီဘရိတီတွေ ဖြစ်နေတော့ သူတို့ပွဲအကြောင်းက ဂျာနယ်တွေ မဂ္ဂဇင်းတွေတဲပါမှာ၊ အမ်အာတီဗီဖိုးမှာတောင် ပါချင်ပါလာဦးမယ်၊ ဒီတော့ အမေတွေက နုံနုံချာချာ ဖြစ်နေလို့ ဘယ်အဆင်ပြေပါ့မလဲ"

ဟွန့်။ သူ့ချိတ် မဝတ်တာနဲ့များ နုံချာရဦးမတဲ့။ စည်ပိုင်းကို ဖျာလိပ်ပတ်ထားသလိုမျိုး ကိုယ်နဲ့မကပ်တမ်း တောင့်တောင့်ရောင့်ရောင့်ကြီး ဖြစ်နေသည့် အဆင်ကြီးကြီး၊ အသားကြမ်းကြမ်း အဝတ်အစားကြီးကိုဝတ်လို့ လုပခန့်ညားသွားသည်လို့တော့ ဒေါ်ယုယုနိုင်က မထင်ပါ။ ကိုယ်နဲ့လိုက်ဖက်ပြီး ခေတ်မီသည့် အသွင်ဆောင်မှပဲ လှမည်လို့ ထင်သည်။

"မင်္ဂလာဆောင်က လိုသေးတယ်ဆိုပေမဲ့ လှမ်းမှာရမှာ ချုပ်ရမှာနဲ့ဆို အချိန်က အတော်လောက်ပဲနော်၊ ခုကတည်းက စိတ်ကြိုက်ရွေးထားသင့်တယ်"





"ဒါဆိုလည်း တစ်ခုခုတော့ ဖြတ်မှပေါ့၊ နှစ်ယောက်က အကြိုက်ချင်းမတူတော့ ကိုယ့်စိတ်ကြိုက်ပဲ ကိုယ်ဝတ်ကြမလား"

"အဲဒီလိုတော့ မကောင်းဘူးထင်တယ်၊ တစ်ယောက်တစ်မျိုးစီ ဖြစ်နေကြရင် သတို့သမီးအမေနဲ့ သတို့သားအမေက အချင်းချင်း မကျေလည်ကြလို့ တိုက်ဆိုင်ပြီး မဝတ်တာလား ဘာလား ပြောစရာ ဖြစ်နေဦးမယ်"

ဟုတ်မှလည်း ပြောပါရှင်။ သူ့ကျတော့ ထောင်မလဲသဲကော်ချိတ်ဝတ်စုံကြီးနဲ့ ခန့်ခန့်ရင့်ရင့်ကြီး ဖြစ်နေပြီး ဒေါ်ယုယုနိုင်က ဘရိုကိတ် အဆင်လှလှလေးနဲ့ ချုပ်ချုပ်ရပ်ရပ် နုနုရွရွ၊ ဆန်းဆန်းပြားပြားလေးဖြစ်နေမှာကိုလည်း စိုးသေးတာမဟုတ်လား။

"မေမေတို့ကလည်းလေ စိတ်ညစ်ပါတယ်၊ ဒီအဝတ်အစားကိစ္စလောက်လေးတော့ ကိုယ့်ဘာသာ ညှိယူကြတော့ပေါ့၊ နေရာတကာ သမီးတို့ပဲ ပြန်ပြန်မေးနေတော့ သမီးတို့မှာလည်း အလုပ်တစ်ဖက်နဲ့ ကိုယ့်ကိစ္စလေး လာဖို့တောင်



www.burmeseclassic.com

www.burmeseclassic.com



မနည်းအချိန်ယူနေရတာ၊ အပိုတွေပြောပြီး အချိန်ကုန်မခံနိုင်တော့ဘူး”

နှစ်ယောက်ဆွေးနွေးပွဲမှာ မတင်မကျ ဖြစ်နေလို့ ကိုယ့်ကလေးတွေကို တိုင်ပင်ပြန်တော့ နှစ်ယောက်စလုံးက စိတ်ပါလက်ပါ မရှိကြ။

“ကျွန်တော်တို့ သားသမီးတွေအနေနဲ့က ဒီလောက်ကြီး ဝင်ပြောဖို့ မကောင်းတော့ဘူးလေ၊ မေမေတို့ပဲ အဆင်ပြေမဲ့ နည်းလမ်းကို စဉ်းစားပေါ့၊ ဒါမှမဟုတ်ရင်တော့ ချိတ်တစ်ခြမ်း ဘရိုကိတ်ကတစ်ခြမ်း ဝတ်ကြတော့ပေါ့”

ကာယကံရှင် မဟုတ်တဲ့သူတွေကတော့ ရယ်စရာ နောက်စရာအဖြစ်နဲ့ ပြောနိုင်ကြမှာပေါ့။ ကာယကံရှင် အမေနှစ်ယောက်မှာသာ “ဘာဝတ်မလဲ”ဆိုသည့် ကိစ္စက ခေါင်းခဲလောက်အောင် နောင့်ယှက်သည်။

“ကဲပါ ... ဒီလိုလုပ်ကြပါလား၊ မင်္ဂလာဆည့်ခံပွဲမှာတော့ ချိတ်ဆင်တူကိုပဲ အရောင်ကွဲလေး ဝတ်လိုက်ကြပါ၊ ချိတ်





နှစ်ထည်စလုံး မေမေက ဝယ်ပေးလိုက်မယ်၊ ညဒင်နာကျရင် အန်တီယု စိတ်ကြိုက် ဘရိုကိတ်ဖြစ်ဖြစ် ဇာဖြစ်ဖြစ် အီတလီပိုးစပဲဖြစ်ဖြစ် ဝတ်ပေါ့၊ အဲဒီအတွက်တော့ အန်တီယုကပဲ တာဝန်ယူမှာပေးပါ”

နောက်ဆုံးတော့ ခက်ဖြာညီကပဲ ဝင်ဖြေရှင်းပေးလိုက်ရကာ အမေနှစ်ယောက်စလုံးလည်း (မတတ်သာလို့ပဲ ဖြစ်ဖြစ်) စိတ်ကျေနပ်မှု ရသွားကြတော့သည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



"ကို, ခက်ဖြာဆီ ခုချက်ချင်း လာခဲ့ဦး၊ အရေးကြီးတာ တစ်ခု ပြောစရာရှိတယ်"

ဖုန်းထဲက ကြားရတာ ဖြစ်ပေမယ့် ခက်ဖြာညှိအသံထဲ ပါလာသည့် ဒေါသလှိုင်းလုံးရဲ့ အမြင့်ပေဟာ ဘယ်လောက်ရှိပြီး စိတ်လှုပ်ရှားမှု ပြင်းအားက ဘယ်လောက်ရှိသည်ဆိုတာ ချစ်လွန်းကိုက မှန်းဆကြည့်လိုက်နိုင်သည်။

လုပ်စရာတွေ များတဲ့နေ့မှကွာ။ သူ့ကြော်ငြာတစ်ခု ပြန်ပြင်ရမှာရယ်၊ အချိုရည်ကြော်ငြာအသစ်တစ်ခုအတွက် လှိုင်သာယာစက်မှုဇုန်က အချိုရည် စက်ရုံဆီ သွားရဦးမည်။ နောက်ပြီး ဆောက်လုပ်ရေးလုပ်ငန်း ကြော်ငြာတစ်ခုနဲ့ ပတ်သက်ပြီး ဆွေးနွေးဖို့





နာမည်ကြီး မင်းသားတစ်ယောက်နဲ့ ချိန်းထားတာကလည်း မသွားမဖြစ် သွားရမှာ။ မင်းသားက ဒိတ်ဒိတ်ကြဲမင်းသားပီပီ အချိန်ကရှားပါးလှတာ။

ကြော်ငြာကိစ္စပြောဖို့ နာရီဝက်လောက်ကလေး အချိန်ယူချင်တာတောင် ကြိုချိန်းထားရတာ တစ်ပတ်ကျော်ရှိပြီ။

ရှားရှား ပါးပါးရသည့် အခွင့်အရေးကို ကိုယ့်ဘက်က အဆုံးရှုံးခံလို့မဖြစ်။

ခက်ဖြာညှိဆီလည်း မသွားလို့ မဖြစ်ပေ။ သူ့ကို ဖုန်းဆက်ပြီး တွေ့ဖို့ချိန်းရာမှာ ခက်ဖြာညှိ လေသံက အမျိုးမျိုးရှိသည်။ ချိုချိုသွဲ့သွဲ့၊ ချွဲချွဲနွဲ့နွဲ့ကလေးဆိုရင် တစ်ခုခုပူဆာဖို့၊ ဒါမှမဟုတ် နိုင်းဖို့ခေါ်တာ၊ ခပ်တွန့်တွန့်၊ ရက်ကိုးရက်ကန်းကလေးဆိုရင် အားလပ်လို့၊ ဒါမှမဟုတ် သတိရလို့ တွေ့ချင်လို့ခေါ်တာ၊ ခပ်ဆောင့်ဆောင့်အောင့်အောင့်ကလေးဆိုလျှင် မကျေနပ်တာရှိလို့ ဆူပူရန်တွေ့ချင်တာ။ အခုလို မုန်တိုင်းထန်လောက်အောင် လိုက်လိုက်ခါနေသော အသံကတော့ ဘာအကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်လို့တောင် ခန့်မှန်းလို့မရတော့လောက်အောင် ပြင်းထန်လွန်းလှသည်။

ဒီလောက် ဆူပွက်သောင်းကျန်းနေမှတော့ ချက်ချင်းလက်ငင်း သွားမတွေ့လို့ မဖြစ်တော့ဘူးလို့ ချစ်လွန်းကိုက သဘောပေါက်လိုက်ပြီးသား။ တခြားအရေးကြီးကိစ္စတွေ ဖျက်ချင်ဖျက် ခက်ဖြာညီနဲ့ တွေ့ဖို့ကိစ္စကိုတော့ ဖျက်လို့မရ။

စိတ်ရှုပ်ရှုပ်နဲ့ပဲ မြန်မြန်လက်စသိမ်းရမည့်ကိစ္စတွေကိုသိမ်း၊ ဒီနေ့လုပ်လို့ မဖြစ်တော့လောက်သည့် အလုပ်တွေကို ဖျက်သိမ်းကြောင်း ဖုန်းဆက်အကြောင်းကြားတန်ကြား၊ ကိုယ်မပါပဲ လွှဲထားလို့ရသည့် ကိစ္စတွေကိုလွှဲဖို့ တပည့်တွေကို မှာတန်မှာ။ အားလုံးလုပ်ပြီးချိန်မှာ ချွေးခွဲနေသော တီရှပ်ပေါ် ရှပ်အင်္ကျီအကွက် လက်တိုတစ်ထည် ကောက်စွပ်ကာ ခက်ဖြာညီ့ထံ အမြန်ထွက်လာခဲ့ရသည်။

"ခက်ဖြာ ... ဘာတွေ အရေးကြီးလို့လဲ"

"ဒီမှာလေ ... ဒါ ဖတ်ကြည့်လိုက်ဦး"





မြတ်စွာဘုရား။ ဂျာနယ်တစ်စောင် ပေါင်ပေါ်ပစ်တင်လိုက်ပြီဆိုလျှင်ပင် ချစ်လွန်းကိုက အခြေအနေကို သဘောပေါက်သလောက် ရှိသွားပြီ။

မော်ထက်။ မော်ထက်ကိစ္စပဲ ဖြစ်ဖို့များတာပေါ့။

အဲဒီ မော်ထက် ဆိုသည့်ကောင်ဟာ လွန်ကိုလွန်လွန်းအားကြီးသည်။ သူ့ဘာသာလည်း ကောင်းကောင်းမနေ၊ ဆိုးသွမ်းရှုပ်ပွေချင်လျှင်လည်း သူ့နာမည်နဲ့သူ ရှုပ်ထားလျှင် အကြောင်းမဟုတ်။ ဒီကောင်က ရှုပ်ကလည်းရှုပ်သေး၊ နာမည်တစ်ခုနဲ့ လူအထင်ကြီးကလည်း ခံချင်သေး ဆိုတော့ တချို့နေရာတွေမှာ ချစ်လွန်းကို နာမည်ကို သုံးတတ်သည်။ ကောင်မလေးစုစုဝေးဝေးတွေကြားမှာ အထင်ကြီးခံချင်လျှင်၊ စကားအခြေအတင်ရန်ဖြစ်ကြရင်း သူ့ကို လူရှိန်စေချင်လျှင် ချစ်လွန်းကို နာမည်ကိုယူသုံးလိုက်တာပဲ။

သူကတော့ ပေါ့ပေါ့ကလေး လုပ်လိုက်တာပဲ။ အဲ ... တကယ့်နာမည်တစ်လုံးနဲ့ လုပ်စားနေရသည့် သူကျတော့ သူ့လုပ်ရပ်ကြောင့် အများကြီး ထိခိုက်နစ်နာသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုကြပါစို့။ ချောင်းသာသွားလည်ရင်း ခမ့်ကဲကဲ ကောင်မလေးတစ်သိုက်နဲ့ တွေ့ကြပြီဆိုပါစို့။ ငတိက သူ့ကိုယ်သူပဲ နာမည်ကြီး ကြော်ငြာဒါရက်တာ ချစ်လွန်းကို ဆိုပြီး ပြောပါလေရော။

မိန်းကလေး ဆိုတာကလည်း ကြော်ငြာတော့ ကြိုက်တတ်သည့် လူစားမျိုးချည်းပဲဆိုတော့ ချစ်လွန်းကို ဆိုတာနဲ့ အထင်တကြီး ဖြစ်သွားပြီ။ အဲဒီမှာတင် မေးမြန်းစရာ ဆွေးနွေးစရာတွေနဲ့ အဖွဲ့ကျသွားပါလေရော။ နောက်ပြီး အဲဒီထဲက တစ်ယောက်၊ ဒါမှမဟုတ် နှစ်ယောက် သုံးယောက်လောက်နဲ့ အိစီကလီတွေဖြစ်၊ ပြဿနာတွေတက်ကြ၊ ဒါမှမဟုတ်လည်း ကောင်မလေးတွေက ဒါရိုက်တာချစ်လွန်းကို ဆိုတာ ငါ့ရည်းစားပါလို့ ကြော်ငြာကြ။ ဒီသတင်းဂျာနယ်သမားတွေဆီ ရောက်သွားလည်း ပြဿနာ။ ဒါမှမဟုတ်လည်း ခက်ဖြာညီ အပေါင်းအသင်းတစ်ယောက်ယောက် ..ာတစ်ဆင့် ခက်ဖြာညီနားထဲ ရောက်သွားတော့လည်း ပိုပြဿနာ။





"သေချာလည်း ကြည့်လိုက်ဦး အတွင်းဘက်မှာ၊ စာမျက်နှာ ရှစ်က အပေါ်ဆုံးထောင့်ကွက်ကို"

ခက်ဖြာညီ ညွှန်းသည့်နေရာကို ကြည့်လိုက်တော့ ဘာရိုက်မှာလဲ ဒါရိုက်တာ ကြော်ငြာလား လူလားတဲ့။ အောက်က စာသားတွေကို ခပ်ရှန်ရှန် ဖတ်ကြည့်လိုက်တော့ ကမာရွတ်ဘက်က ကာရာအိုကေဆိုင် တစ်ဆိုင်မှာ သီချင်းဆိုကြရင်း အဖွဲ့နှစ်ဖွဲ့ရိုက်ကြတာ၊ တစ်ဖွဲ့ကို ခေါင်းဆောင်သူက နာမည်ကြီးကြော်ငြာ ဒါရိုက်တာ ချစ်လွန်းကို ဖြစ်နေသည်တဲ့။

"တောက် ... ဒီကောင် လုပ်ချလိုက်ပြန်ပြီကွာ"

ချစ်လွန်းကိုမှာ မချင့်မရဲ ကြိမ်းမောင်းရုံမှတစ်ပါး တခြားမတတ်နိုင်။ မော်ထက်ကို ခုချက်ချင်းကြီး ပြေးထိုးလို့ကလည်းမရ။

"သတင်းကို အဆုံးအထိရော ဖတ်သေးရဲ့လား၊ အောက်နားမှာ ကာရာအိုကေဆိုင်က ကောင်မလေးတစ်ယောက်ကို သီချင်းတွဲဆိုဖို့လုရင်းနဲ့ ရန်စဖြစ်ကြတာဆိုပြီး ရေးထားသေးတာ"



www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်ကလည်း အနုပညာသတင်းဂျာနယ်မဟုတ်၊ မှုခင်းသတင်းဂျာနယ် ဖြစ်နေတော့ကာ သတင်းရေးရာမှာ အစ လောက်ကလေး ထုတ်ထားပြီး ဟိုလိုလို သည်လိုလို ထင်ယောင် ထင်းမှား ဖြစ်ရုံလောက်ကလေးမရေး။

ဖြစ်ပျက်သမျှ အကြောင်းအရာ အကုန်အစင်ကို မချွင်းမချန် မကွယ်မဝှက် အရင်းအတိုင်း ရေးထည့်လိုက်ပေရာ စင်းစင်းကြီး သိသာထင်ရှားနေတော့သည်။

"သူတို့ရေးတဲ့အတိုင်း ဆိုရင်တော့ ဒါရိုက်တာချစ်လွန်းကို ဟာ ဘူးကြီး၊ မိန်းမကိစ္စရှုပ်တဲ့လူကြီး၊ စားမန်ခုတ်ပြီး ရန်ဖြစ်ဖို့ ဝန်မလေးတဲ့ အရှက်မရှိကြီးလို့ပဲ လူတွေကထင် ကြမှာ"

ချစ်လွန်းကိုက အနေရခက်သလို ခေါင်းကိုထိုးဖွ ကုတ်ခြစ်ပစ်လိုက်ပြီး ...

"အဲလိုထင်လည်း ဘယ်တတ်နိုင်မှာလဲ၊ ကိုယ်မှမဟုတ် တာကွာ၊ ကိုယ့်အသိုင်းအဝိုင်းကတော့ အကြောင်းသိမှာပါ"





"ဟုတ်တယ်လေ၊ ကိုယ့်အသိုင်းအဝိုင်း လက်တစ်ဆုပ်စာ လေးကတော့ သိမှာပေါ့၊ အများစုက မသိတာခက်တာ၊ ချစ်လွန်းကိုဆိုတဲ့ နာမည်ကြီးကျတော့ အဲဒီလူများစုက သိနေတယ်လေ"

ကိုယ့်စိတ် ကိုယ့်သဘောနဲ့သာဆိုလျှင်တော့ ဘယ် သူသိသိ မသိသိ ကိုယ့်ဘက်ကမှန်နေလျှင် ပြီးတာပဲလို့ သတ်မှတ် ကာ ခပ်ပေါ့ပေါ့ပဲ သဘောထားလိုက်မှာပင်။ ယောကျ်ားလေးမို့ သိပ်လည်း စစ်စစ်ပေါက်ပေါက် ခဲခဲကပ်ကပ် တွေးမနေ။

"ဘာလဲ ... ကို့က ဒီကိစ္စ သိပ်မကြီးကျယ်ဘူး ထင်နေ သေးလို့လား၊ ဒီလောက် စာနဲ့ပေနဲ့ ဂျာနယ်ထဲ ဟိုးလေး တကြော် ပါလာတာကြီးကို ပေါ့ပေါ့ဆဆ နေလို့ရမလား၊ လိုက်ရှင်းလေ ကိုယ့်နာမည် ကိုယ့်အလုပ်ကို ထိခိုက်လာ မှာကြီးကို ကြည့်နေလို့ရမလား"

"ကိုယ်နဲ့ အလုပ်တွဲလုပ်တဲ့ သူတွေအားလုံးက ကိုယ့် အကြောင်း သိနေကြတာပဲကွာ၊ အလုပ်မှာ ထိခိုက်စရာတော့ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ဒီလောက်တောင် ကွေ့ပတ်ပြောလို့ နားမလည်တဲ့သူ၊ တည့်တည့်ပဲ ပြောတော့မယ်ဟယ်။

"ရှင့်အတွက်ချည်းပဲ ပြောနေတာ မဟုတ်ဘူးရှင့်၊ ကျွန်မဂုဏ်သိက္ခာအတွက်လည်း ပါသေးတယ်၊ ကျွန်မနဲ့ လက်ထပ်ခဲ့သူက ဘာကြီး ညာကြီးပါဆိုတဲ့ အပြောမျိုး လုံးဝလက်မခံနိုင်ဘူး၊ အကြောင်းသိတွေတင် မကဘူး၊ အကြောင်းမသိတဲ့သူတွေရဲ့ အမြင်ကိုလည်း ထည့်တွက်ရမှာပဲ၊ မြန်မာတစ်ပြည်လုံးမှာ ခက်ဖြာညို့ ပရိသတ်တွေ အများကြီးပဲရှိမယ်၊ သူတို့ရဲ့ အထင်သေးတာကိုတော့ မခံနိုင်ဘူး"

"အဲဒီတော့ ကို့က ဘာလုပ်ပေးရမလဲ၊ ပြော"

ချစ်လွှန်းကို အသံက အနည်းငယ်ဆောင့်ကြီးအောင့်ကြီး နိုင်လာသည်။

ဟုတ်တယ်လေ။ ကိုယ်လည်း ဘာမှမတတ်နိုင်၊ ကိုယ်ကျူးလွန်တာလည်း မဟုတ်ပါဘဲ ဂျာနယ်ထဲလည်း ပါရ၊ ရည်းစားရဲ့အပြစ်တင်တာကိုလည်း ခံရ။





တစ်ခွန်းတလေလောက် ပြောရုံဆိုလည်း အကြောင်းမဟုတ်သေး။ အခုဟာက တဖျစ်တောက်တောက်နဲ့ မပြီးနိုင်မစီးနိုင်။ ကိုယ်ကပဲ စွပ်စွဲခံထားရတာကြီးပျောက်အောင် တစ်ခုခုထလုပ်ပေးရတော့မည့်ပုံ။ မလုပ်ပေးရင်ပဲ ကိုယ်ပါရောပြီး အပြစ်ကျူးလွန်သူစာရင်းထဲ အထည့်ခံရတော့မည့်ပုံ။

"ရှင်းပေး"

"ဘာ"

"ဒီကိစ္စ ရှင်နဲ့ဘာမှမဆိုင်ပါဘူးဆိုတာ အားလုံးသိအောင် ရှင်ရော ရှင့်ညီရော နှစ်ယောက်စလုံး သတင်းမီဒီယာတွေနဲ့ တွေ့ဆုံပွဲလုပ်ပြီး ဖြေရှင်းပေးရမယ်"

"ဟာ ... မဖြစ်နိုင်တာ ... ကြွလို့ပြောပြတာလောက်ပဲ လုပ်လို့ရမှာပေါ့၊ သတင်းသမားတွေခေါ်ပြီး ရှင်းလင်းပွဲလုပ်ဖို့ဆိုတာ တော်ရုံတန်ရုံ လွယ်တာမှ မဟုတ်တာ။ ကိုယ့်ကိစ္စက ဘာမှလဲ ဟုတ်တာမဟုတ်။ လူအတော်များများကတောင်မှ ဒီသတင်းဆိုရင် ကျော်ဖတ်မိသွားဦးမယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်က သွားပြောလိုက်တော့မှ ဒီလိုလားဆိုပြီး မသိသေးတဲ့သူကို အသိပေးရာ ရောက်သွားမှာ”

“အို ... ဘာပဲဖြစ်ဖြစ် သိတဲ့သူတွေအတွက် ရှင်းကိုရှင်းပေးရမယ်၊ သတင်းသမားတွေခေါ်ပြီး ရှင်းလင်းပွဲမလုပ်ချင်ရင် သတင်းစာတဲ့မှာ ကြော်ငြာထည့်ပေး။ ခက်ဖြာညီယူတဲ့ ယောကျ်ားဟာ အကျင့်ကောင်းတဲ့ကောင်း မိန်းမကိုရှုပ်ပွေတဲ့ကောင်ဆိုတဲ့ အပြောမျိုးမခံနိုင်ဘူး”

မဟုတ်တာတွေ။ ဘာကြောင့်များ မဖြစ်နိုင်တာတွေကို တဖွဖွ ပြောနေရတာလဲ။ သူ့ဘာသာထားလိုက်လျှင် တစ်ချိန်ချိန်ကျ အားလုံးမေ့လျော့ပြီးဆုံးသွားမဲ့ကိစ္စကို အပင်ပန်းခံပြီး လိုက်ဖြေရှင်းပေးရဦးမည်။ ပြီးကျတော့ ရမည့်အကျိုးအမြတ်က အကြောင်းမသိသေးသူတွေ သိသွားခြင်း၊ အကြောင်းသိတွေကလည်း ဒီကောင် တော်တော်ကြောင်တဲ့ကောင်ဆိုပြီး လှောင်ပြောင်ခံရခြင်း၊ မသိတသိတွေက ဒီကောင်တကယ်ဟုတ်လို့ မခံနိုင်ဖြစ်ပြီး ဖြေရှင်းရတာလို့ အထင်လွဲခံရခြင်းတွေပဲ ပိုလာမှာပေါ့။





ခက်ဖြာညီဟာ အလုပ်ကြီး အကိုင်ကြီး လုပ်နေပြီး တော်တော်အတွေးတိမ်တာပဲ။ အတွေးအခေါ်က ကလေးဆန်လွန်းအားကြီးသည်။

ကိုယ်တစ်ယောက်တည်း အဆင်ပြေဖို့ပဲ ကြည့်ပြီး တစ်ဖက်လူ ဘာဖြစ်ဖြစ်၊ ရေရှည်အကျိုးဆက် ဘာတွေဖြစ်ဖြစ် ထည့်မတွေးတဲ့သဘော။

သူမ ဘာပြောပြော ချစ်တဲ့စိတ် တစ်ခုတည်းနဲ့ လိုက်လျော အလျှော့ပေးလာသမျှ ရောင့်တက်လွန်းအားကြီးလာပြီ။

အရေးကြီးသည့် အလုပ်တွေအားလုံးကို ဖြတ်ချရှင်းလင်းပြီး တပင်တပန်း လိုက်လာခဲ့ရသမျှဟာ ဒီလိုမတော်မတည့် တောင်းဆိုမှုတွေကို ကြုံရဖို့ပဲ ဆိုရင်တော့ လုံးဝသည်းမခံနိုင်တော့ဘူး။

“တော်ပြီကွာ၊ ဒီကိစ္စ ကိုယ် လုံးဝတာဝန်မယူနိုင်တော့ဘူး၊ ခက်ဖြာ ရှင်းချင်တယ်ဆိုလည်း ကိုယ့်ဘာသာပဲရှင်း၊ ကိုယ့်မှာ အလုပ်တွေ ဒီလောက်များတာ၊ ခက်ဖြာကအရေး

www.burmeseclassic.com

www.burmeseclassic.com



ကြီးတယ်၊ ချက်ချင်းလာခဲ့ဆိုလို့ အားလုံးဖြတ်ချပြီး ထွက်လာရတာ၊ နောက်ထပ် သုံးရက်လောက်လည်း အလုပ်တွေများနေဦးမှာပဲ၊ အသေးအဖွဲကိစ္စတွေကို လိုက်လုပ်နေဖို့ အချိန်မရသေးဘူး"

"အသေးအဖွဲ ... ဟုတ်လား၊ ဒါ ဘဝနဲ့ဆိုင်တဲ့ကိစ္စ၊ ကြော်ငြာတစ်ခုနှစ်ခု ရိုက်ရရုံ၊ ပိုက်ဆံလေး ဆယ်သိန်း သိန်းနှစ်ဆယ်ဝင်ရုံ မဟုတ်ဘူးနော်၊ ကိုယ့်နာမည် ကိုယ့်ဂုဏ်သိက္ခာ၊ ကိုယ့်အိမ်ထောင်ရဲ့ တစ်သက်စာနာမည်နဲ့ ဆိုင်တယ်၊ အရေးအကြီးဆုံးပဲ"

"ခက်ဖြာ အတွက် အရေးကြီးပေမဲ့ ကို့အတွက် အရေးမကြီးဘူးကွာ၊ ကဲ ... ဘာပြောချင်သေးလဲ"

ခက်ဖြာညိုထံက အသံထွက်မလာတော့။ သူ့အသံငြိမ်သွားလို့ ကိုယ်များ အနိုင်ရပြီလားလို့ မမှတ်လိုက်ပါနဲ့။ ခက်ဖြာညို မျက်လုံးထဲက ထွက်ပေါ်လာသော အရောင်စူးစူးတွေဟာ လူတစ်ကိုယ်လုံး ပြာကျသွားမတတ် ပြင်းထန်လေသည်။





"ဘာမှမပြောချင်တော့ဘူး၊ ပြောစရာလည်း မရှိတော့ဘူး၊ နောက်သုံးရက်လောက် မကဘူး သုံးလလောက် မတွေ့ရလည်း ဖြစ်တယ်၊ မလာချင်လည်း မလာနဲ့တော့"

"ခက်ဖြာ ... ဒါက ဘာစကားမျိုး ပြောတာလဲ"

"အရှင်းဆုံးစကား ပြောတာပဲ၊ ခက်ဖြာအတွက် အရေးကြီးတဲ့ကိစ္စတစ်ခုကို မဖြေရှင်းပေးဘူးဆိုရင် နောက်နောင်ကို့ကို ဘယ်လိုယုံကြည် အားကိုးရတော့မလဲ၊ ဒီတော့ ကို့အတွေးအခေါ်တွေကို ပြင်ဆင်နိုင်မဲ့အချိန်ကျမှ ခက်ဖြာဆီ လာခဲ့ပေတော့"

ဒါ ဘာစကား ပြောသွားတာလဲ။ အဆက်ဖြတ်ဖို့ ချဲလင့်ချ်လုပ်သည့် စကားလား။

ချစ်လွန်းကိုက ခက်ဖြာညို့လောက် ပြတ်သားနိုင်သူတော့ မဟုတ်ပါ။ ဒါပေမဲ့ လတ်တလော အခြေအနေမှာတော့ သူ့ဘက်ကလည်း အပြောအဆို ခံရကာ စိတ်ဆိုးနေရတာတွေရှိ၍ ချက်ချင်း ပြန်မချော့ဖြစ်ဘဲ တင်းခံနေလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ကဗျာ၊ ကိုယ်က ကြော်ငြာရှင်ဆိုပြီး နေရာတကာ ဝင်ခြယ်လှယ်ချင်ကြတယ်၊ ကျွန်တော်က အဲဒါမျိုးမကြိုက်ဘူး၊ ကိုယ့်အိုင်ဒီယာအတိုင်း လွတ်လွတ်လပ်လပ် ဖန်တီးရမှ ကြိုက်တဲ့ကောင်၊ ဘယ်လိုလုပ်ပါ၊ ဘယ်လိုပုံစံ ဖြစ်ချင်တယ်ဆိုပြီး ဂိုဒ်လိုင်းလာပေးရင် အလုပ်လုပ်ဖို့ လုံးဝ ဖီးလ်မလာတော့ဘူး"

ချစ်လွန်းကိုက တစ်ဟောက်တည်း ပိတ်ဟောက်နေတော့တာမို့ ကြော်ငြာရှင်ခမျာ သူက ပိုက်ဆံပေးထားရတာ ဖြစ်ပါလျက် သူ့ပဲမျက်နှာငယ်လေးနဲ့ ဖြစ်နေရှာသည်။

"ကျွန်တော်ကလည်း ဝင်ခြယ်လှယ်တဲ့သဘောတော့ မဟုတ်ပါဘူး၊ ဆရာသမားရယ်၊ ကြော်ငြာရိုက်ဖို့ မင်းသမီးက





သုံးယောက်တွဲမှာ တစ်ယောက်က အမေဆုံးလို့ဆိုပြီး မရိုက်နိုင်တော့ အစားထိုးဖို့ လိုနေတာနဲ့ ခက်ဖြာညီနဲ့က လည်း သူငယ်ချင်းအရင်းဖြစ်တော့ ဝင်ကူပေးမယ်ဆိုပြီး အစားဝင်လိုက်တာပါ"

"ကျွန်တော် သူနဲ့တွဲပြီး အလုပ်မလုပ်ချင်ဘူး"

ချစ်လွန်းကိုက ပေါက်ပေါက်ကွဲကွဲ အော်ပစ်လိုက်သည်။ ကြော်ငြာဒါရိုက်တာ တစ်ယောက် အနေနဲ့ ကြော်ငြာရှင် တစ်ယောက်ကို ဒီလောက် ပစ်ပစ်ခါခါကြီး အော်ငေါက်ပစ်လိုက်ဖို့တော့ မသင့်ပေ။

ချစ်လွန်းကို အနေနဲ့လည်း တခြားကိစ္စ စိတ်ဆိုးရုံနဲ့တော့ ကိုယ့်အလုပ်ရှင်၊ ထမင်းရှင်လို ဖြစ်နေသူတွေကို ဒီလိုကြီး အော်မိမှာမဟုတ်။ ခက်ဖြာညီနဲ့ ပတ်သက်နေလို့သာ စိတ်ဆိုးမိသွားတာ။

ချစ်လွန်းကိုနဲ့ ခက်ဖြာညီတို့ကြားမှာ အဆက်အသွယ် ပြတ်နေခဲ့တာ တစ်ပတ်လောက်တောင်ရှိပြီ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်လွန်းကိုကလည်း ငါ့ဘက်က'မှန်တယ်ဆိုသည့် အယူအဆနဲ့ အလျှော့မပေးခဲ့သလို ခက်ဖြာညီကလည်း မာနကြီးသည့် မိန်းမပီပီ အလျှော့မပေး။

အရင်ကတော့ သူတို့ချစ်သူနှစ်ယောက်ကြားမှာ ဒီလောက်ကြာကြာကြီး အဆက်အသွယ် ပြတ်တောက်နေတာမျိုး မရှိဘူးပါ။ မရှိဆို ချစ်စခင်စဆိုတော့ တစ်ယောက်မျက်နှာညိုမှာကိုပဲ တစ်ယောက်က စိုးရိမ်နေရသည့် အချိန်လေ။ ချစ်လွန်းကိုက ချစ်သူကို အမြဲတမ်း အလျှော့ပေးတတ်သလို ခက်ဖြာညီကလည်းတရားလွန် အနိုင်ကျင့်တာမျိုး မလုပ်တတ်ပါ။

သူတို့ကြားမှာဖြစ်သည့် ပြဿနာတွေကလည်း ချိန်းထားသည့်အချိန် နောက်ကျတာတို့၊ ကြော်ငြာတွဲမရိုက်ပါနဲ့လို့ တားမြစ်ထားသည့် မော်ဒယ်နဲ့ တွဲရိုက်တာတို့၊ အင်တာဗျူးထဲမှာ အိမ်ထောင်ရေးကို စိတ်မဝင်စားသေးပါဘူးလို့ ပြောမိတာတို့၊ တစ်ယောက်က အမှတ်တရ ဝယ်ပေးထားသည့် ပစ္စည်းကလေး ပျောက်သွားတာတို့ ဒီလောက်ပဲရှိတာ။





ဒီတစ်ခေါက်ကတော့ နှစ်ယောက်တစ်ဘဝ ပေါင်းစည်းတော့မည့်အချိန်မို့ ဖြစ်သည့်ပြဿနာတွေဟာ ဘဝနဲ့ ပိုပြီး နီးစပ်လာပြီ။

တစ်ယောက်ရဲ့ ခံယူချက်၊ ခံစားချက်၊ ဂုဏ်သိက္ခာဆိုတာတွေနဲ့ ယှက်နွယ်လာပြီ။

ချစ်လွန်းကို အယူအဆကတော့ ဒီအချိန်မှာ နှစ်ယောက်သားဟာ တက်ညီလက်ညီ ရှိနေသင့်သည်။ အသေးအဖွဲကိစ္စလေးတွေနဲ့ တွယ်ကပ်မနေဘဲ ဘဝတစ်လျှောက်လုံး လက်တွဲနိုင်ဖို့အတွက် အပြန်အလှန် နားလည်မှုရှိသင့်သည်။ ဒီလို။

ခက်ဖြာညီကတော့ ဒီလိုမဟုတ်ပေါင်။ ခုတလော အရင်ကထက်တောင် ပိုပြီး ပြဿနာရှာလာသည်။ အရင်ကထက် ပိုသည်းခံစိတ် နည်းလာသည်။ အရင်ကထက်ပိုပြီး သာတယ်နာတယ်တွက်တတ်လာသည်။ နှစ်ယောက်ကြားထဲမှာ ထင်မှတ်မထားသော ပြဿနာတွေ တကြိတ်ကြိတ် တက်လာရပေါင်းများလို့ ချစ်လွန်းကိုကလည်း စိတ်ပျက်ချင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့ကိစ္စကိုပဲကြည့်။ သူမကိုယ်တိုင်လည်း မော်ထက် လုပ်တာ့မှန်း သိသိကြီးနဲ့ ဒါကိုပဲ တဖွဖွ မပြီးနိုင်မစီးနိုင်။ ရန်ဖြစ်ကြတော့လည်း သူမဘက်က အလွန်ဖြစ်ပါလျက် တစ်စက်လေးမှမလျှော့။

ဒီလောက်နေနိုင်တာမျိုးကို ချစ်လွန်းကိုက တွေးလေ ဒေါသဖြစ်လေ။

ခုအချိန်မျိုးမှာ့ ခက်ဖြာညီနဲ့ မဖြစ်မနေ ပြန်တွေ့ရအောင်ဖန်တီးပေးလိုက်သည့် ကြော်ငြာရှင်ကိုပဲမဲကာ ဒေါသတွေထွက်ရလေသည်။

"ဘာများဖြစ်လို့လဲ ကိုချစ်လွန်းကိုရယ်။ အရင်ကလည်း တွဲရိုက်ဖူးကြတာပဲ မဟုတ်လား"

ချစ်လွန်းကိုနဲ့ ခက်ဖြာညီ ဆိုတာ မကြာခင်ကာလအတွင်းမှာ လက်ထပ်ဖြစ်ကြတော့မည့် ချစ်သူတွေလို့ မသိသေးပုံရသော စီးပွား... သမားစစ်စစ် ကြော်ငြာရှင်ကို ချစ်လွန်းကိုက တစ်ချက်တော့ ရယ်ချင်သွားမိသေးသည်။





"အခုတော့ တွဲမိရင် ကင်မရာနဲ့မဟုတ်ဘဲ နားရင်းပဲရိုက်ချင်တော့တယ်"

"ဒီတစ်ခါလေးတော့ သည်းခံပေးပါ ဆရာသမားရယ်။ ကျွန်တော်လည်း သိပ်တတ်နိုင်လွန်းလို့ လုပ်ရတာမဟုတ်ပါဘူး။ လုပ်ငန်းတူအချင်းချင်းမှာ ကိုယ်က ကြော်ငြာအားမရှိတော့ အရောင်းကျသွားတာနဲ့ပဲ မဖြစ်ဘူးဆိုပြီး ရှိတဲ့အားလေးနဲ့ ကြော်ငြာရိုက်ရတာ၊ အကြောင်းတစ်ခုခုကြောင့်ပျက်သွားရင် သူများလို မခံနိုင်ဘူးဗျ"

ဒီလိုဆိုပြန်တော့လည်း ကြော်ငြာရှင်ကို အားနာရပြန်ရော။ နောက်ဆုံးတော့ ချစ်လွန်းကိုက စိတ်လျှော့ကာ ကြော်ငြာရိုက်ကွင်းမှာ ခက်ဖြာညီနဲ့ ဘယ်လိုဆုံမလဲလို့ အသင့်ပြင်ဆင်ထားရလေသည်။

မျှော်လင့်ထားသည့် အတိုင်းပါပဲ။ မိတ်ကပ်ဆရာ၊ နောက်လိုက်ကောင်မလေးနှစ်ယောက်၊ အဝတ်အစားသေတ္တာကတစ်လုံး၊ အစားအသောက်ထည့်သည့် ငါးဆင့်ချိုင့်ကြီးက နှစ်ချိုင့်၊



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်စာ ကော်ဖီ၊ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်၊ အမောပြေ သောက်ဖို့ အဒေ ဘူးမျိုးစုံက ရေခဲဘူးထဲစိမ်လျက်၊ အာလူးကြော်၊ ငါးမုန့်ကြော်၊ ဆင်းဒဝစ်ချ်၊ ဟမ်ဘာဂါ စသည့် စနက်ခ်အမျိုးမျိုး ထည့်ထားသ ခြင်းတောင်းကြီး စသည်ဖြင့် တန်ဆာပလာစုံ လင်စွာနဲ့ ခက်ဖြာညီက ကြွချီတော်မူလာသည်။

ချစ်လွန်းကို,ကို တွေ့လိုက်သည့်အချိန်မှာ ခက်ဖြာညီ မျက်နှာက တစ်စက်လေးတောင် ပုံစံပြောင်းမသွား။ အခုမှ ကြ်နှာ သစ် ကြော်ငြာဒါရိုက်လေးကို စ,တွေ့လိုက်ရသော နာမည်ရ မင်း သမီးကြီးတစ်ယောက်ရဲ့ ဟိတ်ဟန်အပြည့်။

အမြင်ကတ်ဖို့ ကောင်းလိုက်တာ။ ရိုက်ကွင်းကောင်း မည့်နေရာကိုရွေးပြီး ကင်မရာကို နေရာချနေရင်း ချစ်လွန်းကိုက မျက်စောင်းတောင် လှမ်းထိုးလိုက်မိသေးရဲ့။

ကြော်ငြာရိုက်ရင်း တစ်ချက်နှစ်ချက်လောက်တော့ ပညာပေးလိုက်ဦး၊ အားခဲထားပေမဲ့ ပါးနပ်အံခွနေပြီဖြစ် သော ခက်ဖြာညီကလည်း ပြောစရာကိုမရှိ။





"ကဲ ... မင်းသမီးသုံးယောက် တစ်ယောက်က အနိမ့်မှာ ထိုင်မယ်၊ တစ်ယောက်က မြေညီမှာရပ်မယ်၊ တစ်ယောက် က ဒီအုတ်ပေါင်အစွန်းမှာ တက်ရပ်ရမယ်၊ အချက်ပေး လိုက်ရင် အပေါ်ဆုံးကစပြီး အလယ် အောက် တစ်ဆင့်စီ လက်ကို ဆန့်ထုတ်ပြီး အအေးဘူးတွေကို ကိုင်ပြမယ်"

"ဒါဆို သဲပွင့်က အလယ်မှာနေမယ်နော်၊ သဲပွင့် အမြင့် ကြောက်တာ ဆရာ သိတယ် မဟုတ်လား"

သဲပွင့်မိုးဆိုသည့်တစ်ယောက်က ထုံးစံအတိုင်း ညုညု ချွဲချွဲလေသံကလေးနဲ့ ကိုယ်ကို လှုပ်ယိမ်းရင်း ပြောလိုက်သည်။

"သိတယ် ... သိတယ်၊ သဲပွင့်မိုး အကြောင်းတော့ သိပြီး သား၊ ဆင်းရ တက်ရတာတွေ တော်ရုံမခိုင်းဘူး၊ မတော် လို့များ တာဝတိံသာမှာ ကြော်ငြာတက်ရိုက်ဖို့ရင်လည်း သဲပွင့်မိုးကို မခေါ်ဘူး"

"ဟွန့် ... ဆရာကလည်း အဲလိုကြီး တရားသေတော့မှတ် လို့ဘယ်ရမှာလဲ၊ သူ့ကို နည်းနည်းပြောမိတာနဲ့ လူလည်း က ကျုံချင်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ရှင်ထဲမှာ အခြောက်တွေ ပြောသလိုဆိုလျှင်တော့ နဖူးကို လက်ညှိုးနဲ့ထောက်ကာ 'သွား ... လူဆိုး ... သူခိုး ... ကြမ်းပိုး ... မားပြ'လို့ပဲ ပြောဖို့ကျန်တော့သည်။

ခက်ဖြာညီက ချစ်လွန်းကိုနဲ့ သဲပွင့်မိုးတို့ ပြောနေဆိုနေပုံတွေကို အမြင်ကတ်ကာ နောက်ကျန်သည့် မော်ဒယ်တစ်ယောက်ဖြစ်သော ညွန်းသစ္စာရည် ထံက ဘာသံမှထွက်မလာသေးခင် ...

"အမြင့်ဆုံးမှာ ကျွန်မ နေမယ်၊ ခက်ဖြာညီက အားလုံးရဲ့ အထက်ကပဲ နေချင်တာ ... ဟင်း ဟင်း"

အဲ ... လုပ်ချလိုက်ပြီ။

ပထမတော့ တမင်ညစ်ချင်တာနဲ့ပဲ ခက်ဖြာညီကို အပေါ်အုတ်ပေါင်တက်ခိုင်းဖို့ ချစ်လွန်းကိုကလည်း စဉ်းစားမိသေးတာပါ။

နောက်တော့ မကုန်သေးသည့် သံယောဇဉ်အရှိန်ကြောင့် မတော်တာဆပြုတ်ကျသွားလျှင်ဒုက္ခလို့ စိတ်ကပူလာသည်။





အုတ်ပေါင်က သိပ်မြင့်တာမဟုတ်ပေမယ့် အပေါ်မျက်နှာပြင်တွေက အင်္ဂတေတွေ ကွာကျကာ ညီညီညာညာမရှိ။ တော်ရုံနဲ့တော့ ဘာမှ မဖြစ်နိုင်ပေမယ့် မတော်တာဆ ဆိုတာကိုလည်း ထည့်တွက်ရသေးသည်။

မော်ဒယ်တွေ သူတို့ဘာသာ ကြိုက်ရာနေရာရွေးချင်ရွေး၊ မရွေးလည်း ခက်ဖြာညီကို အပေါ်မတက်ခိုင်းဘူးလို့ စိတ်ပိုင်းဖြတ်ပြီးကာမှ မချောက အတွန့်တက်လိုက်တာ။

သူကိုယ်တိုင်က တက်ချင်ပါသည်လို့ ဗော်လံတီယာလုပ်လိုက်မှတော့ ကိုယ်က မတက်ပါနဲ့တားလို့ ကောင်းပါဦးမလား။ ကျန်တဲ့နှစ်ယောက်က ဘယ်လိုထင်မလဲ။

"ကောင်းပြီ ... တက် ... နေဦး၊ အဝတ်အစား လဲရဦးမယ်လေ၊ ဒါက လေဟာပြင်ထဲမှာ လွတ်လွတ်လပ်လပ်သရုပ်ဆောင်ရမှာဆိုတော့ အဝတ်အစားတွေ လေထဲတလွင့်လွင့်ဖြစ်နေရင် ပိုလှမယ်၊ ပိုးဂါဝန်အပါးစားလေးတွေနဲ့ လည်ပင်းပတ်တဲ့ ပဝါဆင်တူလေးတွေ လဲလာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားလဲပြီး ထွက်လာကြတော့ အဖြူရောင် ဝမ်းဆက်နဲ့ သဲပွင့်မိုးက အရင်ဆုံး သူနေရမည့် မြေညီမှာရပ်ပြီး ဘယ်နားကောင်းမလဲ မေးနေတာမို့ ချစ်လွန်းကိုက နေရာချပေး နေရသည်။

သဲပွင့်မိုးကို အာရုံစိုက်နေတာနဲ့ပဲ ခက်ဖြာညီ အုတ်ပေါင်ပေါ် တွယ်တက်သွားတာကို သတိမထားမိလိုက်ချေ။

ခက်ဖြာညီက အုတ်ပေါင်ပေါ်မတက်ခင် ချစ်လွန်းကို များ ငါ့ကို စိတ်ပူပြီးစောင့်ကြည့်နေဦးမလားလို့ တစ်ချက်အကဲ ခတ် ကြည့်လိုက်ပါသေးသည်။ သဲပွင့်မိုး အနားကပ်ကာ ဘယ်ရွှေ့ ညာရွှေ့ အနီးကပ် (တော်တော့်ကို နီးကပ်ပါသည်) ကြီးကြပ် နေရသော ချစ်လွန်းကိုက မျက်လုံးတစ်ချက်တောင် ဇွေကြည့် မလာ။

တောက် ...။ နာချင်ပြီ ထင်တယ်။

ကိုယ့်ရည်းစားတစ်ယောက်လုံးကိုတောင် ဂရုမစိုက် နိုင်လောက်အောင် ဟိုဘက်မှာ ဖြစ်ပျက်ကြည့်နှုးနေလိုက်တာများ။





ကောင်းပြီ။ ဒီလောက်တောင်ဖြစ်မှတော့ ငါက လည်း သူ့ကို ဂရုမစိုက်တော့ဘဲ ကိုယ်လုပ်စရာရှိတာလုပ်မှ ဖြစ် တော့မှာပေါ့။

ခက်ဖြာညီက အုတ်ပေါင်ပေါ်လှမ်းတက်သည်။ ရင်စို့ လောက်မြင့်သည့် အုတ်ပေါင်ပေါ် လှမ်းနိုင်အောင် အောက်က ခွေးခြေတစ်လုံး ခံပေးထားတာမို့ ခွေးခြေပေါ် အရင်တက်ပြီးတော့ မှ အုတ်ပေါင်ပေါ်ကျော်တက်။

ဘောင်းဘီဝတ်ထားလျှင်တော့ ဒီလောက်လေးတက် ရတာ ခက်ဖြာညီအတွက် အခက်အခဲမရှိပါ။ အခုဟာက ပါးပါး ချောချော လေတိုက်တိုင်း အသားနဲ့လာကပ်နေသော ဂါဝန်ဖားဖား ကို ဝတ်ထားရပေရာ တက်ရတာ အတော်ပဲခက်သည်။

"အဲ ..."

အုတ်ပေါင်ပေါ် ကျော်အတက်မှာ ချွန်းထွက်နေသည့် အုတ်ခဲစတစ်စက ဂါဝန်အနားစနဲ့ လာငြိနေသည်။ ခြေထောက် ကိုလည်း မြှောက်လိုက်ရော ဗြိခနဲအသံကို ကြားရပါလေရော။



www.burmeseclassic.com

www.burmeseclassic.com



ဂါဝန်စ,တော့ တစ်နေရာရာမှာ ပြုပြီလို့သိလိုက်ပေမယ့် ပြန်လှည့်မကြည့်နိုင်။ အားလုံးနေရာယူမပြီးခင်မှာ ကိုယ့်နေရာကိုယ် အမြန်ရောက်အောင် သွားဖို့ရှိသည်။ မဟုတ်လျှင် ခက်ဖြာညီဟာ အပြောပဲကြီးပြီး အလုပ်ကျတော့ သူများလိုမတွင်ကျယ်ဘူးလို့ အပြောခံရစရာဖြစ်ဦးမည်။

အုတ်ပေါင်ပေါ် လှမ်းတက်လိုက်ပြီးလျှင် ကိုယ့်ကိုယ်ကိုယ် ဟန်ချက်ညီအောင် ခပ်မြန်မြန်ပြန်ထိန်းလိုက်သည်။ ပြီးတော့ ရပ်နေရမည့် တစ်ဖက်စွန်းကို အမြန်လျှောက်။

အောင်မယ်လေး။ လေကလည်း တိုက်လိုက်တာ။ ခက်ဖြာညီရဲ့ ခန္ဓာကိုယ်ပါးပါးကလေးဟာ ဆောင့်တိုက်လိုက်သောလေအရှိန်ကြောင့် လွင့်ကျမတတ် ဖြစ်သွားရသည်။

"ကဲ ... အားလုံး ကိုယ့်နေရာကိုယ်ယူ၊ လက်ထဲက အအေးဘူးကို တစ်၊ နှစ်၊ သုံးလို့ အော်ရင် ဆန့်ထုတ်ပြီး လှုပ်ပြရမယ်၊ တစ်ယောက်ချင်းစီနော်၊ အောက်ဆုံးက သစ္စာက တစ်၊ သဲပွင့်မိုးက နှစ်၊ ခက် ... ဟာ ... ခက်ဖြာ"





အော်လံလေးကိုင်လျက် တစ်ယောက်ချင်းစီရဲ့ အနေအထားကိုကြည့်ရင်း အမိန့်ပေးနေသော ချစ်လွန်းကိုက ခက်ဖြာညီကိုအကြည့်မိမှာ အလန့်တကြား အော်လိုက်မိတော့သည်။

လေတဝှီးဝှီးတိုးနေသော အဝတ်အစားတွေ အရှိန်ကြောင့် ကိုယ့်ကိုယ်ကိုယ် လွင့်ထွက်မသွားရအောင် မနည်းထိန်းနေရသော ခက်ဖြာညီဟာ အအေးဘူးကို ထောင်ပြဖို့ လက်ကိုလည်းဆန့်လိုက်ရော ဟန်ချက်ပျက်ကာ ပြုတ်ကျပါလေရော။

"ခက်ဖြာ ... ခက်ဖြာ"

အမြင့်ကပြုတ်ကျသော ခက်ဖြာညီ မြေပြင်မရောက်ခင်မှာပဲ အဝေးကပြေးလာသော ချစ်လွန်းကိုက အနားရောက်သွားပြီ။

"အွန့်"

မြေကြီးပေါ် ဖင်ထိုင်လျက်သား ဘုတ်ခနဲ ပြုတ်ကျတာမို့ ဆိုးဆိုးဝါးဝါး၊ ပြင်းပြင်းထန်ထန် ထိခိုက်တာမျိုးတော့



www.burmeseclassic.com

www.burmeseclassic.com



ခဲဖြစ်ပါ။ မြီးညှောင့်ရိုး အောင့်သွားတာရယ်၊ လက်ဖဝါးနဲ့ ထောက်လိုက်မိလို့ လက်ကောက်ဝတ်မှာ နာသွားတာရယ်၊ ဒီလောက်ပါပဲ။

ဒါပေမဲ့ ခက်ဖြာညီက ချက်ချင်းပဲ ငိုချင်သွားသည်။ တခြားဒါရိုက်တာနဲ့ ရိုက်နေတုန်း ပြုတ်ကျတာဆိုလျှင် ဒီထက်မက နာကျင်ပါစေဦး ရှက်ရှက်နဲ့ ဟန်ဆောင်နေမိဦးမှာ။ အခုတော့ ချစ်လွန်းကိုကြောင့်ဖြစ်တာ၊ ကိုယ့်ချစ်သူအရင်းခေါက်ခေါက်ကြီး က ခိုင်းလို့ဖြစ်ရတာဆိုတော့ ဘယ်လိုမှ မခံမရပ်နိုင်။

ကိုယ့်ဘာသာ ဆတ်ဆော့ပြီး အပေါ်ဆုံးတက်မိလို့ ဖြစ်တာကတော့ ဖြစ်တာပါပဲ။ ဒါပေမဲ့ ဘာမဆို စိတ်နာစရာပဲ အရင်ဆုံး တွေးကြည့်မိသော လူ့သဘာဝအရ ချစ်လွန်းကိုကပဲ ဒီလိုဖြစ်စေချင်လို့ တမင်အကွက်ဆင်တာလို့ တွေးကိုတွေးမိသည်။ ထိုအတွေးကြောင့်ပဲ ရင်ထဲ တစစ်စစ်ကိုက်ကာ နာကျင်လာရပြီး ငိုချင်စိတ်က တားမရဆီးမရ ဖြစ်သွားရတာ။

“အီး ... အီး”





“ခက်ဖြာ ... ခက်ဖြာလေး ... အခက်လေး ... သိပ်နာသွားလားဟင်၊ မထနိုင်သေးဘူးလား၊ အရိုးတွေကျိုးကုန်ပြီလား၊ ကို့ထူပေးမယ်၊ ထ့ကြည့်နော်၊ မငိုနဲ့ မငိုပါနဲ့ကွာ၊ ကို့စိတ်ပူလိုက်တာ”

“သွား ... အခုမှ လာပူမနေနဲ့၊ သေကြောင်းကြံတုန်းက ကြံပြီးတော့ ဒီမှာ ကံကောင်းလို့ အသက်ပါမသွားတာ”

“ဒီလောက်အမြင့်နဲ့တော့ မသေနိုင်ပါဘူးကွာ”

ချစ်လွန်းကိုကတော့ အားပေးစကားပြောလိုက်တာပဲ။ ခက်ဖြာညီကတော့ ဒါဟာ သူမကို 'အပိုမလုပ်စမ်းနဲ့'လို့ နှိပ်ကွပ်လိုက်တာလို့ပဲ သဘောပေါက်ကာ ဆတ်ဆတ်ခါနာပြန်လေသည်။

“ဟုတ်တယ် ... မသေနိုင်ဘူး၊ ဒီအမြင့်လောက်နဲ့ မသေဘူးမှန်းသိရင် ဒီထက်မြင့်တဲ့နေရာ တက်ခိုင်းပါလားဟင်၊ ကျွန်မ သေသွားရင် ရှင့်အတွက်အေးရောလေ၊ နောက်တစ်ယောက်ရှာဖို့ လမ်းစပွင့်သွားရော မဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



“အရေးထဲမှာ ဘာတွေပြောနေတာလဲ ခက်ဖြာရယ်၊ သွေးရူးသွေးတန်းနဲ့ ကို့အဲဒီသဘောပြောတာလဲ မဟုတ်ရပါလား၊ ပြီးတော့ ခက်ဖြာကို အဲဒီအမြင့်ဆုံးတက်ခိုင်းတာ ကို့လား၊ ကိုယ့်ဘာသာပဲ တက်မယ် တက်မယ်ဆိုပြီး အတင်းတက်သွားတာ မဟုတ်လား”

“တက်ရတော့မယ်လေ၊ တစ်ယောက်က အဟင့် သူများမတက်နိုင်ဘူးနော်ဆိုပြီး ပြောနေပြီ၊ နောက်တစ်ယောက်ကပါ မတက်ဘူးဆိုရင် ဒီမိန်းမကိုပဲ အနိုင်ကျင့်ပြီးခိုင်းမှာ မဟုတ်လား၊ ပြောမှလုပ်ရမယ့်အတူတူတော့ ကိုယ့်သဘောနဲ့ပဲ လုပ်လိုက်တာပေါ့”

“ခက်ဖြာရယ် ခက်ဖြာ မလုပ်ချင်ဘူးဆိုရင် တခြားလူကိုပဲ ကို့က ခိုင်းမှာပေါ့။ ခက်ဖြာက ဦးစားပေးပါ၊ နောက်ဆုံး ဘယ်သူမှမလုပ်ချင်ရင် ရိုက်ကွင်းကိုပြောင်းပစ်လိုက်ရုံပဲ၊ ခက်ဖြာကိုတော့ ဘယ်သူက ရက်ရက်စက်စက် အတင်းခိုင်းမလဲ”





“မပြောတတ်ဘူးလေ၊ သူ့အမျိုးတွေကို ပြောထားမိတော့ အငြိုးထားချင် ထားနေမှာ”

“ဟာကွာ ... ပေါက်ကရ”

“ဟုတ်ပါတယ်၊ အခုတောင် အဆက်အသွယ် မလုပ်တာ ဘယ်လောက်ကြာပြီလဲ၊ လူချင်းတွေ့တာတောင် မခေါ်နိုင် မပြောနိုင်နဲ့ ဒါ အငြိုးထားတာ မဟုတ်လို့ဘာလဲ”

“ခက်ဖြာကရော ကို့ကို ခေါ်လို့လား၊ မျက်နှာကြီးတင်းထားပြီး အထက်စီးပုံစံကြီးနဲ့ ဆက်ဆံနေတာ ကို့ဘယ်လို လုပ်ခေါ်ရဲမှာလဲ”

“ခေါ်လိုက်ရင် ပြန်ခေါ်မှာပဲဟာကို”

“ဒါဖြင့် ကို့အခေါ်ကို စောင့်နေတာပေါ့”

“အင်းပေါ့၊ ဘယ်တုန်းက ခက်ဖြာက စ,ခေါ်ဖူးလို့လဲ”

“မသိပါဘူးကွာ၊ ကိုက ဒီတစ်ခါတော့ ခက်ဖြာ တကယ် စိတ်ဆိုးနေတယ်ထင်လို့ ကြောက်ပြီးမခေါ်ရဲတာ”

“ခက်ဖြာကဖြင့် သူ့အခေါ်ကို စောင့်နေတာ”

www.burmeseclassic.com

www.burmeseclassic.com



"သိပ်နာနေသေးလားဟင်"

"မနာတော့ပါဘူး၊ သိပ်အဆိုးကြီးမှမဖြစ်ဘဲ၊ သက်သာပါတယ်"

"ကို ဥုံဖွလုပ်ပေးမယ်နော်"

"သွားပါ"

ဒီလိုနဲ့ပဲ။ အဲဒီလိုနဲ့ပဲ။

❧ ❋ ❧





"မင်္ဂလာဆောင်ပြီးရင် သမီးတို့ ဖိုးဖိုးတို့နေဖို့ အခန်းတစ်ခု သတ်သတ်ရမယ်၊ အဲဒီအခန်းကို သမီး စိတ်ကြိုက်လိုက်ပြင်နော်၊ ဆေးသုတ်ထားတာတော့ မကြာသေးဘူး၊ ဒါပေမဲ့ သမီးက အရောင်ပြောင်းသုတ်ချင်တယ်ဆိုလည်း သုတ်ပေးမယ်၊ လောလောဆယ်ကတော့ အပြာနုရောင်ကလေးပဲ"

ဒေါ်ယုယုနိုင်က စကားစ,လိုက်ပြီဆိုတာနဲ့ ဒေါ်မေမြတ်ကြည် တစ်ကိုယ်လုံး သတိဆွဲလိုက်သလို တောင့်ခနဲဖြစ်သွားတော့သည်။

ဒီကိစ္စ တစ်နေ့နေ့ ပြောရတော့မည်ဆိုတာ ဒေါ်မေမြတ်ကြည်က ကြိုတင်တွက်ဆထားပြီးသားပင်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်လွန်းကိုတို့မိသားစုဟာ ဘယ်သူပဲ အိမ်ထောင်ကျကျ ဒီအသိုင်းအဝိုင်းထဲက ခွဲမထွက်ဘဲ အဘိုးလုပ်သူရဲ့ ကြီးမားလှသော အိမ်ကြီးအတွင်းမှာ အခန်းကိုယ်စီနဲ့ နေကြရသည်ဆိုတဲ့ သတင်းက ကြားပြီးသားပေ။ အဖျင်းဆုံးတော့ နှစ်ဧကလောက်ကျယ်သော ခြံကြီးအတွင်းမှာ ကွန်ဒိုအသေးစား နှစ်ထပ်တိုက်ဆောက်ကာ တစ်ခန်းစီနေလို့တစ်ဖုံ၊ ကိုယ်ပိုင်လုံးချင်းတိုက်ခပ်သေးသေးလေးဆောက်လို့ တစ်နည်းပဲ နေကြရပြီး ခြံပြင်ပမှာတော့ လုံးဝနေခွင့်မရှိ။

ဒေါ်မေမြတ်ကြည်ကလည်း အဲဒီအစဉ်အလာကြီးကို မကြိုက်လွန်းလိုက်သမှ။ ကိုယ်က သမီးမိန်းကလေးမွေးထားတာ။ မွေးထားသည့်သမီးကလည်း တော်ရုံတန်ရုံမဟုတ်။ အားလုံးကအားကျအထင်ကြီး ချစ်ခင်ရသည့် နာမည်ကြီးမော်ဒယ်။ ဒီလိုသမီးကလေးကို ဆွေမျိုး ေင်အားထု တောင့်တင်းလှသည့် အသိုင်းအဝိုင်းထဲ ဘယ်လိုလုပ်ပြီး မျက်နှာလွှဲခဲပစ် လုပ်ရက်မှာလဲ။





ကိုယ့်သမီးကိုယ် အပိုင်စီးခေါ်ထားချင်လို့ ဆိုတာမျိုးလည်း မဟုတ်ရပါ။ ဒေါ်မေမြတ်ကြည် စိတ်ကူးကတော့ အပြင်မှာ နှစ်ယောက်တည်း သီးသန့်နေလို့ရသောနေရာမျိုး ယောကျ်ားလေးဘက်က စီစဉ်ပေးချင်ပေး၊ မပေးနိုင်လျှင် သယ်န်းကျွန်းဘက်မှာ သူမတို့ပိုင်သည့် တိုက်ခန်းတစ်ခု ရှိသည်။ အဲဒီတိုက်ခန်းကိုကလေးနှစ်ယောက်ကိုပေးပြီးနေခိုင်းမည်။ ကိုယ့်သမီးကို သူစိမ်းတို့ရဲ့အလယ်မှာတော့ ဘယ်လိုနည်းနဲ့မှ မထားနိုင်။

လက်ထပ်ပြီးလျှင် နေရေးထိုင်ရေးဆိုသည့်ကိစ္စဟာ (တစ်ဖက်ကလည်း ကိုယ့်ဆီပဲ လိုက်နေရမှာဆိုပြီး အပိုင်စိတ်ချထား၊ တစ်ဖက်ကလည်း မဖြစ်မနေကန့်ကွက်ရမှာပဲမို့ ဝန်လေးနေတာသားတော့မသိ) မင်္ဂလာပွဲအချိန် တော်တော်နီးလာသည် အထိ ခေါင်းစဉ်တစ်ခုအနေနဲ့ မပြောဖြစ်သေး။

လူကြီးတွေက ထုတ်မပြောကြတော့ လူငယ်တွေမှာလည်း ပြဿနာဖြစ်မှာကို သိသိကြီးနဲ့မို့ ကိုယ်ကစ,သတိမပေးမှာ ရင်တထိတ်ထိတ်နဲ့ စောင့်နေကြရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကဲ ... ဒီနေ့တော့ ပြောရတော့မည်။ ခက်ဖြာညိုက ချစ်လွန်းကို,ကို တစ်ချက်စိုးကြည့်လိုက်သည်။ ချစ်လွန်းကိုကလည်း ခက်ဖြာညိုကို ပြန်ကြည့်ရင်း မသက်မသာနဲ့ သက်ပြင်းတစ်ချက် ရှိုက်လိုက်မိလေသည်။

ဒေါ်မေမြတ်ကြည်က တိုက်ပွဲဝင်တော့မည့်စစ်သူကြီး တစ်ယောက်လို ခါးကိုမတ်၊ ရင်ကိုကော့လိုက်ကာ ...

"ကျွန်မတို့လည်း အသေးအဖွဲကိစ္စလေးတွေတော့ တိုင်ပင်နေဖြစ်ကြပြီး ကလေးတွေ နေရေးထိုင်ရေးအတွက်ကျတော့ ဘာမှမပြောဖြစ်ကြဘူး ဖြစ်နေတယ်"

ဒီလိုအစချီလာလျှင်ပဲ ဒေါ်မေမြတ်ကြည် တစ်ခုခု ထော်လော်ကန့်လန့် ပြောတော့မည်ဆိုတာ ဒေါ်ယုယုခိုင် သဘောပေါက်လိုက်ပြီ။

ဒေါ်မေမြတ်ကြည်ဟာ သူမ ဘာပြောပြော၊ ဘာပဲအဆို တင်သွင်းသွင်း ဆန့်ကျင်ကန့်ကွက်ဖို့၊ ပယ်ချဖို့ပဲ အမြဲလုပ်နေသည်လို့ ( ယုယုခိုင်က ထင်နေသည်။ (ဒေါ်မေမြတ်ကြည်ဘက်ကလည်း အဲဒီလိုပဲ ထင်တာပင်)။





နေရေးထိုင်ရေးကိစ္စလည်း သားတော်မောင်ကို ဆွေးနွေးကြည့်ပြီးပြီလား၊ အသိပေးပြီးပြီလားဆိုတာ အာပေါက်မတတ် မေးနေရတာပင်။ သားကလည်း ပြောပြီးသလိုလို၊ ပြောစရာမလိုတော့လောက်အောင်ပဲ ထင်ရှားသိသာပြီးသား ဖြစ်နေသလိုလို။

အစကတော့ ကိုယ်လည်း သားကို စိတ်ချပြီးလွှတ်ထားခဲ့တာ။ တဖြည်းဖြည်းနဲ့ သားပုံစံ သိပ်မဟုတ်ဘူး ဆိုတာ သတိထားမိလိုက်တော့ အချိန်က တော်တော်နှောင်းနေပြီ။

"အမှန်တော့ ကလေးတွေ နေရေးထိုင်ရေးဆိုတာ သူတို့ဘဝအတွက် အရေးအကြီးဆုံးပဲ မဟုတ်လား။ လူကြီးတွေက စိတ်တိုင်းကျစီစဉ်တယ် ဆိုတာတက် သူတို့လေးတွေက သူတို့ဆန္ဒကို တိုင်ပင်စိတ်ကူးပြီးမှ လူကြီးတွေက လိုက်ဖြည့်ဆည်းပေးတာ ကောင်းတာပေါ့၊ အိမ်သစ်အိမ်သစ်ထူထောင်တယ်ဆိုတာ လွယ်တာမှ မဟုတ်တာ"

"ဟုတ်တယ် ... ဟုတ်တယ်၊ ကျွန်မ အထင်ကတော့ ကလေးတွေက ငယ်လည်းငယ်သေးတယ်၊ အလုပ်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စီနဲ့ မအားလပ်ကြတော့ သူတို့ချည်းပဲ သီးသန့်
ထားရင် အခက်အခဲတွေရှိလာနိုင်တယ်၊ သူတို့ ကိုယ့်အိ
ထောင်ကိုယ် နိုင်နိုင်နင်းနင်း မထိန်းသိမ်းနိုင်ခင် ကာလ
အတွင်း လူကြီးတွေ မျက်စိအောက်မှာပဲထားရင် ကောင်
မယ်ထင်တယ်၊ ဟုတ်တယ် မဟုတ်လား”

ပြောသာပြောရ ဒေါ်မေမြတ်ကြည် မျက်နှာကြ
ခပ်ရှုံ့ရှုံ့ဖြစ်လာတာ တွေ့ကတည်းက အခြေအနေမဟန်တော့
ဆိုတာ ဒေါ်ယုယုခိုင်က ရိပ်မိလိုက်ပြီ။

“ကျွန်မကတော့ ဒီလိုမထင်ဘူးရှင့်၊ အိမ်ထောင်တစ်ခု
စ,ထူထောင်တဲ့အချိန်ဆိုတာ အရေးကြီးဆုံးအချိန်ပဲ၊ ဒီအချိ
မှာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုရှိရမယ်၊
တတ်ကိုင်တတ် ရှိရမယ်၊ တာဝန်ယူစိတ် ရှိရမယ်၊ အ
အလှန် ကူညီချင်စိတ်ရှိရမယ်၊ အရေးအကြီးဆုံးက ဘယ်သူ
ကိုမှ မမှီတွယ်ဘဲ ကိုယ့်အားကိုယ်ကိုးစိတ်ရှိရမယ်၊ က
တွေ ကျောင်းစ,ထားသလိုပေါ့၊ ပထမဆုံး ကျောင်းစ





နေ့မှာ လူကြီးက ကိုယ့်စိတ်ကိုယ် မနိုင်ဘဲ ကလေးငိုတာ
ကို ပြန်ခေါ်လာတာတို့၊ ထိုင်စောင့်နေတာတို့ လုပ်မိရင်
အဲဒီကလေး ဘယ်တော့မှ ကျောင်းကောင်းကောင်းထားလို့
မရတော့ဘူး”

“ဒါဖြင့် မမ ဆိုလိုတာက ...”

“ကျွန်မ သဘောကတော့ ကလေးတွေကို သူတို့ဘာသာ
သီးသန့်အိမ်ခွဲထားပေးလိုက်ရင် ကောင်းမလားလို့၊ ဒါမှ
သူတို့လည်း လုပ်တတ်ကိုင်တတ် ရှိသွားမယ်၊ လူကြီးတွေ
ကိုချည်း အားကိုးချင်စိတ်လည်း ပျောက်သွားမယ်”

“အို ... မဟုတ်တာပဲ၊ ဘာမှ မလုပ်တတ် မကိုင်တတ်တွေ
ကို ဒီအတိုင်းလွှတ်ထားရင် ပိုဆိုးသွားမှာပေါ့၊ စည်းမရှိကမ်း
မရှိ အမှားမှား အယွင်းယွင်းတွေ ဖြစ်ကုန်မှာ”

“အဲဒီလောက်တော့လည်း မဆိုးနိုင်ပါဘူး၊ ကိုယ်ကသာ
ကိုယ့်ကလေးတွေကို ငယ်သေးတယ် ထင်နေတာ၊ သူတို့
ဘက်ကကြည့်တော့ အိမ်ထောင်ပြုသင့်တဲ့ အရွယ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရောက်ပြီ၊ အလုပ်အကိုင်ကိုယ်စီနဲ့ နိုင်ငံကျော်တွေတောင် ဖြစ်နေကြပြီပဲဟာ၊ ပြီးတော့ မောင်ချစ်လွန်းကို,တော့ မသိဘူး၊ ကျွန်မသမီးကတော့ လှလှပပ နုနုရွရွလေးသာ နေတတ်တာ၊ အိမ်မှုကိစ္စတော့ မလုပ်တတ်တာ မရှိဘူး၊ အနေအထိုင်လည်း စည်းနဲ့ကမ်းနဲ့ တိတိကျကျ သပ်သပ်ရပ်ရပ်ပဲ၊ ဘာမှစိတ်မချစရာ မရှိဘူး"

ခက်ပြီ။ သူတို့က သူတို့သမီးကို အိမ်မှုကိစ္စနိုင်နင်းပြီး အောက်သက်ကြေသူအဖြစ် ဂုဏ်ယူနေခိုက်မှာ ကိုယ်က ကိုယ့်သားလေးကလည်း လုပ်တတ်ကိုင်တတ်၊ အောက်သက်ကြေကြေလေးပါပဲလို့ အားကျမခံ ပြန်ပြောဖို့ မဖြစ်နိုင်။

သားလေးက လုပ်တတ်ကိုင်တတ်ကလေးပါဆိုလျှင် သူတို့ဘက်က ဖိခိုင်းတော့မည်။ ကိုယ့်သားလေးကို မိန်းမအခိုင်းခံ၊ ယောက္ခမအခိုင်းခံဘဝတော့ အရောက်မခံနိုင်။ ပစ်စလက်ခတ်နေတတ်ပြီး ဘာမှမလုပ်တတ်သည့် ပျင်း ဖျင်းအဖြစ် ထားလိုက်တာကမှ ကောင်းဦးမည်။





"သားကတော့ ဖရိုဖရဲ ဖြစ်သလိုပဲ နေတတ်တယ်ရှင့်၊ သူ့ပစ္စည်းတွေများ တတောက်တောက် လိုက်ကောက်သိမ်းပေးမဲ့သူ မရှိလို့ကတော့ ကြွက်သိုက်မကလို့ ဆင်တစ်ကောင်ဝင်အောင်းနေရင်တောင် သိမှာမဟုတ်ဘူး"

ယုံပါတယ်။ ယုံပါတယ်။ သူတို့အိမ်ကို သမီးအလည်လိုက်သွားတဲ့ ပထမဆုံးနေ့ကတည်းက တအံ့တဩ ပြန်ပြောလို့ သိခဲ့ရပြီးပါပြီ။

"နောက်ပြီး အကောင်းကြိုက်တတ်တာလည်း လွန်ပါရော၊ တစ်သက်လုံး စားလာတဲ့ အမေ့လက်ရာကိုတောင် တစ်ခါတလေကျ မကောင်းဘူးဆိုပြီး ဆိုင်ထွက်စားချင်စားတာ"

သမီးရဲ့ပြောစကားအရတော့ ဒေါ်ယုယုခိုင်ဟာ ထမင်းချက် ဟင်းချက် မကောင်းလှဘူးဆိုပဲ။ အိမ်မှာထမင်းဖိတ်ကျွေးသည့်နေ့က အကောင်းစားတွေ ဘယ်လိုပဲ ချက်ထား ချက်ထား အရသာက အစပ်အဟပ်မတည့်လှဘူးတဲ့။ ငါးသလောက်ဆပါင်းက အရိုးမနူးတာ၊ ငါးဖယ်သုပ်က လှီးထားသည့် ကြက်သွန်နီ

www.burmeseclassic.com



ဖတ်တွေ ထူထူထဲထဲကြီး ဖြစ်နေတာ၊ ဆိတ်သားခါးပတ်ဟင်းက မဆလာများလွန်းသွားပြီး ပူစပ်ပူလောင်ကြီး ဖြစ်နေတာ၊ ဟင်းရည်က် အချဉ်ထည့်တာများလွန်းတော့ ချဉ်စုပ်စုပ်ဖြစ်နေတာ၊ အရွက်ကြော်က အငန်များပြီး ကော်ရည်က ပျစ်ခဲခဲဖြစ်နေတာ။

ဒါကြောင့် သူ့သားက ဆိုင်ကိုပဲ အားကိုးနေရတာဖြစ်မှာ။

ဒီအကျင့်ကတော့ ကောင်းပါတယ်လေ။ ဆိုင်ထမင်းဆိုင်ဟင်းကို ကြိုက်တတ် စားတတ်တော့ သမီးလေးကိုယ်တိုင် ချက်ပြုတ်ကျွေးမွေးမနေရဘူးပေါ့။ ထမင်းဟင်း ချက်တယ်ဆိုတာလည်း လွယ်မှတ်လို့။ ဈေးသွားပြီး ဝယ်ရခြမ်းရဦးမည်၊ ဟင်းအတွဲအစပ်ကို ခေါင်းခဲအောင် စဉ်းစားရမည်။ အသားငါးတွေကဈေးသည်ကို ခုတ်ခိုင်း ကိုင်ခိုင်းခဲ့လျှင်တောင် အိမ်ရောက်တော့ အနေတော်ဖြစ်အောင် ပြုပြင်ရမည်။ ပုစွန်ဆို အခွံခွာရမည်၊ ပြီးကျ ရေဆေး၊ နယ်ဖတ်၊ ချက်ပြုတ်၊ ပြီးတော့ နူးခပ်၊ စားပြီးလျှင် ဆေးကြော။ မိုက်ခရိုဝေ့ဖ်အာဗင်၊ ပရက်ရှာဆွတ်ကာ၊ ဂက်စ်မီးဖို၊ လျှပ်စစ်မီးဖိုတွေသုံးပြီး ချက်တာတောင် စောင့်ကြည့်မွှမ်းမံရမည့်အချိန်က ကုန်သေးတာ။

ကူဖော်လောင်ဖက် ထားပေမဲ့ ကိုယ်တိုင်ဝင်မစီမံလို့မရ။ ဒီခေတ်ထဲမှာ တကယ်ချက်ပြုတ်လုပ်ကိုင်တတ်ပြီး အောက်သက်ကြေသူကလည်း ခပ်ရှားရှား။ တော်ပြန်တော့ တတ်ပြန်တော့ ငွေပိုပေးကာ ခေါ်ချင်သူတွေက များတာမို့ မမြဲပြန်။ ဒီလိုနဲ့ အိမ်ဖော်ထပ်ရှာရတာကတစ်မျိုး၊ လူမရခင်ကြား ကိုယ်တိုင်ဝင်လုပ်ရတာကတစ်မျိုး။

ယောက်ျားဖြစ်သူက အိမ်ထမင်းအိမ်ဟင်း မမက်ဘူးဆိုရင်တော့ ကောင်းတာပေါ့။ ဒေါ်မမြတ်ကြည်ရဲ့ ခင်ပွန်းဆိုလျှင် အပြင်မှာ ဘယ်ဟိုတယ်ပဲ တက်စားရ စားရ ဗိုက်ကိုနည်းနည်းတော့ချန်ကာ အိမ်ပြန်ရောက်တာနဲ့ မိန်းမလက်ရာ ထမင်းကို ဖြည့်လိုက်ရမှ။ ဒီတော့ ကိုယ့်ယောက်ျား ကိုယ့်ထမင်းဟင်းကိုခက်ပါလားလို့ ကြည်နူးရပေမဲ့ မကောင်းတာလေးတွေလည်းရှိသည်။ ဘယ်လောက်ပဲ ပင်ပန်းနေပါစေ၊ ဘယ်လောက်ပဲ အလုပ်





www.burmeseclassic.com

www.burmeseclassic.com



များနေပါစေ၊ ဘယ်လောက်ပဲ နေထိုင်မကောင်း ဖြစ်နေပါစေ ထမင်းဟင်းမချက်ဘဲ မနေရ။ အိမ်သားတွေ ပြန်လာလျှင် ကိုယ့်လက်ရာလေးစားဖို့ အဆင်သင့်ရှိနေအောင် ကြိုးစားပြီး ချက်ရပြုတ်ရတတ်မြဲ။

သမီးဟာလည်း အမေ့လက်ထွက်မို့ အမေ့လောက်နီးနီး ချက်တတ်ပြုတ်တတ်သားပင်။ ဟိုကောင်လေးက အိမ်ထမင်းအိမ်ဟင်း ကြိုက်တတ်သည်ဆိုလျှင် သမီးလက်ရာကို သဘောကျနေဦးမည်။ ကိုယ့်သမီးလေး ချက်ရပြုတ်ရနဲ့ ပင်ပန်းနေဦးမည်။ ခုတော့ အဆင်ပြေသားပဲ။

"သားကတော့ လူကြီးတွေ မျက်စိအောက်က ခွာလို့ကို မဖြစ်ပါဘူး"

"အို ... မိန်းမတောင် ယူတတ်သေးတာပဲ၊ ကျန်တာတွေလည်း ကိုယ့်ဘာသာ လုပ်နိုင်စီစဉ်နိုင်ရမှာပေါ့၊ လူကြီးတွေက အမြဲတမ်း ဒီလိုပဲ လိုက်အုပ်စီး စီစဉ်ပေးနေရင် သူ့တို့ဘာသာရပ်တည်ဖို့ ဘယ်လိုလုပ် ဖြစ်နိုင်ပါ့မလဲ"





"ဒါကတော့ တဖြည်းဖြည်း ဖြစ်လာမှာပေါ့"

"ကျွန်မတော့ အဲဒီလို မထင်ဘူး၊ ဘဝကို လူကြီးတွေအချုပ်အချယ်မပါဘဲ သူတို့ဘာသာပဲ စ,စချင်တယ်၊ သူတို့လည်း အနေအထိုင် လွတ်လပ်တာပေါ့"

"ကျွန်မတို့က အခန်းဆိုပေမဲ့ လွတ်လပ်ပါတယ်၊ ပစ္စည်းအပြည့်အစုံနဲ့ အကောင်းဆုံး ပြင်ပေးထားတာပါ"

"ပစ္စည်း ပြည့်စုံတာ မပြည့်စုံတာထက် သီးသန့်ဖြစ်စေချင်တာပါ၊ လုံးချင်းမဟုတ်တောင် ငါးလွှာ ခြောက်လွှာလောက်က တိုက်ခန်းပဲ ဖြစ်ဖြစ်ပေါ့"

သင်းတို့က ဘာကိုဆိုလိုတာလဲ။ ငါတို့ကို အိမ်သီးသန့်ဝယ်မပေးနိုင်လို့ ဘာရယ် ညာရယ် အကြောင်းပြပြီးကိုယ့်အိမ်မှာပဲ ဖြစ်သလို အခန်းတစ်ခု ထိုးပေးလိုက်တယ်ဆိုတဲ့သဘောမျိုး ပြောတာများလား။

"တကယ်လို့ ဒေါ်ယုယုခိုင်တို့ဘက်က အခက်အခဲရှိရင်ကျွန်မတို့မှာ တိုက်ခန်းတစ်ခု ရှိပါတယ်၊ သူ့ဖေမိတ်"



www.burmeseclassic.com

www.burmeseclassic.com



ဆွေတစ်ယောက်ဆီက ဝယ်ထားတာ၊ သဃ်န်းကျွန်းဘက်မှာဆိုတော့ သိပ်လည်းမဝေးဘူး၊ တိုက်ခန်းက သုံးလွှာမှာဆိုတော့ တက်ရ ဆင်းရလည်း လွယ်တယ်၊ ဈေးတို့ ဆေးရုံဆေးခန်းတို့လည်း နီးတယ်၊ လုံခြုံရေးလည်းကောင်းပါ၊ အဲဒီမှာ နေကြဖို့ ပြင်ပေးလိုက်ပါမယ်”

“အို ... မဟုတ်တာ၊ တိုက်ခန်းမပြောနဲ့ လုံးချင်းတိုက်တစ်လုံး ဝယ်ပေးဆိုရင်တောင် ကျွန်မတို့က ဝယ်ပေးနိုင်ပါတယ်၊ အိမ်ကအခန်းဆိုရင်လည်း တော်ရုံတိုက်ခန်းထက် အများကြီးကျယ်ပြီး အများကြီး ပိုကောင်းတာပေါ့၊ ပြီးတော့ အပြင်မှာနေလည်း အိမ်နီးနားချင်းဆိုတာကတော့ ရှိမှာပဲလေ၊ ကွင်းခေါင်ခေါင်ကြီး နှစ်ယောက်တည်း တဲထိုးနေနိုင်းလို့မှ မဖြစ်တာ၊ ဒီတော့ ဘယ်လိုစရိုက် ဘယ်လိုလူတွေမှန်း မသိတဲ့ကြားထဲ ထားတာထက် ကိုယ့်မိဘဆွေမျိုးတွေကို အခန်းနီးနားချင်း ထားတော့ ပိုမကောင်းဘူးလား”





မကောင်းဘူး။ ဘာဖြစ်လို့လဲဆိုတော့ သူစိမ်းက ဘယ်လိုလူပဲဖြစ်နေနေ သူစိမ်းပဲ။ ဆွေမျိုးကတော့ ဘယ်လောက်ကောင်းတယ်ဆိုဆို အနီးကပ် ပတ်သက်နေရရင် ဇာတ်လမ်းတွေ ရှုပ်လာတော့မည်။

ကိုယ့်သမီးကိုတော့ ယောကျ်ားလေးဘက်က ဆွေမျိုးအုပ်စုဖွဲ့ပြီး အနိုင်ကျင့်တာခံရသည့် အဖြစ်မျိုး အရောက်မခံနိုင်ပါဘူးတော်။

“နောက်တစ်ခု အရေးအကြီးဆုံးကတော့ မေမေပဲ၊ မေမေက သူ့သားသမီး မြေးတွေကို သူ့အနားမှာ သိပ်ရှိစေချင်တာ၊ ဒါကြောင့် မြေဝယ်တာတောင် အကျယ်ကြီး၊ အိမ်ဆောက်ထားလိုက်တာလည်း နန်းတော်ကြီးတစ်ခုစာလောက်၊ သားသမီးတွေထဲက တာဝန်ကြောင့် အဝေးရောက်နေတဲ့သူတွေကလွဲရင် ဘယ်သူ့ကိုမှ အိမ်ထောင်ခွဲမခံဘူး၊ သူ့အိမ်ပေါ်နေလို့ အဆင်မပြေရင်တောင် ခြံထဲမှာ သီးသန့်အခန်းလေးတွေ တစ်တွဲ ဆောက်ပေးထားသေးတယ်၊ အားလုံးဟာ သူ့တွေ့



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့အချိန်မှာ သူ့အနီးအနား ရှိနေတာကိုပဲ ဖေဖေက ကြိုက်တယ်လေ"

သေကာနီ အဘိုးကြီးတစ်ယောက်ရဲ့ ဆန္ဒကိုများ ဒီလောက်ကြီး ဦးထိပ်ထားနေရလား။ ဟိုအဘိုးကြီးကလည်း ဒီအရွယ်အထိ အတ္တတွေ၊ ငါစွဲတွေ ကြီးမားတုန်း။ ငါ့သား၊ ငါ့မယား၊ ငါ့မြေး ဒါတွေနဲ့မှ အကျမနေရလျှင် မဖြစ်။ သားသမီးတွေကလည်း အဘိုးကြီးနားက ခွာထွက်လိုက်လျှင် အမွေရတာလျော့သွားမှာစိုးလို့ထင်ပါရဲ့။ ဖြစ်သလို တိုးဝှေ့စုပြုံပြီး နေကြသေးသည်။

"ဒါကတော့ သားသမီးတွေအနေနဲ့ ကြိုက်သလိုနေနိုင်ပါတယ်၊ မြေးတွေကျတော့ မတူတော့ဘူးလေ၊ သူတို့က လူငယ်တွေ၊ သူတို့စိတ်ကူးဆန္ဒလေးတွေကိုလည်း ဦးစားပေးရမှာပဲ မဟုတ်လား"

"သားကတော့ သူ့အဘိုးရဲ့ အချစ်တော်ဆိုတော့ အဘိုးနားပဲ နေချင်ရှာတာ၊ သူ့အဘိုးကလည်း သူ့မြေးကိုအမွေအများဆုံး ပေးခဲ့ချင်တဲ့ပုံပဲ"





ဟော ...။ တွေ့လား။ အမွေကိစ္စက ပါလာပြီ။

သူတို့တွေကသာ ဆွေချင်းမျိုးချင်းမို့ အမွေ အမွေနဲ့ မက်နေကြတာ။

ဒေါ်မေမြတ်ကြည်ကတော့ ကိုယ်နဲ့လည်း မဆိုင်၊ သူ့အမွေရမှ စားရသောက်ရမဲ့လူလည်း မဟုတ်။ ဒီတော့ အမွေဆိုတာကြီးကို မက်ကိုမမက်။ အလကားရလျှင်တောင် သိပ်မမက်ချင်သေးတာ၊ ကိုယ့်သမီးလေး သူများမိသားစုကြားထဲ သွားနေမှ ရလာမဲ့အမွေဆိုရင် ပိုလို့တောင် ဝေးရော။

"အမွေက အရေးမကြီးပါဘူးရှင်၊ ဘယ်အချိန်အထိ စောင့်ရမယ်မှန်းမသိတဲ့ အမွေအတွက်နဲ့တော့ ကလေးတွေကို အနေမကျဲ့စေချင်ဘူး"

ဟ ... တယ်ဆော်ပါလား။ ဒေါ်မေမြတ်ကြည် ဆိုတဲ့ အမျိုးသမီးဟာ သူ့စကား ဘယ်ရောက်လို့ ရောက်မှန်းမသိလေးက်အောင်ပဲ ဉာဏ်နည်းသူလား၊ ဒါမှမဟုတ် တမင်တကာကို တင်တင်စီးစီး ပြောပစ်လိုက်တာလား။



www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်းရသလောက်တော့ ဒေါ်မေမြတ်ကြည်ဟာ ညာဏ်နည်းတဲ့ အစားထဲက မဟုတ်ပါဘူး၊ ဒါဆို တံမင်တကာ ပြောပစ်တာပေါ့။

ဘယ်တော့ရမယ်မှန်းမသိတဲ့ အမွေ ... တဲ့။ သဘော က သူမတို့တွေဟာ အဖေဆီကအမွေကို မျှော်လင့်ပြီး အတင်း နိုကပ်နေကြတာပေါ့။

မှန်သင့်သလောက်တော့ မှန်သည်။ အမွေဆိုတာ လူတိုင်းမက်ကြတာပဲ။ သူတို့တွေလည်း အများသူငါမက်သလောက် တော့ မက်တာပဲပေါ့။ ဒါဘာဆန်းသလဲ။ ဒါပေမဲ့ အမွေတစ်ခုထဲ အတွက်နဲ့တော့ စိတ်ကမပါဘဲ တွယ်ကပ်နေတာမျိုး မဟုတ်ရပါ။ အဖေ့ကို ချစ်လည်းချစ်၊ ကြောက်လည်းကြောက်ရလို့ မခွဲခွာရက် ကြတာမျိုးပါ။

ပြီးတော့ သူပြောပုံအတိုင်းဆို သူ့သမီးနဲ့ ကိုယ့်သား အိမ်မှာ လိုက်နေ[illegible]ည်းပဲ ဒီအိမ်က မြန်မြန်ထွက်ရအောင် ကိုယ့် အဖေကြီးကို မြန်မြန်သေပါစေ ဆုတောင်းတော့မည့်ပုံ။





"အမွေကို မျှော်လင့်ပြီး ထိုင်စောင့်တာမျိုးတော့ မဟုတ်ဘူး ပေါ့ရှင်၊ ကျွန်မတို့လည်း သားသမီးအရင်းကြီးတွေပါ။ အဖေသေမှနေ့ ထိုင်စောင့်နေရလောက်အောင်တော့ မရိုင်း ပါဘူး၊ အားလုံးက အဖေ့သဘောကျ နေပေးကြတဲ့ သဘောပါ၊ အဖေ့ကို ကြောက်လည်း ကြောက်ကြရတာကိုး၊ သူ့သားသမီး မြေးမြစ်တွေနဲ့ သိုက်သိုက်ဝိုင်းဝိုင်း နေချင်တဲ့ အဖေ့ဆန္ဒကို ဖြည့်ပေးကြရုံ သက်သက်ပါ"

ဒေါ်ယုယုခိုင် အသံက ခပ်ဆတ်ဆတ် ဖြစ်နေသည်။ ကိုယ့်အသံက မဟုတ်လှဘူးဆိုတာ သိပေမဲ့ ဒေါ်ယုယုခိုင်ကလည်း တမင်ကို မပြင်တာ။ ကိုယ့်သဘောထားကို သိသာပါစေတော့ရယ် လို့ပင်။

"ဟုတ်ပါတယ်လေ၊ ဒေါ်ယုယုခိုင်တို့ကတော့ ကိုယ့်အဖေ ကိုယ့်အဘိုးဆိုပြီး ဦးစားပေးကြမှာပါ၊ ကျွန်မတို့ဘက်ကကျ တော့ အဲဒီလို လိုက်တွေးပေးဖို့ခက်နေတယ်လေ။ ပြီးတော့ တစ်သက်လုံး အတူနေလာကြတဲ့ ဆွေမျိုးထုကြီးတဲ့ သူစိမ်း



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ စ,လိုက်သွားဖို့က ဘယ်လောက် ဝန်လေးမလဲ၊ ကိုယ့်မှာ တစ်အိုးတစ်အိမ် မနေနိုင်လို့ဆိုလည်းထား"

"အို ... ဘယ်သူကများ သူများသားသမီး ဝိုင်းနှိမ်မှာမို့လို့လဲ၊ ခက်ဖြာကိုဆို ပိုဆိုးသေး၊ အားလုံးက အထင်ကြီးသဘောကျပြီး ဝိုင်းချစ်ဖို့ စောင့်နေကြတာ"

"မဖြစ်သေးပါဘူးရှင်"

"ဖြစ်ကို ဖြစ်ရမှာပါ"

ပြောရင်း ဒေါ်ယုယနိုင်က သားဘက်လှည့်ကာ မျက်ရိပ်ပြသည်။

ငါတစ်ယောက်တည်း ကြိုနေရတာ ပင်ပန်းလှပြီ။ နင်လည်း ဝင်ကူဦးဆိုသည့် သဘော။

ချစ်လွန်းကိုကလည်း မလွှပ်မယှက်။ ခက်ဖြာညီတို့အိမ်က ကော်ဇောအဆင်ဟာ ကမ္ဘာပေါ်မှာ အထူးဆန်း အလှပဆုံးဖြစ်နေသလိုမျိုး ခေါင်းမဖော်တမ်း သည်းကြီးမည်းကြီး ငုံ့ကြည့်နေတော့တာ။





မဖြစ်သေးပါဘူး။ ကိုယ်က စကားနည်းရန်စဲ လျှော့လိုက်လျှင် ဟိုဘက်က ဖိနင်းတော့မည်။ စေ့စပ်ပွဲတုန်းကလည်း ဒီအတိုင်းပဲ။

ဖေဖေ ရွေးပေးသည့်ရက်ကို မယူဘဲ သူတို့ဘာသာ စိတ်ကြိုက်လုပ်ကြတာ။

ဖေဖေဆို စိတ်ဆိုးလို့ သူ့အချစ်ဆုံးမြေးရဲ့ စေ့စပ်ပွဲတောင် မတက်တော့တာပဲကြည့်။

အခုကိစ္စကတော့ တော်ရုံစိတ်ဆိုးတာမျိုးနဲ့ ပြီးမှာမဟုတ်။ တစ်သက်စာ နာကြည်းမုန်းမျက်ချင်စရာတွေ ဖြစ်တော့မှာ။

အမွေကြောင့်ပဲပြောပြော၊ သားအဖကြား ချစ်ခြင်းကြောင့်ပဲဆိုဆို ဖေဖေ စိတ်ကွက်တာကိုတော့ မခံနိုင်ပါ။

"တခြားကိစ္စတွေ ဒေါ်မေမြတ်ကြည်တို့ သဘောအတိုင်း စီစဉ်တာကို ကျွန်မ ကန့်ကွက်စရာ မရှိပါဘူး၊ ယောက်ျားလေးရှင်အနေနဲ့ မိန်းကလေးဘက်ကို ဒီလောက်တော့

www.burmeseclassic.com

www.burmeseclassic.com



လုပ်ပေးရမှာပါ၊ နေဖို့ကိစ္စတစ်ခုကတော့ ကျွန်မတို့ စိတ်တိုင်းကျ မဖြစ်လို့ ဘယ်လိုမှ မရဘူး"

ဒေါ်ယုယုခိုင် အသံက အသံပြတ်။ မျက်နှာထားကလည်း "ဈေးလာမဆစ်နဲ့"ဆိုသည့် ပုံစံနဲ့ ခပ်တင်းတင်း။

သူတို့ဘက်က အသံတင်းမှတော့ ဒေါ်မေမြတ်ကြည်ကလည်း လိုက်တင်းဖို့ပဲ ရှိတော့တာပေါ့။ ဟွန့်။ ငါ့သမီးကို သူတို့အိမ် ထည့်လိုက်ရမှာကိုများ သူတို့ဘက်က ရသင့်ရထိုက်တဲ့ အခွင့်အရေးတစ်ခုလို တောင်းနေလိုက်တာ။ မိဘက မကျေနိုင် မဆင်နိုင်လို့ ယောက္ခမအိမ် လိုက်ကပ်နေရမဲ့ မျက်နှာမွဲ ချွေးမ လောင်းကျနေတာပဲ။

"ကျွန်မတို့ကလည်း ကိုယ့်သမီးလေးကို သူများအိမ် ထည့်လိုက်ဖို့ဆိုတာ စိတ်တောင်မကူးနိုင်တဲ့ ကိစ္စပါ"

"ကဲ ... မေမေ၊ ဖိတ်စာအတွက် ပရုပ်ဖ်ဖတ်ဖို့ ရှိသေးတယ်လေ၊ ကျွန်တော်တို့သွားကြရအောင်။ ဒီကိစ္စ အေးအေးဆေးဆေးမှ ဆွေးနွေးကြတာပေါ့"





ချစ်လွန်းကိုက ဖွတ်ဝင်ပြီး စကားဖြတ် လှုချင်းခွဲတော့မှပဲ တိုက်ပွဲဆင်တော့မည့် အမေနှစ်ယောက်လည်း ခဏငြိမ်သက်သွားတော့သည်။

❧ ❋ ❧



www.burmeseclassic.com

www.burmeseclassic.com



"မေမေက မှာလိုက်တယ်၊ နေရေး ထိုင်ရေးကိစ္စကို ကို့နဲ့ အပြတ်ဆွေးနွေးခဲ့တဲ့"

"ကို့မေမေကရောပဲ၊ ကိုယ်ဖြစ်ချင်တာကို လက်ခံလာအောင် ပြောခဲ့တဲ့"

"ကို့က ဘာဖြစ်ချင်လို့လဲ၊ ခက်ဖြာကို ကို့တို့အိမ် လိုက်နေကို နေစေချင်တာလား"

ခက်ဖြာညီက အဲဒီလိုမေးတော့ ချစ်လွန်းကိုအတွက် သိပ်ကိုခက်သည်။

ကိုယ်တိုင်က ဘာဖြစ်ချင်သလဲဆိုတာ ကိုယ့် ဘာသာလည်း သေချာမသိ။





တစ်ခါတစ်ခါကျတော့လည်း သူတို့တစ်ဆွေလုံး တစ်မျိုးလုံး အရိုးစွဲလာခဲ့သော "အဘိုးနဲ့ပဲ အတူနေရမယ်"ဆိုသည့် အယူအဆကို ရောယောင်ပေါ်ယောင်နဲ့ လက်ခံမိချင်သည်။

တစ်ခါတစ်ခါ ကျပြန်တော့လည်း ကောင်းကောင်း ညံ့ညံ့ နှစ်ဖက်လူကြီး အသိုင်းအဝိုင်းတွေနဲ့ ခပ်ကင်းကင်းနေရာမှာပဲ တူနှစ်ကိုယ်တိုင်းပြည်လေးတစ်ခုကို ကိုယ့်လက်ကိုယ့်ခြေနဲ့ ထူထောင်ချင်ပြန်သည်။

"အဲဒီလိုတော့လည်း ..."

ချစ်လွန်းကိုက ဘာဆက်ပြောရမှန်း မသိစွာ စကားကို သံရှည်ဆွဲလျက် ဘယ်လိုအဆုံးသတ်ရကောင်းမလဲ စဉ်းစားနေခိုက် ခက်ဖြာညီက ကြားဖြတ်ဝင်ကာ ...

"မဖြစ်စေချင်ဘူး မဟုတ်လား၊ ခက်ဖြာ သိပါတယ်၊ ကို့လည်း တစ်ယောက် တစ်မျိုးနဲ့ မျက်စိရှုပ်စရာ ကောင်းတဲ့ ကို့အသိုင်းအဝိုင်းထဲ ကြာရှည်မနေချင်ဘူး ဆိုတာ"

www.burmeseclassic.com

www.burmeseclassic.com



ခက်ဖြာညီတို့များ သူ့အမေသမီးလို့ မပြောရဘူး၊ စကားပြော ပါးနပ်ပါပေ့။ ကိုယ့်သဘောထားကို သူ့သဘောထား လုပ်ကာ ချစ်လွန်းကို့ကို ခပ်မြန်မြန်ပဲ တုပ်ချည်ထားလိုက်တော့ တာ။။

စကားအရာမှာတော့ ခက်ဖြာညီလောက် မသွက်သော ချစ်လွန်းကို့မှာ ရုတ်တရက် ဘာပြန်ပြောရမှန်းတောင်မသိ။

"မေမေတို့ဘက်ကလည်း စဉ်းစားကြည့်ဦး ကို့ရယ်။ ကိုယ့်သမီးကို သိပ်ကြီး ကဲကဲဆတ်လွန်းတာတော့လည်း မဟုတ်ပါဘူး၊ ယောက္ခမကို မကြည်ညိုရ၊ ဂရုမစိုက်ရလည်း မဟုတ်ဘူး၊ ကို့တို့တွေ မိသားစုလေးယောက်တည်း သီးသန့်နေကြတာမျိုးဆို မေမေက သိပ်ပြောနေမှာ မဟုတ်ပါဘူး။ ထည့်ဆိုလည်း ထည့်လိုက်မှာပါ၊ အခုဟာက တစ်အိမ်လုံး ဆွေမျိုးတွေ ရာနဲ့ချီ စုနေကြတာဆိုတော့ သူ့သမီးလေးကို ဆွေမျိုးအားလုံးနဲ့ ဝိုင်းနှိမ်မှာတွေ ဘာတွေ မေမေကတွေး ပူတော့တာပေါ့"





"ဆွေမျိုးတွေများတော့ စောင့်ရှောက်မဲ့လူ များလာတာပဲ ရှိပါတယ်၊ ကို့အမျိုးတွေက ဆိုးဆိုးဝါးဝါးလည်း မပါ,ပါဘူး၊ အားလုံးကလည်း ခက်ဖြာကို ချစ်ကြတာပဲဟာ၊ ညီမလေးတွေကဆို ခက်ဖြာ ဝတ်ပုံ စားပုံ နေပုံ ထိုင်ပုံက အစ အတုလိုက်ခိုးနေကြတာ"

ချစ်လွန်းကို ပြောတာ ဟုတ်သင့်သလောက်တော့လည်း ဟုတ်သည်။

မဟုတ်သင့်သလောက်တော့လည်း မဟုတ်။

ချစ်လွန်းကိုရဲ့ ညီမဝမ်းကွဲတွေဟာ ခက်ဖြာညီကို ဆိုလျှင် နာမည်ကြီးမော်ဒယ် အစ်မချောချောလေးဆိုသည့် သဘောနဲ့ ချစ်ကြ၊ ရောနှော်ချင်ကြသလဲဆိုလျှင် လူတစ်ကိုယ်လုံး မွစာ တက်သွားအောင် ဆွဲကြ၊ ရမ်းကြ၊ ကြည့်ရှုကြ၊ စပ်စုကြ၊ လုပ်သမျှ ကိုင်သမျှ ခါးဖက် လက်ဆွဲကာ တကောက်ကောက် လိုက်ကြည့်ကြနဲ့ ရှုပ်လို့ကိုနေတာ။



www.burmeseclassic.com

www.burmeseclassic.com



ခက်ဖြာညီက ခင်တတ် မင်တတ်ပေမဲ့ သီးသီးသန့်သန့် ရှင်းရှင်းကင်းကင်းလေးပဲ နေချင်တာ။ ကိုယ့်နောက်ကို လူတွေတစ်အုပ်ကြီး ပူးကပ်စပ်စုပြီး ပါလာတာမျိုးဆို လုံးဝမကြိုက်တာ။

ဒါကတော့ ကိုယ့်ရဲ့အတွင်းကြိတ် ခံစားမှုပဲဆိုတော့ အသာထား။ ဘယ်သူ့ကိုမှ မပြောဘဲ တစ်ယောက်တည်း ကျိတ်ခံခဲ့ရသော အကြောင်းအရာတချို့ကိုတော့ ပြောပြရဦးမည်။ အစကတော့ ချစ်လွန်းကိုသိလျှင် စိတ်မကောင်းဖြစ်မှာစိုးလို့ မပြောဘဲထားခဲ့တာ။ ခုတော့ ပြောပြပါမှ။

"ကို့,တို့အိမ်မှာ ခက်ဖြာကို မချစ်တဲ့သူ၊ မကျေနပ်တဲ့သူ မနာလိုတဲ့သူတွေလည်း ရှိတော့ ရှိပါသေးတယ်"

ချစ်လွန်းကိုက အခုမှ အဆန်းစကားကိုကြားလိုက်ရတာမို့ တအံ့တဩ ဖြစ်သွားရသည်။

သူ့အမျိုးတွေဟာ စိတ်သဘောထား ဖြူလွန်းတာ မနာလိုဝန်တိုကင်းပြီး ပြည့်ဝမြင့်မြတ်လွန်းတာတော့ မဟုတ်မှန်း





ချစ်လွန်းကိုက သိပါသည်။ အချင်းချင်း လှည့်ပတ်စပ်စု၊ အတင်းပြော၊ ပြိုင်ဆိုင်၊ မနာလို၊ ချောက်ချ၊ ရှေ့တစ်မျိုး နောက်တစ်မျိုး လုပ်တာတွေတော့ ရှိတာပေါ့။

ဒါပေမဲ့ ဒီစိတ်ထားသဘောထားတွေဟာ သူသူငါငါမှာ ရှိကြသလောက်ထက် မပိုပါ။ အရေးအကြောင်းကြုံတော့လည်း အချင်းချင်း သနားကြ၊ ဝိုင်းဝန်းကြ၊ ကူညီကြ၊ အနည်းဆုံး စိတ်ထဲကမပါတောင် မျက်နှာမပျက်ရုံလေးတော့ ဟန်ဆောင်ပေးကြတာပဲ။

ခက်ဖြာညီကိုကျတော့ သူတို့ အရင်ကတည်းက သဘောကျနှစ်ခြိုက်ခဲ့ရသူပီပီ ဟန်ဆောင်တာအပြင် စေတနာအစစ်နဲ့ ခင်မင်ရင်းနှီးလိုကြတာလည်းပါ,ပါသည်။

ဒီလိုလူတွေကြားထဲမှာ ဘယ်သူကများ ခက်ဖြာကို မနာလို မကျေနပ်တာကို မြင်သာထင် သာအောင် ပြကြတာပါလိမ့်။

"ဘယ်သူတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နံပါတ်တစ် အနီတီတင့်၊ သိတဲ့အတိုင်းပဲ သူက ကိုကို့ သူ့လင်ပါသမီး မိုမို့နဲ့ သဘောတူနေတာ မဟုတ်လား၊ ခက်ဖြာက ကြားဝင်လာတော့ သူ့အစီအမံတွေ ပျက်သွားတယ်လေ"

ဟုတ်လား မဟုတ်လားတော့မသိ။

ကွန့်ကွက်ငြင်း ဆန်ရအောင်လည်း အနီတီတင့်ဟာ သူ့ယောကျ်ားရဲ့ အရင်အိမ်ထောင်နဲ့ ပါလာသည့် မိုမို ဆိုသော ကောင်မလေးနဲ့ သူ့ကို စ,သလို နောက်သလိုနဲ့ တွန်းပို့လောက လုပ်ဖူးတာမို့ လုံးဝမဖြစ်နိုင်ပါဘူး ပြောလို့လည်း ရတော့မရပေ။

"အနီတီတင့်က စကားပြောရင် မလွတ်တလွတ် ချိတ်တိတ်တိတ်နဲ့ ပုံစံကြည့်ရင်တော့ တကယ့်စေတနာရှင်လူကြီးသူမပုံစံပါပဲ၊ ခက်ဖြာကတော့ ဝေ့ုံးမှမဟုတ်တာ၊ သူ့အတွင်းသဘောကို သိတာပေါ့"

"အင်းလေ ... ဒါကတော့ ..."





"နောက်တစ်ယောက်က မဒေစီ၊ တုတုနဲ့ပုပုရဲ့အမေလေ၊ ခက်ဖြာတို့ စေ့စပ်ပွဲတုန်းက သူ့သားတွေနဲ့ မာမီစံဖြစ်တဲ့ ပြဿနာမှာ ခက်ဖြာက မာမီစံဘက်လိုက်တယ် ဆိုပြီး မကျေနပ် ဖြစ်နေတာ၊ သူ့အချစ်တော်သားတွေ စည်းကမ်းမရှိသောင်းကျန်းတာကိုတော့ ထည့်မပြောဘူး၊ ခက်ဖြာကပဲ အမျိုးဘက်မလိုက်ဘဲ သူစိမ်းဘက်ပါတယ်နဲ့၊ ကြွတိုင်းစကားနာထိုးလာထိုးရဲ့၊ ခက်ဖြာကိုဖြင့် ဝေးဝေးရှောင်ပါ့မယ်ဆိုတဲ့ပုံစံမျိုး လုပ်လားလုပ်ရဲ့၊ အဲဒီလိုပဲ အငြိုးမပြေတဲ့နောက်တစ်ယောက်က သဲသဲ၊ ကို့ပဲ စဉ်းစားကြည့်၊ စေ့စပ်ပွဲတုန်းက သူ လုပ်လို့ ခက်ဖြာမှာ ဒုက္ခအကြီးအကျယ်ရောက်ရတာ၊ အဲဒါကိုပဲ သူက ခက်ဖြာက ကလေးကိုမညှာမတာ အနိုင်ကျင့်တတ်တဲ့ မိန်းမကြီးလိုလို၊ ကလေးမှားတာကို ခွင့်မလွှတ်နိုင်လောက်အောင် ရက်စက်တဲ့သူလိုလို၊ သဲသဲနဲ့ မဒေစီပုံစံက ခပ်ဆင်ဆင်ရယ်၊ သဲသဲအမေကလည်း သူ့သမီးဘက်ကလိုက်ပြီး ခက်ဖြာကို အဆက်အဆံမလုပ်ချင်သလိုလို"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်တော့လည်း ..."

"မဟုတ်နိုင်ဘူး ထင်လို့လား၊ ကို့အမျိုးတွေမှာ အမှားမရှိဘူးဆိုတဲ့ သဘောလား"

"ဟာ ... မဟုတ်ပါဘူးကွာ၊ ကို့ ထင်တာက စေ့စပ်ပွဲတုန်းကရှိခဲ့တဲ့ အဖုအထုံးတွေ ခုထက်ထိ ကျန်နေသေးတာမျိုး မရှိနိုင်ဘူးလို့ ထင်တာပါ"

"ဒါက ကို့အထင်ကိုး၊ ယောက်ျားတွေကြားမှာ ပြဿနာဖြစ်ရင် တစ်ခေါက်တည်း အသေသတ်ချင့်လည်းသတ်၊ မသတ်ဖြစ်လည်း ပြီးပြီးလျော့က်လျော့က် ဖြစ်သွားတတ်ပေမယ့် မိန်းမတွေကြားမှာတော့ ပြဿနာတစ်ခုဟာ ဘယ်လောက်ပဲသေးသေး တနုံ့နုံ့နဲ့ တစ်သက်လုံး မပျောက်တော့ဘူး"

ဟုတ်လေလား မဟုတ်လေလားတော့မသိ။ ကိုယ်က မိန်းမ မဟုတ်၍ သူတို့ချင်းပဲသိတတ်သော ပြဿနာအရှုပ်အထွေးတွေကို ဝင်နားလည်မပေးနိုင်ပါ။ ခက်ဖြာညီ ကိုယ်တိုင်က ခံစားပြီး ပြောတာဆိုလျှင်တော့ တကယ်ဟုတ်လို့ နေမှာပါပဲ။





"အန်တီတင့်ရဲ့လင်ပါသမီး မိုမိုရယ်၊ နောက်ပြီး အန်ကယ်ချစ်ရဲ့သမီးအကြီးဆုံး စန်းသော်တာရယ်ကလည်း ခက်ဖြာကိုဆို မနာလိုလိုက်ကြသမျှ မျက်နှာချင်းတောင်ကောင်းကောင်းမဆိုင်နိုင်ဘူး၊ မျက်စောင်းထိုးပြီး နှုတ်ခမ်းက ထော်လန်နေတာပဲ"

မိုမိုကတော့ ဆွေရင်းမျိုးရင်းလည်း မဟုတ်၊ ချစ်လွန်းကို့ကိုလည်း ရည်စူးထားနှင့်သူမို့ ခက်ဖြာညီကို မကျေနပ်တာထားတော့။ မောင်နှမဝမ်းကွဲ တော်သော အသက်ချင်းလည်း ကွာသော စန်းသော်တာက ကျတော့ ဘာကြောင့် မနာလိုဖြစ်ရတာပါလိမ့်။

"ဘာလဲ မယုံဘူးလား၊ ရှင့်အစ်မကတော့ သိပ်ကိုသဘောထားဖြူစင်လွန်းပြီး ကျွန်မကျတော့ ပလီသီးချောက်ချက်ပြောတတ်လွန်းတဲ့မိန်းမ ထင်လို့လား"

"ဘယ်သူ့ကိုမှ ဘာမှ မထင်ရပါဘူးကွာ၊ ခက်ဖြာကလည်း ကို့ကိုပဲ စွတ်ရန်လုပ်နေတော့တာပါပဲလား"



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ကို သွားပြောလို့မှမရတာ၊ ရှင်းရှင်းပြောရရင် ခက်ဖြာစိတ်ထဲ မကျေနပ်တာတွေကတော့ ရှိကို ရှိနေတာပဲ၊ ပြီးတော့ ကို့တို့မိသားစုတွေကို မျက်စိနောက်တယ်၊ အားလုံးဟာ ကိုယ့်စည်းနဲ့ကိုယ် မနေဘဲ ရှုပ်ယှက်ခတ်နေတာပဲ၊ လူကများတော့ ပြဿနာကလည်းများ၊ တစ်အိမ်လုံးမှာ အနည်းဆုံးနှစ်နေရာ သုံးနေရာလောက်ကတော့ ပြဿနာရှိနေတာ"

လာပြန်ပြီ။ သူ့အမျိုးတွေကိုဆို ခက်ဖြာဟာ တော်တော်လေး ပက်ပက်စက်စက် ဝေဖန်တတ်သည်။ ဒီနေရာမှာတော့ သူမဟာ တကယ့်ကို မအေတူသမီး။ သူ့အမေလိုပဲ တွေးတတ်ခေါ်တတ်ကာ သူ့အမေလိုပဲ အားမနာတမ်းလည်း ပြောတတ်ပါပေ့။

"ကို့အိမ်မှာ လိုက်နေရရင် ခက်ဖြာတော့ အသက်တိုလိမ့်မယ်ထင်တယ်"

"ကြည့်ကြသေးတာပေါ့ကွာ"





ချစ်လွန်းကိုက စကားနည်းရန်စဲသဘောနဲ့ မရေမရာ ပြောလိုက်သည်။

ခက်ဖြာညီကတော့ အဲဒါကိုပဲ မကျေနပ်နိုင်တာ။ သူက ယောကျ်ားလေး။ ပြီးတော့ သူ့အိမ်ကို သူပဲ ပြောရမှာ။ သူကိုယ်တိုင်က ကွေ့လည်ချောင်ပတ်ဆိုတော့ ဘယ်လိုလုပ်ရမလဲ။

မင်္ဂလာဆောင်ဖို့ကဖြင့်နီးလာပြီ။ လောလောဆယ် ဝယ်ထားသည့်ပစ္စည်းတွေကိုတောင် နေရာချစရာက မရှိသေး။ ဟိုအိမ်လိုလို ဒီအိမ်လိုလိုနဲ့ နေရာခွဲပြီး ကြုံသလိုထားရတာ။

လက်ရှိပစ္စည်းကို တိုက်ရိုက်ဝယ်တာမဟုတ်ဘဲ ကိုယ်ကြိုက်သည့်ပုံစံကို ရွေးချယ်မှာထားရသည့် ခန်းဝင်ပစ္စည်း ကြီးကြီးမားမားတွေက မရသေးပေလို့သာ။

သိပ်မကြာခင်မှာတော့ အောင်ချမ်းမြေ့ပရိဘောဂဆိုင်က မှာထားသည့် ခုတင်ရယ်၊ အဝတ်ဗီရို၊ မှန်တင်ခုံ စတာတွေ ရောက်လာတော့မည်။ ကြီးကြီးမားမား ထိုပစ္စည်းတွေကျတော့ အိမ်ထဲကြုံရာနေရာမှာ ဖြစ်သလို ထိုးသိပ်သိမ်းထားလို့ မရတော့။ သူ့နေရာနဲ့သူ စနစ်တကျ ထားပြီး ဆင်ပြီး ဖြစ်ရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



မေမေကလည်း တဂျီဂျီ။ သမီးတို့လူငယ်ချင်း ဒီကိစ္စပြီးပြတ်အောင် မရှင်းနိုင်ခဲ့ရင် မေမေကတော့ ဗိန်းမောင်းတိုက်ရတော့မယ်တဲ့။

ကဲ ... ခက်ဖြာညီ စိတ်ညစ်ပါတယ်လို့ ခုနေပြောလျှင် မယုံဘဲ နေကြဦးမှာတဲ့လား။

❧ ❋ ❧





"ခက်ဖြာ ဘယ်လိုဖြစ်နေတာလဲ၊ ကျွန်မ ဘယ်ပဲသွားသွား ဖဲရုံလေးဒီက အဝတ်အစားဒီဇိုင်းလေးနဲ့မှ စတိုင်ကျတယ်လို့ ထင်တယ်ရှင့်၊ အဲဒီလိုပြောပြီးရင် အင်္ကျီအောက်နားစလေး နှစ်ဖက်ကိုဆွဲပြီး ကိုယ်ကို တစ်ဖက်လေးဆယ့်ငါးဒီဂရီလောက် လွှဲလွှဲပြရမယ်၊ ဒါပဲလေ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ပါ ဆရာ"

"ညည်းကလည်း ဒီလောက်လေးတောင်မှ အခါခါပြန်ပြောပြန်လုပ် ဖြစ်နေပါလား"

ဆရာရင်းလည်းဖြစ်၊ မကြာခဏ ကြော်ငြာတွဲရိုက်နေကျမို့ တစ်ယောက်အထာလည်း တစ်ယောက်က သိနေသော



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာ ကိုနောင်က စိတ်မရှည်နိုင်တော့သည့်အဆုံး ထ,ဟောက်ပါလေရော။

သူ စိတ်ဆိုးမယ်ဆိုလည်း ဆိုးလောက်စရာပါပဲ။ ခက်ဖြာညီက ခုတလော ဘာပဲလုပ်လုပ် အဆင်မပြေ။ အဆင်မပြေဆို စိတ်က ကြည်ကြည်လင်လင်မရှိတော့ အလုပ်လုပ်ရတာလည်း စိတ်မပါဘူးပေါ့။

ပြင်ပကပြဿနာတွေနဲ့ အလုပ်ကို တကန့်စီသီးသန့်ခွဲထားသည့်သည်ဆိုပေမယ့်လည်း ဒါတွေအားလုံးကို ခံဆောင်ထားသည့် ဦးနှောက်ကတစ်ခုတည်း။ ထိုဦးနှောက်ကို ပိုးရှက်ထားရသည့် ခန္ဓာကိုယ်ကလည်း တစ်ခုတည်းဆိုတော့ ကြာလာသည့်အခါ စိတ်မပါတာတွေ၊ အဆင်မပြေတာတွေ ဖြစ်လာတော့တာပေါ့။

"ညည်း ဘာဖြစ်နေတာလဲ၊ မင်္ဂလာဆောင်တော့မှာမို့ အပျော်လွန်နေတာနဲ့ အလုပ်ထဲအာရုံမစိုက်နိုင်တော့ဘူးပေါ့လေ"

"ဆရာရယ် ... သမီး နည်းနည်းစိတ်ရှုပ်နေလို့ပါ"





"စိတ်ရှုပ်တာလား စိတ်လှုပ်ရှားတာလားကွ ဟေ၊ မပျော်ချင်ဟန်ဆောင်မနေစမ်းပါနဲ့ဟာ၊ ဘာဖြစ်လဲ ပျော်ရင်ပျော်တယ်ပေါ့"

"မပျော်ပါဘူးဆို ဆရာရယ်"

"ဟား ဟား ... မပျော်ဘူးဆိုမှတော့ ဘယ်သူက လင်ယူနေတော့မှာလဲ၊ နောက်လူတွေအားကျမှာစိုးလို့ ဟန်ဆောင်ပန်ဆောင်တွေ လုပ်ပြနေရသေးတယ်"

မပြောချင်တော့ပါဘူး။ ပြောကိုမပြောချင်တော့ပါဘူး။ ယောကျ်ားယူကာနီးမှ စိတ်ရှုပ်ထွေးပြီး ပျော်ဖို့ထက် စိတ်ညစ်ဖို့က ပိုများနေသည်ဆိုရင် တော်တော်တန်တန် ဘယ်သူက ယုံကြည်မှာလဲ။

ခက်ဖြာညီ ကိုယ်တိုင်လည်း အစကတော့ မထင်ခဲ့မိပါဘူး။ ကိုယ့်ချစ်သူနဲ့အတူ နှစ်ယောက်တစ်ဘဝ ထူထောင်နေရမယ်ဆိုရင် ဘယ်လောက် ကောင်းလိုက်မလဲလို့ တွေးခဲ့တာ။ နောက်ပြီးတော့ ကြီးကျယ်ခမ်းနားသည့် ဟိုတယ်ခန်းမကြီး၊



www.burmeseclassic.com

www.burmeseclassic.com



ပန်းတွေ၊ ဖဲကြိုးတွေ၊ မီးဆိုင်းတွေနဲ့ လှပသည့်အပြင်အဆင်၊ စိတ်တိုင်းကျချုပ်လုပ်ထားသည့် အဆန်းသစ်၊ အလှပ၊ အတောက်ကြွားဆုံး သတို့သမီးဝတ်စုံ၊ မာမီစံရဲ့ အကောင်းဆုံးလက်ရာနဲ့ ပြင်ဆင်ထားသည့် အလှပဆုံး မျက်နှာကလေး၊ ပြီးတော့ ချစ်သူရဲ့ လက်ကို ဖွဖွလေးတွဲကာ ပန်းကြဲထားသည့် ကတ္တီပါကော်ဇော်ပေါ် ရွရွလေး အလှပြလျှောက်လှမ်းရမည့်အဖြစ်။ သိပ်ကိုရင်ခုန်စရာကောင်းမှာပဲလို့ အမြဲထင်မှတ်ခဲ့တာ။

ယောကျ်ားလေးက မိန်းမယူချင်လို့ မင်္ဂလာဆောင်တာတဲ့၊ မိန်းကလေးတွေကတော့ မင်္ဂလာဆောင်ချင်လို့ ယောကျ်ားယူတာတဲ့။ အဲဒီစကားမှားတာပဲဖြစ်ဖြစ် မှန်တာပဲဖြစ်ဖြစ် ခက်ဖြာညီကတော့ ချစ်သူမရှိခင်ကတည်းက ခမ်းနားပြည့်စုံသည့် မင်္ဂလာပွဲတစ်ခုကို ရည်းမှန်းကြည်နူးခဲ့ဖူးတာပါ။

ချစ်လွန်းကိုနဲ့ ချစ်သူတွေဖြစ်ကြတော့လည်း နှစ်ယောက်စလုံးက အပျော်သက်သက်မဟုတ်၊ တစ်သက်တစ်ယောက် ရည်မှန်းစိတ်ကူးခဲ့ကြတာမို့ ချစ်သူနဲ့ အတူဆင်နွဲရမည့်မင်္ဂလာပွဲ





ချစ်သူနဲ့နှစ်ယောက်တည်း လျှောက်လှမ်းရမည့် ဘဝခရီးလမ်းအတွက် တွေးပြီးပျော်ခဲ့ရတာ။

အောင်မယ်လေး။ အခုများတော့ အဲဒီတုန်းက ဘာကြောင့်များ တွေးပျော်ခဲ့တာလဲဟဲ့။ ရှေ့ဆက်ကြုံရမယ့်ဒုက္ခတွေကို ဘာကြောင့်များ ထည့်မတွေးခဲ့မိတာလဲဟဲ့ ဆိုပြီး ကိုယ့်ခေါင်းကိုသာ လက်သီးနဲ့ စုံထုပစ်လိုက်ချင်တော့တာပဲ။

"ခက်ဖြာ ဖုန်းလာတယ်"

"ဘယ်ကလဲ"

"မောင်တော်ဘုရားဆီကပေါ့၊ ကပ်ပီတယ်လ်က ဖန်နေချာရှိုးသွားကြည့်မယ်တဲ့"

ဟွန့်။ ဖန်နေချာရှိုးတဲ့။ နေစရာအိမ်ဖြင့်မရှိသေးဘဲနဲ့ ပရိဘောဂပြပွဲ သွားပြပြီး ပရိဘောဂတွေ ဝယ်ချင်ခြမ်းချင်နေသေးတယ်။

"အင်း ... ဒီမှာရိုက်ကွင်းပြီးတော့မယ်၊ နောက်နာရီဝက်လောက်နေရင် ယုဇနဂါးဒင်းမှာ လာခေါ်ချေလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ဘာနာရီဝက်အတွင်းအပြီးဖြတ်မယ် ဟုတ်လား။ ဟုတ်မှလည်းလုပ်ပါ မယ်ကာဠုရယ်၊ အခုတောင် ဒီတစ်ကွက်ကလေးကို ပြန်လုပ်နေရတာ ဘယ်နှကြိမ်ရှိပြီလဲ"

"နှစ်ကွက်ပဲ ကျန်တော့တဲ့ဟာကို ဆရာနောင်ကလဲ"

"အင်းလေ အခုတစ်ကွက်က အနည်းဆုံး နာရီဝက်ကြာမှာ၊ နောက်ထစ်ကွက်ပြီးဖို့ဆို တစ်နာရီက အောက်ထစ်ပဲပေါ့"

"ဆရာနောင်ကလည်း နည်းနည်းမြန်မြန်ရိုက်လည်းရတာပဲဟာ၊ ကျန်တာတွေက အင်္ကျီကိုင်ပြပြီး စကားပြောရမယ့်တစ်ခွန်းရယ်၊ ဗီရိုဖွင့်ပြီးချိတ်ထားတဲ့အင်္ကျီတွေကို တစ်ထည်ချင်းကိုင်ကြည့်သွားရမယ့်အကွက်ရယ်၊ ဒါပဲမဟုတ်လား"

"ညည်းက ဒါပဲတောင် မဖြောင့်နိုင်လို့ ပြောနေရတာဟ"

ဆရာနောင် တမင်တကာ နောက်ပြီး ညစ်နေသည်လို့ သဘောပေါက်လိုက်တာမို့ ခက်ဖြာညီက ရယ်ရယ်မောမောနဲ့ပဲ ရိုက်ကွင်းပြန်စခိုင်းလိုက်သည်။





သူတို့ ကြော်ငြာရိုက်ကွင်းတည်ထားသည့် ယုဇနဂါးဒင်းဟိုတယ်ထဲ ချစ်လွန်းကိုရဲ့ကား မောင်းဝင်လာချိန်မှာ ကျန်သည့်ရိုက်ကွင်းနှစ်ခုလုံး ပြီးလို့ ခက်ဖြာညီက ပစ္စည်းတွေပင် သိမ်းပြီးနေပြီ။

"လာလေ ... ခက်ဖြာတို့ရိုက်ကွင်းတော့ ခုပဲပြီးသွားတယ်၊ ပစ္စည်းတွေတောင် သိမ်းနေတုန်းပဲ"

"ချစ်လွန်းကိုရေ ခက်ဖြာကတော့ မင်းလာကြိုမယ်ဆိုတာနဲ့ စောစောက အီလေးဆွဲနေတဲ့ရိုက်ကွင်းကို အမြန်ဖြတ်တော့တာပဲ၊ မင်းကျေးဇူးကြောင့် ငါ့ရိုက်ကွင်း မြန်မြန်ပြီးသွားတာလို့ပြောရမယ်ကွ"

ဆရာနောင်ကတော့ ထင်မည်။ ခက်ဖြာညီနဲ့ ချစ်လွန်းကိုတို့ စုံတွဲဟာ အတွဲအဖက်ညီညီ၊ ပျော်ပျော်ရွှင်ရွှင်နဲ့ လည်ပတ်ဝယ်ခြမ်းကြမှာပဲလို့ပေါ့။

တကယ်တမ်းကျတော့။

"ဒီနေ့ကြည့်လာတဲ့ပစ္စည်းတွေထဲက ဘာလေးကြိုက်တာရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကက်ပီတယ်လ်က ပြန်ထွက်တော့ အေးအေးဆေးဆေး တိုင်ပင်ဆွေးနွေးရအောင် ရှေ့ပုစ္စန်ကို ဝင်ကြည့်သည်။ နှစ်ယောက်တည်းသီးသန့် စကားပြောနိုင်အောင် ဆိုင်အတွင်းခန်းထဲ မဝင်ဘဲ ပန်းခြံထဲက ထိုင်ခုံလေးမှာပဲ ထိုင်ဖြစ်ကြသည်။

"ပစ္စည်းတွေကတော့ အားလုံးလိုလို ကြိုက်တယ်"

"ကိုတို့ ဝယ်ဖို့က ရေခဲသေတ္တာရယ်၊ အဝတ်လျှော်စက်ရယ်၊ မိုက်ခရိုဝေ့ဖ်အာဗင်တစ်ခု၊ ပေါင်မုန့်မီးကင်စက်တို့ ကော်ဖီမိတ်ကာတို့ ဘာညာကတော့ နောက်မှကောက်သင်းကောက်တာပေါ့ကွာ၊ မွေ့ရာကလည်း ဒန်းလော့ပ်ပီလိုက မှာမယ်ဆိုတော့ အနီးကပ်မှသွားရင်ရမယ်၊ ဪ ... အိပ်ရာဖုံးစောင် အဲဒါတွေ မဝယ်ရသေးဘူးနော်၊ ဒါတွေက ထည့်မပြင်လို့ မရတဲ့ဟာတွေ"

အားကြီးမာန်တက် ပြောနေသည့် ချစ်လွန်းကို၊ကိုခက်ဖြာညီက မေးကလေးထောက်ကာ ငေးပဲငေးကြည့်နေလိုက်တော့သည်။





"အိမ်မှာထားဖို့က ဟော့ ... ဝင်ပြောဦးလေကွာ၊ ကို့၊ တစ်ယောက်တည်း ပြောနေရတာ မောလှပြီ"

"ကိုရယ် ပစ္စည်းတွေအများကြီး ဝယ်ဖို့ထက် အဲဒီပစ္စည်းတွေကို ဘယ်မှာနေရာချမလဲဆိုတာကိုပဲ အရင်စဉ်းစားပါဦး"

ခက်ဖြာညီ ဒီလိုပြောလိုက်လျှင် ချစ်လွန်းကို ချက်ချင်းပဲ ငိုင်ဆင်းသွားတော့သည်။

ဘယ်တော့မှ အဖြေရှိမှာမဟုတ်သော ပုစ္ဆာတစ်ပုဒ်ကို မေ့ထားပြီး လက်ရှိဘဝလေးမှာပဲ နေထိုင်လှုပ်ရှားနေခဲ့ရတာ ဘယ်လောက်တောင် ကြာပြီပြီ။

မင်္ဂလာပွဲက သိပ်မလိုတော့ဘူးဆိုတော့ အချိန်အနည်းငယ်အတွင်းမှာ ဆုံးဖြတ်ချက်ချရတော့မည်။ ဘယ်လိုမှ ရှောင်လွှဲလို့မရတော့။ ပြီးလျှင် ဆက်တိုက်ဖြစ်ပေါ်လာမည့် ပေါက်ကွဲမှုတွေကိုရော ဘယ်လိုရင်ဆိုင်ကြမလဲ။ ဖြေရှင်းလို့ကော ရပါ့မလား။ တစ်ယောက်မဟုတ် တစ်ယောက်ရဲ့ရင်ထဲမှာ စွဲထင်ကျန်ရစ်သွားမည့်နာကျင်မှုတွေကရော ပျောက်ကွယ်သွားပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



"ကိုတော့ ဘယ်ဘက်မှ မလိုက်ဘဲ ထွက်ပြေးချင်နေပြီ ခက်ဖြာ၊ ဘယ်လိုလဲ ကိုတို့ ခိုးပြေးကြရင်ကောင်းမလား"

"ကိုနော် မနောက်နဲ့၊ ဒီအချိန်ကြီးမှာ နိမိတ်တို့ နမာတို့ ဆိုတာကို အရမ်းကြောက်နေရတာ၊ မနက်ဖြန်ကျရင် မေမေနဲ့ အန်တီယုက ဗေဒင်သွားမေးကြဦးမယ်လည်းပြောတယ်"

"ဗေဒင်မေးကြမယ်၊ နှစ်ယောက်အတူတူလား"

"ဘယ်ဟုတ်မလဲ၊ မေးတာတော့ တစ်နေ့တည်း တစ်ချိန်တည်းသွားမေးကြမှာ၊ နေရာကမတူဘူး၊ အန်တီယုကတော့ အဘိုးကိုးကွယ်တယ်ဆိုတဲ့ ဆရာကြီးဘယ်သူ ..."

"ကို့လည်း နာမည်မေ့နေပြီ၊ ထားလိုက်တော့ သိတယ်"

"မေမေကတော့ သူ့မေးနေကျ ဆရာမကြီး ထိပ်တင်မြကြွယ် ဆီသွားမေးမှာ"

"ထိပ်တင်မြကြွယ်၊ နာမည်ကြီးကလည်း ကြောက်စရာကြီးလိုလို ရယ်စရာကြီးလိုလို"





"ရယ်စရာတော့ လုံးဝမကောင်းဘူးနော်၊ ခက်ဖြာကဖြင့် သူ့ ဘာတွေမထော်မကန်း ဟောလွှတ်လိုက်မလဲလို့ ကြောက်နေရတာ၊ ပြီးတော့ ကိုတို့ဘက်က အခါတော်ပေးဆရာကြီး ဗေဒင်ထိပ်သီး ဆရာဖြိုးဆိုလား သူဟောတာနဲ့ လွဲနေရင်လည်းပြဿနာ"

"ခေါင်းရှုပ်တယ်ကွာ၊ လူကြီးတွေကတမှောင့်၊ အငယ်တွေကလည်းတမှောင့်"

"အငယ်တွေက ဘာဖြစ်ရပြန်ပြီလဲ"

"ဆင်းလဲ့ရွှေရည်ပေါ့"

ဆင်းလဲ့ရွှေရည်။

သွေးကင်ဆာရောဂါနဲ့ သက်တမ်း သိပ်ရှည်ရှည် မနေရတော့ဘူးလို့ သေချာနေသည့်မိန်းကလေး။ ဆေးတွေသွင်းရ သောက်ရ၊ သွေးသွင်းရဖန်များလွန်းလို့ လူခန္ဓာကိုယ်က မဖွံ့ဖြိုး တော့ဘဲ ခပ်ညှက်ညှက်၊ ဆံပင်က ကျိုးတိုးကျဲတဲ၊ အသားအရေက မည်းပြာပြာဖြစ်နေသူ။ နဂိုရုပ်ကလေးကိုကလည်း ကြည့်မကောင်း



www.burmeseclassic.com

www.burmeseclassic.com



လှပေရာ အချောအလှများသော ချစ်လွန်းကိုတို့ ဆွေမျိုးစုထဲမှာတော့ သနားစရာ ကောင်းလောက်အောင်ပင် ရုပ်ဆိုးနေတော့သည်။

"သူက ဘာဖြစ်လဲ၊ နေမကောင်းပြန်ဘူးလား"

"နေက ကောင်းပါတယ်၊ ကောင်းလို့ ခက်နေတာ"

"ရောဂါသည် နေကောင်းနေတာကိုများ ခက်နေတယ်ပြောရသေးလား"

"သူက နေကောင်းနေတော့ ဘာပြောတယ် မှတ်သလဲ"

"ဘာတဲ့လဲ"

"သတို့သမီးအရံ လုပ်ချင်တယ်တဲ့"

မြတ်စွာဘုရား။

နဂိုအခံကလည်းမလှ၊ ပြင်းထန်သည့်ကင်ဆာရောဂါကုဆေးတွေကြောင့် အသွင်အပြင်ကနှစ်ဆပိုဆိုးကာ ကြည့်မကောင်းရှုမကောင်း ရုပ်ပျက်ဆင်းပျက် ဖြစ်နေသူကများ ခက်ဖြာညီရဲ့ မင်္ဂလာဆောင်မှာ သတို့သမီးအရံ လုပ်ချင်ရသေးသတဲ့။





ရက်စက်ရိုင်းစိုင်းသည်လို့ ပြောချင်လည်းပြောကြစေတော့။ ခက်ဖြာညီကတော့ အမဲရိုးနှယ် ဟင်းအိုးမှ အားမနာလို့ပဲ နိုင်းနှိုင်းလိုက်ချင်တော့တာပဲ။

ဟုတ်တယ်လေ။ ခက်ဖြာညီ ဆိုတာ မြန်မာပြည်က မိန်းကလေးတွေထဲမှာ အချောအလှဆုံး စာရင်းဝင်။ လူအတော်များများကသိရ၊ အားကျအထင်ကြီးရသော နာမည်ကြီးမော်ဒယ်တစ်ယောက်ရဲ့ မင်္ဂလာဆောင်မှာ တစ္ဆေသရဲလောက်နီးနီး အရုပ်ဆိုးသည့် မိန်းကလေးတစ်ယောက်က အရံလုပ်မည်ဆိုတော့ တမင်တကာများ ရွဲ့ထားသလားလို့တောင် ထင်မှတ်ရလောက်ဖွယ်။

"သူက ဘယ်လိုလုပ်ပြီး သတို့သမီးအရံ လုပ်နိုင်မှာလဲ"

"လောလောဆယ်တော့ နေကောင်းနေတာ အမှန်ပဲ"

ဩော် ... အစ်ကိုလုပ်သူကလည်း သူ့ညီမရုပ်ဆိုးတာကိုတော့ ထည့်မစဉ်းစား။ နေကောင်းရင်ပဲ အရံလုပ်လို့ရတော့မလိုလို။

"နေကောင်းတာ မကောင်းတာထက် ..."



www.burmeseclassic.com

www.burmeseclassic.com



ပြောသင့်မပြောသင့် စဉ်းစားရင်း ခက်ဖြာညီက ခဏငိုင်သွားသေးသည်။ နောက်တော့ မထူးတော့ပါဘူးလေလို့ စိတ်ကိုတင်းလိုက်ကာ ...

"ဆင်းလဲ့ရွှေရည်က ရုပ်ဆိုးလွန်းအား မကြီးဘူးလားဟင်"

အားတော့နာပါရဲ့။ ဒါပေမဲ့ မပြောမပြီး မတီးမမြည် ဆိုတဲ့ ဆိုရိုးစကားကိုလည်း ပစ်ပယ်ထားလို့မှ မရတာ။

"သူက သနားဖို့တော့ကောင်းပါတယ် ခက်ဖြာရယ်၊ ငယ်ငယ်ရွယ်ရွယ်နဲ့ ဝေဒနာဆိုးကြီးကို ခံစားနေရတာ၊ ဆေးပြင်းတွေသောက်ရ၊ သွေးတွေသွင်းရနဲ့ဆိုတော့ အသားအရေက မွဲခြောက်ပြီး ဆံပင်တွေကျွတ်နဲ့ လူရုပ်မပေါ်တော့တာပါ"

"ဟုတ်ပါတယ်၊ သူ့ကို လူသားတစ်ယောက် အနေနဲ့တော့ သနားပါတယ်၊ ဒါပေမဲ့ တစ်သက်တစ်ခါ ဆောင်ရမယ့် ကိုယ့်မင်္ဂလာဆောင်မှာတော့ ဒီရုပ်မျိုးကို သတို့သမီးအရံ ပေးမလုပ်နိုင်ပါဘူး"





အပြတ်ပဲ ပြောပစ်လိုက်တော့မည်။ ချစ်လွန်းကို မျက်နှာပျက်လျှင်လည်း ပျက်ပါစေတော့။

သူတို့က မောင်နှမဝမ်းကွဲတွေမို့ ခွက်ခွက်လန်ရုပ်ဆိုးနေတာကြီးကို ရောဂါကြောင့်ပါ၊ သနားစရာလေးပါလို့ ဖြည့်တွေးပေးနိုင်ပေမယ့် ခက်ဖြာညီကတော့ မတွေးနိုင်။

"ခက်ဖြာ မကြိုက်လောက်ဘူး ဆိုတာကိုလည်း သိပါတယ်၊ ခက်နေတာက အမျိုးထဲမှာ ဆင်းလဲ့ကို အားလုံးက သနားစရာလေးဆိုပြီး ပ,စားပေးထားကြတာ၊ သူ ဖြစ်ချင်တာမှန်သမျှ ဘယ်သူမဆို မငြင်းကြဘူး"

ညကမဲ အမျိုးတွေ နည်းနည်းစုံခိုက် ဆင်းလဲ့ရွှေရည်က သတို့သမီးအရံလုပ်ချင်ပါသည်လို့ ပြောချလိုက်တာ။ ခက်ဖြာသဘောမကျလောက်ဘူးဆိုတာသိလို့ ချစ်လွန်းကိုက ငြင်းဖို့ပြင်ဆဲ အားလုံးက ကောင်းတယ်၊ ဟုတ်တယ်၊ သင့်တော်တယ် ဆိုပြီး ဝိုင်းထောက်ခံကြပါလေရော။



www.burmeseclassic.com

www.burmeseclassic.com



"ဆင်းလဲ့ကလည်း ပြောပါတယ်၊ သူက နေ့သေမလား ညသေမလား မသိတော့ မသေခင်မှာ အစ်ကို အစ်မတစ်ယောက်ယောက်ရဲ့ မင်္ဂလာဆောင်မှာ အရံလုပ်သွားချင်တာတဲ့၊ ကို့ပွဲက အရင်ဆုံးကြုံရတာဆိုတော့ ကို့ကို တောင်းဆိုတဲ့သဘောပါ"

"ဒါဆိုလည်း ခက်ဖြာတို့ပွဲကို ရက်အကန့်အသတ်မရှိ ရွှေ့ထားလိုက်ရအောင်၊ ကို့နောက်မှ မင်္ဂလာဆောင်ဖို့စီစဉ်နေတယ်ဆိုတဲ့ ကို့အစ်ကိုဝမ်းကွဲ ဆရာဝန်ဆိုတာလေ သူဆောင်ပြီးတဲ့အထိ စောင့်ရအောင်"

"ခက်ဖြာကလည်း မညစ်နဲ့လေကွာ"

"တကယ်ပြောနေတာ၊ အရင်ဆုံးပွဲတစ်ခုကိုပဲ အရံလုပ်ချင်တာဆိုရင်တော့ နောက်ကျရင်ကျပစေ၊ ခက်ဖြာတို့ပွဲကို နောက်ပဲဆုတ်လိုက်တော့မယ်"

"ခက်ဖြာက ဘာလို့ ဒီလောက်တောင် ခါးခါးသီးသီးဖြစ်နေရတာလဲ၊ ဆင်းလဲ့က အဲဒီလိုလည်း တောင်းဆိုလိုက်ရော





အမျိုးတွေအားလုံးက စမ်းသာအားရဖြစ်ကုန်တာ၊ ဆင်းလဲ့ကို မကြာခင် သေရတော့မှာမို့ အရမ်းစိတ်ဓာတ်ကျနေမယ်ထင်ကြတာလေ၊ သူ့မှာ ဒီလိုမျိုးဆန္ဒရှိရာသိရတော့ သူ့ကိုချီးလည်းချီးကျူး သနားလည်းသနားသွားကြ၊ ကို့ကိုတောင် သေခါနီးညီမလေးအတွက် ဒီလောက်ကောင်းတဲ့ဖြည့်ဆည်းမှုမျိုး လုပ်ပေးနိုင်လို့ ကံကောင်းလိုက်တာဆိုပြီး ဝိုင်းအားကျကုန်ကြတာ"

"ကံကောင်းတယ်"

"အင်းပေါ့၊ ပွင့်ပွင့်လင်းလင်းပြောရရင် ဆင်းလဲ့က နောက်ထပ်တစ်လနစ်လထက် ပိုအသက်ရှင်ချင်မှရှင်ရတော့မှာလေ၊ နောက်ထပ်မင်္ဂလာပွဲတစ်ခုကို ပါခွင့်ရဖို့ဆိုတာ မသေချာတော့ဘူး၊ သူ့ရဲ့နောက်ဆုံးအမှတ်တရအဖြစ် သတို့သမီးအရံဝတ်စုံလေးနဲ့ ကိုယ်တို့နောက်က လျှောက်လိုက်လာတာကို ဗီဒီယိုမှတ်တမ်း ရိုက်ထားမှာဆိုတော့ ကို့တို့ပွဲဟာ သူ့အတွက် အမြဲတမ်းအမှတ်တရ ဖြစ်စရာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟွန့်။ အမှတ်တရလည်း မဖြစ်ချင်ဘူး။ ကံကောင်းတယ်လို့လည်း မယူဆချင်ပါဘူး။ ခက်ဖြာညီရဲ့ပွဲမှာ သတို့သမီးအရံဟာ ရုပ်ဆိုးမွဲပြာနေတဲ့ ရောဂါသည်တစ်ယောက်ဖြစ်နေတာများ ဘယ်လောက်အကျည်းတန်မလဲ။ ပြီးတော့ မကြာခင်သေရမယ့် လူတစ်ယောက်ကို အရံလုပ်ခိုင်းရတာ ဘယ်လောက်နိမိတ်မကောင်းလိုက်သလဲ။

မမေသာသီရင် စိတ်ဆိုးပေဦးမည်။

ခက်ဖြာညီက လက်မခံချင်ဘူးဆိုတာ ချစ်လွန်းကိုက သဘောပေါက်ပါသည်။ သူ့ဘက်ကကျတော့လည်း ဒါကမဟာအခွင့်အရေးကြီးလိုဖြစ်နေပြီး ငြင်းဖို့မဆိုထားနဲ့ ဝမ်းသာအားရထ,မကတာတောင် လွန်လှပြီလို့ အထင်ခံရဦးမှာ။ အားလုံးကဝိုင်းပံ့ပိုး အလိုလိုက်နေရသော ဆင်းလဲ့ကလေးရဲ့ တစ်ခုတည်းသောဆန္ဒကိုမှ မဖြည့်ပေးနိုင်လျှင် အမျိုးတွေထဲမှာ သူက လူဆိုးကြီးဖြစ်ပြီ။ သူ ဖြစ်ချင်တာကိုထား ခက်ဖြာညီ့ကိုလည်း ဘယ်သူကမှ အမြင်ကြည်လင်နိုင်မှာမဟုတ်တော့။





"ခက်ဖြာအတွက်ခက်ခဲမယ်ဆိုတာ ကို,သိပါတယ်၊ ဒါပေမဲ့ ဒီတစ်ခုတော့ မဖြစ်မနေ လိုက်လျှောပေးပါလို့ ကို,က တောင်းဆိုချင်တယ်"

"ကို့ဘက်ကချည်းပဲတောင်းဆိုမှုတွေများနေပါလား၊ ခက်ဖြာဘက်ကကျတော့ အားလုံး လိုက်ဖြည့်ဆည်းပေးရမှာချည်းပဲလားဟင်"

"အဲဒီလိုတော့လဲ ..."

ပထမတော့ ခက်ဖြာညီက စိတ်ဆိုးဆိုးနဲ့ ပစ်ပစ်ခါခါ ငြင်းပစ်လိုက်ဖို့ စိတ်ကူးမိသေးသည်။ နောက်တော့ စိတ်ကူးပေါက်သွားကာ ...

"ဒါဆိုလည်း ကိုနဲ့ ခက်ဖြာ အပေးအယူတစ်ခု လုပ်မယ်လေ"

အင်း ...။

လာတော့မယ်။ ငါ့ကို အကျပ်ရိုက်စေမယ့် အပေးအယူမျိုးတွေတော့ လုပ်တော့မှာ သေချာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်လွန်းကိုက ရင်လေးမိပါရဲ့။ အခုတလောမှာ ခက်ဖြာညီက ကျပ်လိုက်၊ မေမေနဲ့တကွ ဆွေတော်မျိုးတော်တွေက ကျပ်လိုက်နဲ့ သူ့မှာလည်း ဆံပင်တွေဖြူလောက်အောင် အခက်တွေ့ဖန်များလှပါပြီ။

ခက်ဖြာညီကို သူ သိပ်ချစ်တာတော့ မှန်ပါရဲ့။ ချစ်သူနဲ့အတူတူ ဘဝတစ်ခု တည်ဆောက်ချင်လှတာလည်း မှန်ပါရဲ့။

ဒါပေမဲ့ လောလောဆယ်အချိန်မှာ သူ့ကို လက်ရှိဘာကိုပဲ ရွေးမလား၊ ခက်ဖြာညီနဲ့ ချစ်သူမဖြစ်ခင်က လွတ်လပ်ပေါ့ပါး စိတ်ရှင်း လူရှင်း အပူအပင်ကင်းသောဘဝကို ရွေးမလားဆိုလျှင် (အားတော့နာတယ် ချစ်သူလေး) လွတ်လပ်တာဝန်ကင်းသောဘဝကိုပဲ ရွေးတော့မည်။

"ခက်ဖြာတို့ မင်္ဂလာဆောင်မှာ ကိုညီမကို အရံလုပ်ခွင့်ပေးမယ်၊ ကိုက ခက်ဖြာနဲ့အတူ သီးသန့်အိမ်ခွဲနေရမယ် ဘယ်လိုလဲ"





အင်း ...။ ရွှေပုစွန်က ငါးတွေအလုမ္မေးထားသော ရေကန်တိမ်တိမ်လေးထဲကိုပဲ ခုန်ဆင်းကာ နှာခေါင်းလေးဖော်လျက် သေလိုက်ချင်တော့တာပါပဲ။

❧ ❃ ❧



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာပွဲက အဆင်မပြေနိုင်ဘူး၊ အနှောင့်အယှက်တွေရှိတယ်တဲ့"

ဒေါ်ယုယုခိုင်က ခရီးရောက်မဆိုက်ပဲ ပြောချလိုက်သည်။

"အင်း ... တိုက်ဆိုင်လိုက်တာ၊ ကျွန်မလည်း ခုလေးတင်ပဲ ဆရာမကြီး ထိပ်တင်မြကြွယ်ဆီက ပြန်ရောက်တာ၊ ဆရာမကြီးကပြောတယ် ပါပဂြိုဟ် ပူးနေတယ်တဲ့၊ အခက်အခဲ အနှောင့်အယှက် များမယ်တဲ့"

"ဟုတ်လား၊ ဒါဆိုရင်တော့ သေချာပြီ၊ ကျွန်မ ဆရာကြီးက သိပ်မှန်တာ"





"ကျွန်မ ဆရာမကြီးကလည်း ဘယ်တော့မှ မမှားဖူးပါဘူးရှင်"

"ဘယ်လိုလုပ်ကြမလဲ၊ ယတြာတောင်းခဲ့ရဲ့လား"

"အို ... ဘယ်နေမလဲ တောင်းခဲ့တာပေါ့၊ ဆရာမကြီးက ပြောတယ်၊ မင်္ဂလာပွဲကို စောပြီး ကျင်းပသင့်တယ်တဲ့၊ အခု သတ်မှတ်တဲ့ရက်က ရက်ပုပ်ဖြစ်နေတာတဲ့၊ နဂါးခံတွင်းထဲ ဝင်နေတယ်ဆိုလား"

"ဆရာကြီးကတော့ မင်္ဂလာပွဲကို နောက်ဆုတ်မှဖြစ်မယ်တဲ့၊ သားနဲ့သမီးက ဓာတ်တူနာမ်တူ ဆိုတော့ အရှည်သဖြင့် အောင်မြင်မှာပေမယ့် လက်တလောကတော့ ပြဿနာဂြိုဟ် ပူးနေတာတဲ့၊ အညှဲ့တွေများနေတာတဲ့၊ နောင်မှ ကောင်းမှာမို့ နောက်ဆုတ်ရမှာဆိုပဲ"

ရှေ့တိုးဖို့ပြောတုန်းက နည်းနည်းပြုံးချင်သေးသော ချစ်လွန်းကိုရဲ့ မျက်နှာက နောက်ဆုတ် ဆိုတော့ ခပ်ပုပ်ပုပ်ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ခက်ဖြာညီကတော့ ရှေ့တိုးချင်တာ၊ နောက်ဆုတ်ချင်တာလည်း မရှိ။ အဝိုင်းနဲ့လေးထောင့်၊ အရှေ့နဲ့အနောက်လို ဆန့်ကျင်ဘက် ဖြစ်နိုင်လွန်းသော မိသားစုနှစ်ခုကို ဘယ်လိုညှိနှိုင်းပေါင်းစပ်ရပါ့မလဲလို့ တွေးရင်းသာ ခေါင်းခြောက်နေသည်။

"ဆရာမကြီး စကားကတော့ ပစ်ပယ်လို့မရဘူး၊ သူပြောသမျှအားလုံး အမှားတစ်ခါမှ မရှိဖူးဘူးလေ"

"ဆရာကြီးက ပိုတောင်မှန်သေးတာ၊ ကျွန်မ အဖေ လက်ထက်ကတည်းက ကိုးကွယ်လာတဲ့ သက်ကြီးဝါကြီး ပညာသည်ကြီးရှင့်"

"ကျွန်မ ဆရာမကြီးကလည်း မြန်မာတစ်ပြည်လုံး မသိသူ မရှိတဲ့ သဘာဝရှင် ဆရာမကြီးပါရှင်၊ ဆရာမကြီးရဲ့ တိုက ခန်းကြီး ဆိုတာ ဆီဒိုးနားဟိုတယ်လောက်တောင်ကြီးတာ"

မေမေရယ်။ ဒါတော့ မလွန်လွန်းဘူးလား။ အပိုတွေပြောလွန်းရင် ကိုယ့်စကားကို လူမလေးစားဘဲ ဖြစ်တော့မှာပေါ့။





"အဖေကလည်း ဆရာကြီးပြောတဲ့ရက်ကိုပဲ ရွေးနိုင်းမှာ၊ စေ့စပ်ပွဲတုန်းကလည်း ရက်လွဲခဲ့ရတယ်မဟုတ်လား၊ အဲဒါကြောင့် ခုထက်ထိမပြေမလည်ဖြစ်နေကြသေးတာလို့ ဖေဖေက တဖွဖွပြောမဆုံးဘူး"

"စေ့စပ်ပွဲတုန်းက ရက်မလွဲပါဘူး၊ အဆင်ပြေတဲ့အတိုင်းပဲ လုပ်တာပဲဟာ"

"ဆရာကြီးက ရက်ရွေးပေးလျက်နဲ့ ရွှေ့လိုက်တာကိုပြောတာပါ၊ အညှဲ့တွေက အဲဒီကတည်းက စတာတဲ့"

"ဘယ်လောက်ပဲညှဲ့ညှဲ့ ကိုယ်အဆင်ပြေတဲ့နေ့ဖြစ်ဖို့လည်း လိုသေးတာပေါ့၊ ဗေဒင်ဆရာပြောတိုင်းတော့လည်း မဖြစ်မနေ ဘယ်လိုက်လုပ်နိုင်မလဲ"

"အဲဒီမှာကွာပြီလေ၊ ကျွန်မတို့ကတော့ ဆရာကြီးညွှန်းသမျှ သေသေကြေကြေ လိုက်လုပ်မှာပဲ"

"သေလောက်ကြေလောက်တာကို ညွှန်းတယ်ဆိုကတည်းက အားမကိုးထိုက်တာကြီးမို့လို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်ရလေးလေး၊ ဒီလောက်လေးစားရှိသေဖို့ကောင်းတဲ့ ဆရာကြီးကိုများ ပြောချလိုက်တာ"

"နာမည်ကြီးကိုက ကြည့်ဦးလေ၊ ဗေဒင်ကဝိန် ဆရာလိမ်ဆိုလား"

"အို ... မဟုတ်တာ သုမင်္ဂလာဇာ ဆရာကောက်ပါ"

"လိမ်တာနဲ့ ကောက်တာ အတူတူပါပဲ၊ နှစ်ခုစလုံးကောင်းတာမှ မဟုတ်တာ"

"ဒါဖြင့် မမတို့ဘက်က အားကိုးတဲ့ဆရာမကြီး ဆိုတာကတော့ ဗေဒင်ထိပ်သီးမူစကီး ဆိုလား"

"ထိပ်တင်မြကြွယ်ပါကွယ့်"

"ကြည့် ... နာမည်ကိုက မူယာမာယာ ကြွယ်ဝမယ့်ပုံ"

"ဒါကတော့ စကားကို အတင်းကပ်ပြောတာပဲ၊ ကြွယ်ဆိုတာ မူယာမာယာနဲ့ပဲ တွဲသုံးတာမှ မဟုတ်တာ၊ ဆရာကောက်လိုမျိုး နာမည်ကိုက လိမ်ညာကောက်ကျစ်တဲ့ သဘောဆောင်နေတာမှ မဟုတ်ဘဲ"





လူကြီးနှစ်ယောက်ဟာ ဘာမဟုတ်တာလေးအတွက်နဲ့ ပေါက်ကွဲထွက်ဖို့ တာစူနေကြပြီ။

"မေမေ တော်ကြရင်ကောင်းမယ်ထင်တယ်၊ သားတို့ ပြန်ကြစို့"

ချစ်လွန်းကိုက သူ့အမေကို ချော့မော့ကာ လှစ်ခွဲဖို့ကြိုးစားကြည့်သည်။

မရ။ အရှိန်တက်နေကြသော လူကြီးနှစ်ယောက်ကို ခွဲထုတ်ဖို့မရနိုင်။

"အံ့ပါရဲ့ သူများတကာ ကိုးကွယ်တဲ့ ဆရာကြီးကိုများ ပြောထည့်လိုက်တာ၊ သူ့မို့ ငရဲမကြောက်တယ်"

"အနန္တောအနန္တ ငါးပါးကို စော်ကားတာလည်းမဟုတ်ဘူး၊ ငရဲကြီးစရာလည်း မရှိဘူး"

"လူဆို လူလိုသိတတ်ရမှာပေါ့၊ စကားတတ်တိုင်း လျှောက်ပြောနေလို့ ရမလား"

"မေမေ"

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို လူလိုမသိတတ်ဘူးဆိုသည့် စကားလုံးသုံးပစ်ခံလိုက်ရတော့ ဒေါ်မေမြတ်ကြည် မျက်နှာကြီး နီရဲပုပ်အစ်သွားကာ ချက်ချင်းပဲ တိုက်ပွဲဝင်လိုစိတ်တွေ ပြင်းထန်လာရသည်။

"ဘယ်သူက လူလိုမသိတာလဲ၊ ဘယ်သူက သူများအိမ်ပေါ်တက်ပြီး စော်ကားရဲတာလဲ၊ ပိုင်နက်ကျူးလွန်းမှုနဲ့ တရားစွဲလိုက်လို့ကတော့ ကြည့်ကောင်းဦးတော့မယ်၊ ကလေးတွေမျက်နှာကြောင့် သည်းခံနေတာ"

"ဒီလောက်ပြောဆိုနေတာများ သည်းခံတယ်ဖြစ်မယ်လား၊ စကားရှိတိုင်း လျှောက်ပြောလို့မရဘူး၊ အစီပွာယ်လည်းရှိဦးမှ၊ ကိုယ်က လူကြီးဆိုပြီး သမာသမတ်မှ ရှိမပြရင် ဘယ်သူက လေးစားမှာလဲ"

"မေမေ ... မေမေရယ် ဘာတွေ လျှောက်ပြောနေတာလဲ"

ချစ်လွန်းကိုက တစ်ခုခုလုပ်ဦးလေဆိုသည့် သဘောနဲ့ ခက်ဖြာညီကို လှမ်းကြည့်သည်။





ခက်ဖြာညီကတော့ ဂုဏ်သရေရှိအမျိုးသမီးကြီးတွေ ဖြစ်ပါလျက် ဈေးထဲကငါးသည်တွေလို နှုတ်သီးကောင်းလျှာပါး ရန်ဖြစ်နေကြသည့် အမေနှစ်ယောက်ကိုကြည့်ကာ စိတ်အပျက်ကြီးပျက်နေမိသည်။

ချစ်လွန်းကိုရဲ့အမေတစ်ယောက်တည်းက သောင်းကျန်းနေတာသာဆို သူတို့အသိုင်းအဝိုင်းက အောက်တန်းကျလိုက်တာ၊ အရှက်မဲ့လိုက်တာလို့ ကဲ့ရဲ့ကောင်းလိုက်မည့်အမျိုး။

ခုကျတော့ ကိုယ့်အမေအရင်းကြီးကိုယ်တိုင် ပါဝင်နေတာမို့ ပြောကလည်းပြောချင်၊ အပြောကလည်းခက်ဖြစ်နေသည်။

"အစက ဒီလောက်စိတ်ဓာတ်သိမ်ဖျင်းပြီး အရှက်မရှိကြမှန်း မသိဘူး၊ ဘယ်နေရာမဆို ကိုယ်ဖြစ်ချင်တာ လိုချင်တာချည်းပဲ။ ဒီလောက် အတ္တကြီးနေလည်း ကိုယ့်သားကို ကိုယ်ခြယ်လှယ်လို့ ရလောက်မဲ့ စာမတတ် ပေမတတ် တောသူမ ထူထူထိုင်းထိုင်းနဲ့ပဲ ပေးစားပါတော့လား။ တို့သမီးကတော့ ချောချောလှလှ ထက်ထက်မြက်မြက် လူ

www.burmeseclassic.com



ကြားထဲ ဒီလောက် ထင်ပေါ်ကျော်ကြားနေတာ သူများအုပ်စီးတာ လုံးဝခံမှာ မဟုတ်ဘူး”

“အောင်မယ်လေး ... ကိုယ်က အနိုင်ရ ချုပ်ကိုင်တယ်ဆိုလည်း ကိုယ်နိမ့်လို့ ရလောက်မဲ့ တောသား ဖင်ထဲချွဲ တစ်ပိဿာလောက် ဝင်နေတာမျိုးနဲ့ပဲ ပေးစားပေါ့ရှင့် ကျွန်မသား လူတော်လူတတ် လူ့အဖိုးတန်ကတော့ ဒီလောက် လျှမ်းလျှမ်းတောက်နေမှ သူများအောက် လျှိုဝင်ပါဦးမလား”

“မဝင်ချင်လည်း ကင်းကင်းနေပေါ့ရှင့်”

“ကင်းချင်ပါပြီ၊ ဒီလောက်တင်စီးပြီး ဒီလောက်ပေါင်းသင်းဆက်ဆံမှု ညံ့ဖျင်းတဲ့သူတွေနဲ့ ရေရှည်ဆက်ပတ်သက်ရမှာများတော့ ကြောက်ပါရဲ့”

“ကျွန်မကလည်း တစ်ဆွေလုံး တစ်မျိုးလုံး သွားစရာနေစရာမရှိလို့ တစ်အိမ်တည်းစုနေကြပြီး ပိုးထိုးလောက်ကိုက်ဖြစ်ချင်တိုင်း ဖြစ်နေကြတဲ့ လူတွေကြားထဲ ကိုယ့်သမီးကို ထားကိုမထားချင်တာနဲ့ အတော်ပါပဲ”





နောက်တစ်ခွန်းကိုသာ ပေးပြောခံလိုက်လျှင် ဒီမင်္ဂလာပွဲကို ဖျက်တယ်ဆိုတဲ့ စကားမျိုး နှစ်ဖက်စလုံးဆီက ထွက်ပေါ်လာကြတော့မည်။

ချစ်လွန်းကိုနှင့် ခက်ဖြစ်ညီတို့ နှစ်ယောက်စလုံး တိုင်ပင်မထားကြပါပဲ ...

“တော်ကြတော့၊ ဘာမှဆက်ငြင်းမနေကြနဲ့တော့၊ မင်္ဂလာပွဲကို စောလည်း မလုပ်ဘူး၊ နောက်လည်း မရွှေ့ဘူး၊ သတ်မှတ်ထားတဲ့ ရက်အတိုင်းပဲ လုပ်မယ်”

“အို ... ဘယ်ဖြစ်မှာလဲ”

“မရပါဘူး”

“ဖြစ်တယ်၊ ရက်လည်းရွေးပြီးသား၊ ဟိုတယ်မှာ စရံငွေလည်း သွင်းပြီးသား၊ ဖိတ်စာလည်း ရိုက်ပြီးသား အားလုံး သေချာစီစဉ်ပြီးမှ မရေရာတဲ့အကြောင်းနဲ့ ရက်ထပ်မပြောင်းနိုင်ဘူး”

“ဟုတ်တယ်၊ လူကြီးတွေချည်းပဲ ကိုယ့်စိတ် ကိုယ့်သဘော



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ချင်မနေကြပါနဲ့၊ ကျွန်တော်တို့ နှစ်ယောက်က တကယ် ပေါင်းရမဲ့ လူငယ်တွေပါ၊ ကျွန်တော်တို့ သဘောကျလေး လည်း ပေးဖြစ်ပါဦး"

လက်ထပ်ဖို့စပြီး စီစဉ်ချိန်ကတည်းက တစ်ယောက် တစ်လက် သဘောထားကွဲလွဲနေခဲ့ကြသော ချစ်လွန်းကိုနဲ့ ခက်ဖြာညို တို့ နှစ်ယောက်ဟာ ဒီအချိန်မှာတော့ အစည်းလုံး အညီညွတ်ဆုံး ဖြစ်လို့နေလေသည်။

"မင်းတို့က ဘာတွေသိလို့ မင်းတို့သဘော ပေးဖြစ်ရမှာ လဲ၊ မင်္ဂလာဆောင်တယ်ဆိုတာ နေ့ကောင်းရက်သာဖြစ်ဖို့ အဓိကဟဲ့၊ တစ်ရက်လွဲရင် တစ်သက် ဒုက္ခတွေဖြစ်သွား နိုင်တယ်"

"ဒုက္ခဖြစ်တယ် မဖြစ်ဘူး ဆိုတာ ပတ်ဝန်းကျင်ကပေးတဲ့ ပယောဂတွေကြောင့်ပါ၊ ကျွန်တော်တို့ နှစ်ယောက်တည်း ဆိုရင် ဘာပြဿနာမှ မရှိဘူး"





"ကောင်းတာပဲဖြစ်ဖြစ် ဆိုးတာပဲဖြစ်ဖြစ် ကိုယ့်ရွေးချယ်မှု အတိုင်းပဲ ဖြစ်ချင်တယ် မေမေ၊ သမီးတို့ကိုလည်း လွတ် လပ်ခွင့် ပေးပါဦး"

ကလေးနှစ်ယောက်ဟာ ပြတ်သားတင်းမာလွန်းအား ကြီးနေတော့ အမေနှစ်ယောက်မှာ ဘယ်လိုဆုံးဖြတ်ကြရမှန်းမသိ။

"မလိုက်လျောချင်ဘူးဆိုရင် မေမေတို့ စီစဉ်တဲ့ မင်္ဂလာပွဲကို ဆန့်ကျင်ပြီး ကျွန်တော် ခက်ဖြာကို ခိုးသွားလိုက်တော့ မယ်"

"အို ... ဘယ်ဖြစ်မလဲကွယ်၊ ဒါမျိုးက တစ်သက်မှာတစ် မင်္ဂလာ အပျက်တော့ မခံနိုင်ပေါင်"

"တို့ဆွေထဲမျိုးထဲ ခိုးပြေးပြီးပေါင်းတဲ့ အစဉ်အလာ မရှိ တာ သားရယ်"

ချစ်လွန်းကို ခြိမ်းခြောက်တာ ထိရောက်သွားသည် ထင်၏။ အမေနှစ်ယောက်ဟာ အတော့်ကို မအီမလည်ကြီးနဲ့ပဲ မင်္ဂလာရက်ရွေးဖို့ကိစ္စကို လက်လျှော့သွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က သဲသဲက လာပြောတယ်၊ ခက်ဖြာရဲ့မောင်လေး ထက်ဇာနည့်က သူ့ကို မိုက်ကြည့်ကြီး ကြည့်ပြီး ခြိမ်းခြောက်တဲ့စကားတွေ စောင်းလား မြောင်းလား လာပြောနေတယ် တဲ့"

ဆယ်တန်းကျောင်းသူဖြစ်သော သဲသဲနဲ့ ခက်ဖြာရဲ့ မောင်လေး ထက်ဇာနည်တို့ဟာ တိုက်တိုက်ဆိုင်ဆိုင် တစ်ကျောင်းတည်း အတူတက်သူတွေ ဖြစ်နေကြသည်။

အစကတော့ မသိ။

ဧစပ်ပွဲကျမှ သူတို့အချင်းချင်း တွေ့ကြကာ အစ်ကိုတွေ အစ်မတွေကို ပြန်ပြောလို့ သိရတာ။





အစ်ကိုနဲ့ အစ်မက မကြာခင် လက်ထပ်ကြတော့မည့် ချစ်သူတွေဆိုတာ သိသွားလို့ ညီနဲ့ညီမကများ ခင်မင်ရင်းနှီးသွားမလား မထင်လိုက်ပါနှင့်။

အစကတည်းက သဲသဲကို ပဲများလွန်းလို့၊ ကောင်လေးတွေကို ဆော့ကစား ပညာပြတတ်လွန်းလို့ ထက်ဇာနည်က ကြည့်မရဖြစ်နေတာ။ ထက်ဇာနည့်ကို ကျတော့လည်း သဲသဲက မိုက်ရိုင်းလို့၊ ထောင့်မကျိုးလို့ အမြင်ကတ်ထားတာ။ ခုလို ပတ်သိက်ရာ ပတ်သက်ကြောင်းတွေ ရှိလာတော့ နဂိုက သေးသေးဖွဲဖွဲ ကြည့်မရတာလောက်ကနေ မုန်းတီးမှုအဖြစ် အသွင်ပြောင်းသွားတော့တာ။

ထက်ဇာနည့်ထံက သဲသဲကို ဘယ်လောက် အမြင်ကတ်ကြောင်း၊ တွေ့လိုက်တာနဲ့ စကားများရကြောင်းတွေ ခက်ဖြာ ညီ ပြန်ကြားနေရသလို သဲသဲထံက ထက်ဇာနည်က သူမကို အမြဲလိုက်ကြည့် ရန်လုပ်နေသည်ဆိုတဲ့ တိုင်တန်းမှုမျိုးလည်း ချစ်လွန်းကိုက ကြားနေကျပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါက်တော့ ပိုဆိုးလာသည့်ထင်ပါရဲ့။ သဲသဲက ငိုလား ယိုလား ဖြစ်လာသည်အထိမို့ ချစ်လွန်းကိုက ပြန်ပြောမိတာ။

"သိတယ် ... သိတယ်၊ မောင်လေး လုပ်တာချည်းပဲလည်း ထည့်ပြောမနေနဲ့လေ၊ ကိုညီမလုပ်ပုံလည်းကြည့်ဦး၊ ကျောင်းမှာ ခက်ဖြာတို့မိသားစုက ဘယ်လို ဘာညာ သိပ်ရှိင်းတာ အဆင့်မရှိဘူး၊ ငါးစိမ်းသည်ရန်တွေ့လုပ်တာ ဘာညာပြောတာတဲ့၊ မောင်လေးက ကြားတော့ ဘယ်ခံနိုင်တော့မလဲ"

"ဟုတ်ကော ဟုတ်ရဲ့လားကွာ"

"ကို့နော် ... သူ့အမျိုးတွေ မကောင်းကြောင်း ပြောလိုက်ရင် ဘယ်တော့မှ မယုံကြည်ဘူး၊ ရှင့်ညီမက စပြဿနာရှာတာကို မယုံဘူးဆိုရင် မောင်လေး အကြောင်း သူလာတိုင်တော့လည်း မယုံပါနဲ့လား"

"သူ လာတိုင်တုန်းကလည်း ဒီလိုပဲ ပြောမိပါသေးတယ်ကွာ"





"ဘာပဲဖြစ်ဖြစ် ခက်ဖြာကိုချည်း လာပြောမနေနဲ့လေ၊ ကိုယ့်အမျိုးတွေကိုလည်း ကျိတ်ပြီးဆုံးမတာလေး ဘာလေး လုပ်ဦးပေါ့၊ ခက်ဖြာဆို ကို့ဘက်က ပြဿနာရှာတာတွေကို အကုန်မှ ပြန်မပြောတာ၊ ပြီးတာတွေ ပြီးပါစေတော့ဆိုပြီး ဒီလိုပဲ အောင့်အည်း နေလိုက်တာပဲ"

"ဘာတွေများလဲ"

အစကတော့ မပြောဘဲ နေလိုက်တော့မလို့ပါပဲ။ သူကစ,လာမှတော့ ခက်ဖြာ ရင်ထဲ သိမ်းဆည်းထားရသည့် မကျေလည်မှုတွေကို ဖွင့်ပြရသေးတာပေါ့။

"ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က မေမေက အလှူတစ်ခုသွားတော့ လေးလေးစိုးနဲ့ တွေ့ခဲ့တယ်တဲ့၊ မနက်အလှူလာတာတောင် အရက်နံ့က တထောင်းထောင်းနဲ့ မျက်ထောင့်ကြီးကို နီနေတာပဲတဲ့"

ဒါတော့ ယောက္ခမလောင်းကြီးက အကြောင်းသိမို့ ပိုပိုသာသာ ပြောလိုက်တာပဲ ဖြစ်ရမည်။ ကိုယ့်ဦးလေးကလည်း



www.burmeseclassic.com

www.burmeseclassic.com



သူများအပြောခံရလောက်စရာဆိုတော့ ငြင်းဆန်ဖို့လည်း ခွင့်က မသာ။

"မေမေ့ကို တွေ့လား မတွေ့လားတော့ မသိဘူး၊ ကျော နိုင်းထိုင်းပြီး သူ့အစ်မရဲ့ခမည်းခမက်လောင်းတွေက ဘယ် လိုတင်စီးတာ ဘယ်လိုတွက်ကပ်တာ၊ အို ... စုံနေတာပဲတဲ့၊ တစ်ဆင့်ပြောလည်း မဟုတ်ဘူးနော်၊ မေမေ နားနဲ့ဆတ် ဆတ်ကြားရတာကို ပြန်ပြောတာ"

လေးလေးစိုးကတော့ ဒီအကြောင်းတွေကို ပြန်မ ပြော။

ကြည့်ရတာ ဒေါ်မေမြတ်ကြည် ရှိနေတာကို လေး လေးစိုး မသိဘူး ထင်သည်။

"ခက်ဖြာမေမေ ရှိမှန်းမသိဘဲ ပြောလိုက်မိတာ ဖြစ်မှာ ပေါ့"

"ရှိမှန်းမသိလည်း မပြောသင့်ဘူးလေ၊ ယောက်ျားကြီးတန် မဲ့ သူများမိသားစု မကောင်းကြောင်း ကွယ်ရာမှာပြောဖို့ သင့်လို့လား၊ ကို့သာဆို ပြောမလား ကိုမိဘတွေကို ခက်ဖြာတို့ဘက်က ကွယ်ရာမှာ မကောင်းပြောရင်ကော ကို့ခံနိုင်မလား"

"အင်းပါကွာ"

"ပြီးတော့ ရှိသေးတယ်၊ မော်ထက် ကိစ္စ၊ တစ်နေ့ကပဲ မော်ထက်ကို ကောင်မလေးတစ်ယောက်နဲ့ တွဲလာတာတွေ့ တော့ မမက အမှတ်တမဲ့နဲ့ ကို့မှတ်လို့ သွားခေါ်တာတဲ့၊ အနားရောက်တော့ ကို့မဟုတ်မှန်းတော့ သိပါပြီ၊ အဲဒါကို ပဲ မော်ထက်က စကားကို ဆင်ဆင်ခြင်ခြင်ပြော၊ သူများ သိက္ခာထိခိုက်အောင် ရှမ်းသမ်းမပြောနဲ့၊ သားအမိတွေ အကုန်လုံး စကားပြောပုံက အချိုးမပြေဘူး၊ ဝါ့အဒေါ်ကို ပြောထားတာတွေ ငါက သိပ်ကျေနပ်တာ မဟုတ်ဘူး၊ မော်ထက်တို့များတော့ ဒီအမေရဲ့သမီးကို ရွေထွက်တာ တောင် မယူဘူး၊ ငါ့အစ်ကိုသာ နွားကျလို့ ခံနေတာ ဘာ ညာနဲ့ မဆီမဆိုင်တွေ ဆက်ရမ်းပါလေရောတဲ့"







www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ ဟုတ်ရဲ့လားလို့ မပြောရဲတော့ပါ။

ဟုတ်လည်း ဟုတ်နိုင်သည်။ မော်ထက်က မေမေနဲ့ ခက်ဖြာညီ အမေ ပြဿနာဖြစ်ကြတာကို သိတော့ (အဲဒီနေ့က အိမ်ပြန်ရောက်ရောက်ချင်း မေမေက ရင်ထုကာ သူ အပြောခံရတာတွေကို လုံးစေ့ပတ်စေ့ ပြန်ပြောပြတာမို့ တစ်အိမ်သားလုံး သိကုန်ကြတာ) ဒေါသတွေထွက်ပြီး ပေါက်ကွဲလိုက်တာ။

မော်ထက်က ဆိုးသာဆိုးတာ ချစ်လွန်းကိုတို့မိသားစုကိုတော့ သိပ်ချစ်တာ။ မေမေ့ကိုလည်း အရမ်းအားကိုးချစ်ခင်သည်။ သားအရင်းဖြစ်သော ချစ်လွန်းကိုထက်ပင် မေမေ့ကိုသိတတ်သေးတော့ မေမေ ပြန်ပြောတာတွေလည်းကြားရော သတ်မယ်ဖြတ်မယ် တကဲကဲ လုပ်နေလို့ မနည်းဆွဲထားရသေးတာ။

"မမက ရှက်လည်းရှက်တယ်၊ ကြောက်လည်း ကြောက်တော့ ဘာမှ ပြန်မပြောဖြစ်ဘဲ ငြိမ်ခံပြီး ပြန်လာရတာပေါ့၊ ဒါတောင် မေမေ့ကို ပြန်မပြောလို့ တော်သေးတာ၊ မေမေ သိရင်တော့ အရမ်းပေါက်ကွဲမှာ"





"မော်ထက်ကို ကို့ပြောပါမယ်ကွာ"

"မော်ထက် တစ်ယောက်တည်းကိုပဲ ပြောလို့တော့ မရဘူး၊ တခြားလူတွေကလည်း ရန်စွယ်နဲ့ငေါငေါ ဖြစ်နေကြတာ၊ ကို့စဉ်းစားကြည့်စမ်း၊ ခက်ဖြာတို့ဘက်က ဆွေအုပ်မျိုးအုပ် လိုက်ရန်ရှာကြတာများ ရှိသလား၊ မေမေ တစ်ယောက်တည်းပဲ ပြောစရာရှိ ပြောနေတာ၊ ဖေဖေ ဆိုရင်တောင် ကလေးတွေ စိတ်ချမ်းသာသလို လုပ်ကြပါစေကွာ ဆိုတဲ့ တစ်ခွန်းပဲ ပြောခဲ့တာ"

ကိုယ့်ဘက်ကလည်း ကိုယ့်ဘက်ပဲ။ ဆွေမျိုးအင်အား တောင့်တင်းသလောက် ပြဿနာကလည်း များသည်။ တစ်ယောက်ကိုတစ်ယောက် သိပ်ချစ်၊ သိပ်သိတတ်လွန်းကြတာ မဟုတ်ဘဲ အရေးရယ်ဆို ကိုယ့်အသံ လူကြားအောင် ပြချင်တာ၊ ကိုယ်က လူစွမ်းကောင်းကြီး လူတတ်ကြီး ဝင်လုပ်ချင်တာ၊ ကိုယ်မပါဘဲ ပွဲပြီးသွားမှာစိုးတာတွေကြောင့် တစ်ယောက်တစ်လက် ဝင်နွှဲနေကြတာက ပိုသည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးတွေအားလုံးကို လိုက်ပြောလို့ကလည်း မရ။ သဲသဲတို့ မော်ထက်တို့ တုတုနဲ့ ပုပုတို့လို ကိုယ့်ထက်အငယ်တွေကို ပြောနိုင် ဆိုနိုင်ပေမဲ့ အန်တီတင့်တို့ လေးလေးစိုးတို့ မဒေစီတို့ ကိုဇော်ထက်တို့ စသည့် အကြီးတွေကျတော့ ဘယ်ပြန်ပြောရမလဲ။

"ကို ... ခက်ဖြာတို့တော့ ပတ်ဝန်းကျင်ကြောင့် အခက်တွေ့ကြလိမ့်မယ် ထင်တယ်"

"အဲဒါက အရေးကြီးတယ်၊ ကို့တို့အခြေအနေက ခက်ဖြာပြောသလိုပဲ တဲတဲလေးပဲ ကျန်တာ၊ ဒီအချိန်မှာ စည်းလုံးညီညွတ်ဖို့က ကို့တို့ နှစ်ယောက်ပဲ ရှိတော့တယ်၊ ကို့တို့ကမှ စိတ်ဝမ်းကွဲနေရင်တော့ ..."

ချစ်လွန်းကို ပြောသလိုပါပဲ။ ဒီနှစ်ယောက် ကျောချင်းကပ်၊ လက်ချင်းဆက်ထားမှပဲ အပြင်ရန်ကို ကာကွယ်လို့ရတော့မည်။ အဘက်ဘက်က ထိုးနက်တိုက်ခိုက်လာသမျှကို လက်တွဲရင်ဆိုင်ရမည့် သူနှစ်ယောက်ကမှ မညီညွတ်ဘူးဆိုလျှင် ပွဲကပျက်ပြီ။





"ကို့ အရေးကြီးဆုံး တစ်ခုမေးထားမယ်၊ ခက်ဖြာ ကို့ကိုတကယ်ချစ်တယ်နော်"

"အခုမှ ဘာတွေလာမေးနေတာလဲ၊ ရှက်စရာတွေ"

"အရေးကြီးလို့ မေးတာပါကွာ၊ ရှက်စရာ မဟုတ်ပါဘူး"

"အင်း ... ချစ်တယ်"

အရေးထဲ ပါးလေးနီကာ ရှက်စနီးဖြစ်နေသေးသည့် ခက်ဖြာ ပုံစံလေးက ချစ်စရာ၊ ရယ်စရာကလေး။ ဒီလိုချစ်သူလေးနဲ့ အဝေးတော့ မခံနိုင်ပါဘူး။ ဘယ်လိုမှ မဝေးနိုင်တာ သေချာသည်။

"ဒါဆို အရေးကြုံရင် ကို့နောက်လိုက်ခဲ့နော်၊ ကို့တို့နှစ်ယောက် အခက်အခဲတွေကို ရင်ဆိုင်ကြမယ်နော်"

"အင်းပါ"

"ကို့ဘက်က ပါမှာသေချာတယ်နော်"

"ကို့ ဘာတွေ ဒီလောက် အထပ်ထပ် မေးနေတာလဲ၊ ခက်ဖြာ စိတ်ပူလာပြီ၊ ကို့ ဘာတွေကြံစည်ထားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အတိအကျတော့ ပြောလို့မရသေးဘူး၊ အရေးကြုံရင် ကိုယ့်ဘက်မှာ ထွက်ပေါက်ရှိအောင် ကြိုပြင်ထားတာမျိုးပါ"

"ခက်ဖြာ ကို့ဘက်မှာပဲ နေမှာပါ၊ ကိုကသာ ကို့အမျိုးတွေဘက် မလိုက်နဲ့"

"လုံးဝမလိုက်ဘူး၊ ကိုလုပ်မှာ ကိုနဲ့ခက်ဖြာ နှစ်ယောက်တည်းအတွက်ပဲ"

ချစ်လွန်းကိုမှာ ဘာအကြံအစည်တွေ ရှိနေသလဲတော့ မသိ။ ခက်ဖြာညီကတော့ နေရာတကာ ရှေ့တန်းက ဝင်စီစဉ်ချင်လွန်းသော မေမေ့ကို စိတ်နာသလို ရှိတာတယ်၊ ချစ်လွန်းကိုကို မခွဲနိုင်တာရယ်ကြောင့် သူ့ဘက်ကပဲ ရပ်တော့မည်လို့ ဆုံးဖြတ်ချက် ချလိုက်ပြီးလေပြီ။

❧ ❋ ❧





မင်္ဂလာရက် နီးလာလေ၊ ရင်တွေက ခုန်လာလေ။

ရင်ခုန်တယ်ဆိုတာ ပျော်လို့ချည်းပဲတော့ မဟုတ်။ အဆင်မှ ပြေပါ့မလား၊ ဘယ်အချိန် ပြဿနာမီးပွားက စထွက်လာမလဲ၊ ဘယ်အချိန်မှာ ဘယ်သူက ထဖောက်လိုက်မလဲ ဆိုတာ တထိတ်ထိတ် စိုးရိမ်နေရတာ။

အခြေအနေကလည်း ဖျော်ထားတာကြာပြီဖြစ်သည့် လက်ဖက်ရည်တစ်ခွက်လို အပေါ်ယံမျက်နှာပြင်က တင်းပြီးအေးခဲနေပေမဲ့ တစ်ချက်မှားလိုက်တာနဲ့ ခြေကျွံပြုတ်ကျသွားနိုင်သည့် အခြေအနေမျိုး။

တစ်ယောက်ကိုတစ်ယောက် တော်တော်လေးစိတ်နာ ခါးသီးသွားပြီဖြစ်သော ဒေါ်မေမြတ်ကြည်နဲ့ ဒေါ်ယုယနိုင်တို့

www.burmeseclassic.com

www.burmeseclassic.com



ဟာ အချင်းချင်း မျက်နှာချင်းကို မဆိုင်ကြတော့။ ပြောစရာရှိလျှင် ကလေးတွေကတစ်ဆင့် ပြောသည်။ ကလေးတွေနဲ့မပြီးလျှင် အဖေချင်းပြော။

ဒီကြားထဲ သဲသဲနဲ့ ထက်ဇာနည်တို့ ကလေးနှစ်ယောက်ရဲ့တိုက်ပွဲလည်း ကျောင်းအုပ်ဆရာမကြီးရုံးခန်း ရောက်ပြီး မိဘတွေပါ လိုက်ဖြေရှင်းရသည်အထိ ကြီးကျယ်သွားသေးသည်။

သဲသဲအမေကလည်း ဒေါ်ယုယုနိုင် ညီမလို့မပြောရ၊ ဒေါ်ယုယုနိုင်လောက်နီးနီး စွာသည်။ ကျောင်းအုပ်ရုံးခန်းထဲမှာတောင် အပြန်အလှန် အချီအချ ပြောကြဆိုကြရင်း ရန်ဖြစ်နေကြသေးတာ။

"ကောင်လေးကိုတော့ သနားပါတယ်၊ ဒါပေမဲ့ သမီးတို့လက်ထပ်ပြီးကြရင် မေမေကတော့ သမီးတို့အိမ်ကို လာလည်မှာ မဟုတ်ဘူး"

ဒေါ်မေမြတ်ကြည်က အဲဒီလို ပြောသလို ဒေါ်ယုယုနိုင်ကလည်း ...





"မတတ်သာလွန်းလို့သာ သားတို့ သီးသန့်နေမဲ့ကိစ္စကို လက်ခံလိုက်ရတာနော်၊ မေမေတို့အိမ်မှာ တစ်လလောက်လာနေပေးမဲ့ အချိန်ကလွဲပြီး သားတို့သီးသန့်နေတဲ့အိမ်တော့ မေမေက လုံးဝလာမှာ မဟုတ်ဘူး"

ဘယ်သူတွေ ဘာပြောပြော နှစ်ယောက်စလုံးက ဖြစ်ချင်တာ ဖြစ်စေတော့ရယ်လို့ လုပ်စရာရှိတာကိုသာ လုပ်နေတော့သည်။

ဒေါ်မေမြတ်ကြည်က သူမ မှာထားသည့်ချိတ်ကို တစ်ယောက်စာအတွက်ပဲ ဝတ်ဖို့ချုပ်ထားလိုက်တော့သည်။

"ဇာဝတ်မှ ဘရိုကိတ်မှ ပိုးမှဆိုတဲ့ မိန်းမ၊ သူ့ဘာသာကြိုက်တာပဲ ဝတ်ပစေ၊ သူ့အတွက် မှာပေးထားတဲ့ချိတ်လည်း မပေးတော့ဘူး၊ စေတနာလည်း မရှိဘူး၊ ကိုယ့်ဘာသာပဲ ဝတ်တော့မယ်"

ရောင်းသူ ဝယ်သူ အသံတူ။ ဒေါ်ယုယုနိုင်ကလည်း အစ်ကို့ဆီက မှာထားသည့် အီတလီပိုးပွင့်နှစ်စုံထဲက တစ်စုံကို မင်္ဂလာပွဲအတွက်ချုပ်ကာ ကျန်တစ်စုံကိုတော့ သိမ်းပစ်လိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ချိတ်ပဲကြိုက်တဲ့ မိန်းမကြီးတော့ ညှော်ခံပွဲလည်းချိတ်၊ ဒင်နာလည်းချိတ်ပဲ ဝတ်ပစေ၊ တောဆန်ဆန်ကြီးပဲနေ၊ ငါဝတ်စုံတော့ မပေးတော့ဘူး၊ သင်းကလည်း ဝတ်မှာမဟုတ်ဘူး"

ဒါတွေကတော့ ဖြစ်ချင်တာ ဖြစ်ပစေ။ မင်္ဂလာပွဲမှာ သတို့သား သတို့သမီးအမေတွေ အဝတ်အစား ဆင်တူမဟုတ်တာကတော့ ပြောပလောက်စရာ မရှိပါဘူး။

အခု တင်းမာနေသည့် မျက်နှာကြီးတွေကတော့ ပွဲလမ်းမှာ ရုပ်ပျက်ဆင်းပျက် မဖြစ်ရလေအောင် ဟန်ဆောင်ပြီး လာကြမှာပါ။

"ဆင်းလဲ့ကတော့ သူ့အတွက် ဝတ်စုံကို ခဏခဏထုတ်ဝတ်ကြည့်ပြီး ပျော်နေတော့တာပဲ၊ ဒီလိုကလေးတစ်ယောက်ကို ခဏလေး ပျော်ခွင့်ပေးလိုက်နိုင်တာပဲ ကို့တို့ ကုသိုလ်ရပါတယ်ကွာ"





ဆင်းလဲ့ရွှေရည် အရံဝင်လုပ်မည် ဆိုတာကိုလည်း ခက်ဖြာညီက ဘာမှပြန်မပြောတော့။ ကိုယ့်ဘက်ကသာ တော်တော်လေး ရုပ်ဆိုးသော သူငယ်ချင်းတစ်ယောက်ကို ဆင်းလဲ့ရွှေရည်နဲ့ တွဲထွက်ရမည့် အရံအဖြစ် လုပ်ခိုင်းထားလိုက်သည်။ အဲဒီတစ်တွဲကတော့ လွှင့်ပစ်ဖို့ပဲ။

ကျန်သည့် နှစ်တွဲကိုတော့ ခက်ဖြာညီ စိတ်ကြိုက် အချောဆုံး အလှဆုံး မော်ဒယ်၊ မင်းသမီး မင်းသားပေါက်စတွေ ခေါ်ထားလိုက်သည်။

နေရေးထိုင်ရေး ကိစ္စကတော့ လောလောဆယ်မှာ နှစ်ယောက် စိတ်တိုင်းကျ အခန်းတစ်ခန်းကို ကိုယ့်ပိုက်ဆံနဲ့ကိုယ်ပဲ ငှားထားလိုက်တော့သည်။

ပြေပြေလည်လည်ဖြစ်အောင် ချစ်လွန်းကိုတို့အိမ်နဲ့ သိပ်မဝေးသော ကွန်ဒိုတစ်ခုကိုပဲ ရွေးထားလိုက်သည်။

အခန်းကို ပြင်ဆင်မွမ်းမံ၊ ဝယ်ခြမ်းထားသည့် ပစ္စည်းတွေကို အခန်းမှာ နေရာချ၊ လိုအပ်တာတွေကို စာရင်းလုပ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထပ်ဝယ်။ ဖိတ်စာတွေ လိုက်ဝေနဲ့ နှစ်ယောက်စလုံး မအားမလပ်ရ။ လူကြီးတွေကလည်း သူတို့ကမတိုင်ပင်၊ လူကြီးတွေကလည်း ဘာတွေလုပ်နေလဲ၊ ဘာကူညီရမလဲမမေး။ အခြေအနေကြီးက ဒိုက်သရောထူသည့်မြောင်းထဲက ရေတွေလို အေးခဲခဲ စေးပျစ်ပျစ်ကြီးနဲ့ ခပ်ဖြည်းဖြည်းသာ စီးမျောနေတော့သည်။

❧ ❀ ❧







အဝတ်စင်မှာ ဟဲန်ဂါနဲ့ ချိတ်ထားသည့် သတို့သမီးဝတ်စုံလေးကို ခက်ဖြာညီမှာ မျက်လုံးဒေါက်ထောက်ကာ ကြည့်နေရသည်။

ဟိုတစ်ခေါက် ဆေ့စပ်ပွဲဝတ်စုံတုန်းကလို တစ်ယောက်ယောက်က လက်ဆော့ပြီး ပြဿနာရှာသွားလျှင် ဒုက္ခ။ အစိုးရိမ်ပိုသည်လို့ပဲဆိုဆို ခံခဲ့ရဖူးလို့ ခက်ဖြာညီကတော့ လန့်နေပြီ။

ဒီနေ့ဟာ ခက်ဖြာညီတို့ ကြိုတင်မျှော်လင့် ရင်တုန်(ရင်ခုန်တာ မဟုတ်ပါ)နေခဲ့ရသည့်နေ့။

ရှင်လိုင်ပြန်တဲ့နေ့၊ ထောင်ကထွက်တဲ့နေ့၊ မင်္ဂလာဆောင်တဲ့နေ့ အဲဒီနေ့ သုံးနေ့ဟာ ယောကျ်ားလေးတစ်ယောက်ရဲ့ဘဝမှာ ပျော်စရာအကောင်းဆုံးနေ့တွေလို့ ဆိုရိုးစကားရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်လွန်းကို့ကတော့ အဘွားမှုသေခင် မြေးတွေ ရှင်ပြုတာ ကြည့်သွားချင်တယ်ဆိုလို့ အဘွား အသည်းအသန်ဖြစ်ချိန်မှာ ရှင်ပြုခဲ့ရပြီး လူထွက်တဲ့နေ့မှာပဲ အဘွားက ဆုံးသွားတော့ ရှင်လိင်ပြန်တဲ့နေ့ဟာ ပျော်စရာ မကောင်းခဲ့ပါ။

ကိုယ့်တစ်သက်မှာ ဘယ်လိုပြစ်မှုမျိုးကိုမှ ကျူးလွန်စရာမရှိလို့ ထောင်ကထွက်တဲ့နေ့ရဲ့ ပျော်စရာကိုလည်း ခံစားရစရာ အကြောင်းမရှိ။

တစ်သက်မှာ တစ်ရက်သော ပျော်စရာကျန်တော့သည့် မင်္ဂလာဆောင်တဲ့နေ့ကရောတဲ့။

မှန်ရာကို ဝန်ခံပါရစေ။ မပျော်တဲ့အပြင် စိုးရိမ်ရလွန်းလို့ ခေါင်းပေါ်က ဆံပင်တွေတောင် ချက်ချင်းဖြူတက်ကာ နှလုံးရောဂါတောင် ရလောက်ပါရဲ့။ ကိုယ့်ဘေးနားက လူတွေအားလုံးကိုကြည့်ပြီး သူတို့ထဲက တစ်ယောက်ယောက် ဒါမှမဟုတ် နှစ်ယောက် သုံးယောက်ဆီမှာ ချိန်ကိုက်ဗုံးတစ်လုံး ဝှက်ယူသယ်ဆောင်ထားကာ ကိုယ့်မင်္ဂလာပွဲကို အချိန်မရွေး ဖောက်ခွဲဖျက်ဆီးပစ်လိုက်လိမ့်မည်လို့ စိတ်ကူးနဲ့ ရူးလို့တောင်နေချင်ပြီ။





“အရောင်ကလည်းဟယ် ရွှေပဲရွှေတတ်ပါရဲ့၊ ခရမ်းပုပ်ရောင်တဲ့၊ သူ့ကိုယ်သူ ဘယ်လောက်လှပြီး ဘယ်လောက်အသွေးအမွေး ထွက်တယ်လို့များ ထင်နေသလဲ မသိဘူး”

ဒေါ်မေမြတ်ကြည်ရဲ့သူငယ်ချင်း အမျိုးသမီးကြီးတစ်ယောက်ထဲက စကားသံ။ ထိုအသံကို ဘေးကဖြတ်သွားသော ဒေါ်ယုယုခိုင်က ကြားလိုက်လျှင် သူမရဲ့ခရမ်းပုပ်ရောင်ဝတ်စုံကို ငုံ့ကြည့်မိလျက်သား ဖြစ်သွားသည်။

ဒီစကားဟာ သူ့ဘာသာ ရိုးရိုးသားသားပြောတာလား၊ ကိုယ့်ကို ရည်ရွယ်ပြီး ကဲ့ရဲ့ပြစ်တင်စကားတင်းဆိုတာလား။

ဒီလူ့ရှင်းရနေတယ်ပဲဆိုဆို ဒေါ်ယုယုခိုင်ကတော့ ကိုယ့်ကိုစောင်းပြောတာလို့ပဲ ထင်သည်။ ဒီလိုစောင်းပြောဖြစ်အောင် မူလဘူတ အခြေခံအကြောင်းရင်းတွေကို ဒေါ်မေမြတ်ကြည်က ပြောပြထားလို့ပဲ ဖြစ်မှာပေါ့။

စိတ်ထဲ တင်းခနဲ ဖြစ်သွားပေမဲ့ ဒေါ်ယုယုခိုင်က ထိန်းထားလိုက်ပါသည်။ သူတို့က ဘယ်သူ့ပြောနေတာလဲ မသေ



www.burmeseclassic.com

www.burmeseclassic.com



ချာပဲ ကိုယ်က သွားရမ်းလိုက်လျှင် မလုံတဲ့အိုး တုတ်မိုးရုံနဲ့ကွဲတယ် ဖြစ်သွားတော့မှာပေါ့။

"ဒါ မင်္ဂလာဆောင်ကို ဝတ်လာသင့်တဲ့ဝတ်စုံ မဟုတ်ဘူး၊ နိုက်ကလပ်တက်ရမဲ့ဝတ်စုံ၊ ဝတ်တဲ့သူက ကိုယ့်သိက္ခာကိုယ် မငဲ့ပေမဲ့ မင်္ဂလာပွဲရှင်ရဲ့သိက္ခာကို ထည့်တွက်သင့်တာပေါ့၊ တခြား ဘယ်သူ့ပွဲ သွားဝတ်ဝတ်ပါကွာ၊ ငါ့အစ်မပွဲကို ဝတ်လာတာတော့ ကျက်သရေယုတ်တာပေါ့"

ကြိုးတစ်ချောင်းနဲ့ ပေါင်ရင်းလောက်အထိပဲ အရှည်ရှိသော ကိုယ်နဲ့အထိအကျ ကပ်နေသော အလတ်စတစ်သားဂါဝန်လေး ဝတ်ထားမိသော သဲသဲက ထက်ဇာနည့်ကို စူးခနဲ တစ်ချက်ကြည့်လိုက်သည်။

သေချာပါတယ်။ ဒီကောင် ငါ့ကိုပဲ ရည်ရွယ်ပြောတာ။ ဘေးက သူ့သူငယ်ချင်းတွေကလည်း လူကိုသွားကြီးအဖြဲသားနဲ့ သဘောကျပြီး ကြည့်နေပါလျက် ထက်ဇာနည် စကားကို ကျတော့လည်း ထောက်ခံသဘောတူနေကြပြန်တော့တာ။





ရုပ်ကိုက မိုက်တိမိုက်ကန်း၊ ထောင့်မကျိုးတဲ့ပုံနဲ့။ အစ်မ,မင်္ဂလာဆောင်မို့ အနောက်တိုင်းဝတ်စုံ အဖြူရောင်ကို လူကြီးလူကောင်းပုံဖမ်းကာ ဝတ်ဆင်ထားတာတောင် လူမိုက်ရုပ်က ထွက်နေသေးသည်။

သွားရှင်းနေရလျှင် ဟိုကောင်က လူ့အရိုင်းစိုင်း။ ပရိသတ်အလယ်မှာရယ် ဘာရယ်လို့လည်း အရှက်ရှိစွာ ထိန်းချုပ်နေမဲ့ပုံ မဟုတ်။

ရှူးရှူးဝါးဝါး ထ,လုပ်လိုက်လျှင် ကိုယ်ပဲ အရှက်ကွဲမှာမို့ သဲသဲက မကျေမနက် အောင့်ခံနေလိုက်ရလေသည်။

"ဟဲ့ ... ဒီကလေးတွေ လာကြပြန်ပြီလား၊ သိမ်း ... သိမ်း ... ငယ်ငယ်နဲ့ စုချော ငါ့ပစ္စည်းတွေ မြန်မြန်သိမ်းထားဦး"

တုတုနဲ့ ပုပုတို့နှစ်ယောက် သတို့သမီး အလှပြင်နေသော အခန်းထဲ တဝုန်းဝုန်း ဝင်လာလျှင် တစ်ခါခံရပြီးဖြစ်သော မာမီစံက သူ့တပည့်တွေကို ပစ္စည်းတွေ သိမ်းခိုင်းတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေမေ"

အောင်မယ်လေး။ သူ့သားနှစ်ယောက်ထဲ ဝင်လာတယ်မှတ်ပြီး မာမီစံက ပြောချင်ရာ ပြောနေခိုက် လူဆိုးဗိုလ်နှစ်ယောက်ထဲက မေမေ ဆိုသည့်ခေါ်သံနဲ့အတူ မဒေစီက လိုက်ဝင်လာတော့သည်။

"ဟော ... သားတို့ ဘယ်ရောက်သွားလဲလို့ လိုက်ရှာနေတာ။ ဒီရောက်လာပြန်ပြီလား၊ မေမေ ဘာမှာထားလဲ။ ဒီကျီးမဟုတ် ကြက်မဟုတ်တွေကို သွားပြီးတော့ မပတ်သက်ပါနဲ့ဆိုတာ"

"သားတို့က ဆော့ရင်းရောက်လာတာပါ၊ ဘာမှလဲ မလုပ်ရသေးပါဘူး၊ သူ့ဘာသာ ဥစ္စာခြောက်ပြီး သိမ်းနေတာ"

"သူကတော့ ခြောက်မှာပေါ့ အခြောက်ကြီးကိုး၊ သားတို့ကလည်းလေ မေမေ ပြဿနာမဖြစ်ချင်ပါဘူးဆိုကာမှပဲ"

ပြဿနာမဖြစ်ချင်ဘူးသာ ပြောတာ တစ်ခန်းလုံးမှာ သူတစ်ယောက်ပဲ ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ ဆူညံပွညံ လုပ်နေသူရှိသည်။





မာမီစံကတော့ ခက်ဖြာ မျက်နှာကို ထောက်ကာ သူ့ကို ဘာပြောပြော ငြိမ်ခံတော့မည့်ပုံပင်။

"လာ ... လာ ... မြန်မြန်ထွက်၊ အလကားနေရင်း ဘဝင်မြင့်နေတဲ့သူတွေနဲ့ မေမေ့ကို အခြေအတင် ပြောရအောင် မလုပ်စမ်းနဲ့၊ တကယ်ကဖြင့် ဘာမှမဟုတ်သေးဘူး"

ပွစိပွစိနဲ့ မဒေစီ ထွက်သွားရာကို ခေါင်းကလေးငဲ့ပြီးကြည့်လိုက်မိလျှင် ခက်ဖြာ မျက်လုံးတွေ ပြူးထွက်သွားရသည်။

မြတ်စွာဘုရား။ သတင်းထောက်။

အနုပညာသတင်းဂျာနယ်တစ်ခုက ပင်တိုင်သတင်းထောက် ကိုလွန်းကျော်က အသံဖမ်းစက်တစ်ဖက် ဒစ်ဂျစ်တယ်ကင်မရာတစ်ဖက်ကိုင်ကာ အခန်းထဲ ဝင်လာလေသည်။

ဒီလောက် လူချင်းနီးနီးကပ်ကပ် ဖြတ်သွားတာ၊ ဟိုမိန်းမကလည်း သံကုန်ချီဟစ်ပြီး အော်ပြောသွားတာ။ မဒေစီစကားတွေကို သတင်းထောက် ကိုလွန်းကျော် မကြားဘဲနေမှာ မဟုတ်။

www.burmeseclassic.com



အသိုင်းအဝိုင်းထဲမှာ ချစ်လွန်းကိုဘက်က သူမကို ချစ်ခင်ကြည်ဖြူသည့်အကြောင်း ပြောထားမိသော ခက်ဖြာညီမှာ မိတ်ကပ်မလိမ်းရသေးပါပဲ ပါးပြင်လေး နီစွေးရဲတွတ်သွားရလေသည်။

❧ ❈ ❧





ဒုက္ခပဲ။ အရေးထဲ ဖိနပ်ကလည်း ပေါက်နေသေးသည်။ လူတွေရှေ့မှာ ကြော့ကြော့လေး ဟန်ဆောင်လျှောက်ပြနေရသည့်တိုင် ခြေဖဝါးက နာကျင်မှုကြောင့် ဒေါ်ယုယုခိုင်က ငိုချင်နေသည်။

ဟိုဘက်က မိသားစုတွေများ ကျိန်စာတိုက်ထားသလား မသိပေါင်။

ငါ့ကျမှ ဒုက္ခရောက်ရတယ်လို့။

ဒေါ်ယုယုခိုင်က ဟိုတယ်အပေါ်ထပ်ကို ခပ်ဖြည်းဖြည်း တက်လာရင်း စိတ်ထဲက ညည်းညူနေမိသည်။

"ဟဲ့ ... ပလုတ်တုတ်"



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ထပ်ရောက်တော့ သားတို့ ပြင်ဆင်နေသည့် အခန်းရှိရာဆီ ဆက်အလျှောက် တစ်ဖက်က ပြေးလာသူတစ်ယောက်နဲ့ တည့်တည့်တိုးတာမို့ ဒေါ်ယုယုခိုင်က အာမေဍိတ်သံပြုလိုက်မိရသည်။

အခန်းတွေရဲ့ကြားက လမ်းကျဉ်းလေးထဲမှာ ဒေါ်ယုယုခိုင်က ဟိုဘက်ကပ်ပေးလိုက်၊ တစ်ဖက်လူက လိုက်ရှေ့လိုက်၊ တစ်ခါ နှစ်ယောက်စလုံး တခြားဘက်ကို ပြိုင်တူတွေ့လိုက်နဲ့ ထုတ်ဆီးတိုးသလို ဖြစ်နေကြသည်။

"ဘာဖြစ်နေတာလဲဟဲ့၊ အောင်မယ်"

ကိုယ်နဲ့အပြိုင်တိုးနေသူကို ကြည့်လိုက်တော့ ထက်ဓာနည်။

တခြားလူတစ်ယောက်ဆို အမြင်ကြည်ကြည်နဲ့ ရှောင်ပေးမိမှာဖြစ်သော ဒေါ်ယုယုခိုင်က ထက်ဓာနည့်ကိုလည်း မြင်လိုက်ရော ဒေါသတွေ ထွက်လာကာ ...





"မင်းနယ်ကွယ်၊ လူကြီးတစ်ယောက်ကိုများ နောက်လားပြောင်လားနဲ့ အဆုံးအမ အကွပ်အညပ်မရှိတဲ့ ကလေးကျနေတာပဲ"

ကိုယ်က လူကြီးဆိုတော့ ဒီလိုအထက်စီးကပြောလိုက်လျှင် အနိုင်များရမလား ထင်မိပါတယ်၊ ထက်ဓာနည်က ခေါင်းပုတ်ခံလိုက်ရသော မြွေဟောက်တစ်ကောင်လို ရှူးခနဲခေါင်းထောင်ထလာကာ ...

"ဘာဗျ ... ဘာကိစ္စ အဆုံးအမ, မရှိရမှာလဲ၊ ကျွန်တော်ကိုယ့်လမ်းကိုယ်သွားတာပဲ၊ အန်တီကြီး မကျေနပ်ရင် ဘေးကပ်နေပေါ့၊ ဒီလောက်ကလေး ဖြစ်တာကို ဟိုစောင်းဒီစွဲ့နဲ့ လူကြီးက လူကြီးစကား မပြောချင်ဘူး"

"ဘာရယ် ... လက်တောက်လောက်ကများ၊ ငါ့ကို"

"အပြောမခံချင်ရင် လူကြီး ... လူကြီးလိုနေပါလားဗျ၊ ကျွန်တော်ကတော့ မတရားပြောရင် ငုံ့မခံတတ်ဘူး"

"မင်း တယ်ရိုင်းပါလားဟင်၊ မိမဆုံးမ, ဖမဆုံးမ ဆိုလာဒါပဲ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကြီး ပြောလေ ကဲလေပါလားဗျ၊ ဘာကိစ္စ ကျွန်တော့်မိဘတွေကို အသားလွှတ် တိုက်ခိုက်နေရတာလဲ၊ ကေန္တ ခင်ဗျားကြီးလည်း မိဘဆုံးမတာ မခံခဲ့ရဖူးဘူးထင်တယ်"

"ဟဲ့ … ရိုင်းပြီးရင်း ရိုင်းနေတာပါလား"

ထက်ဇာနည်က ဒေါ်ယုယုနိုင်ကို ကြည့်မရတာကြာပြီ။ ကိုယ့်အိမ်ပေါ်တက်ကာ ကိုယ့်အမေကို ဓော်ကားရန်ဖြစ်သွားကတည်းက လူငယ်စိတ်နဲ့ အမုန်းကြီးမုန်းနေတာ။ အမေနဲ့အစ်မ မျက်နှာသာ ထောက်မနေရလျှင် အကြောင်းပြလိုက်ချင်သည်။ အခုတော့ အခွင့်အရေးပေါ်ပြီ။

"ဘယ်ကကောင်လဲကွ၊ ငါ့အဒေါ်ကို"

လူကြီးနဲ့ လူငယ်ပေမဲ့ ဟိုက မိုက်ရိုင်းလျှင် ကိုယ့်ဘက်က ခံရဖို့ပဲ ရှိတာမို့ နည်းနည်း နောက်တွန့်သွားသော ဒေါ်ယုယုနိုင်က ဟ်ထက် အနားရောက်လာလျှင် အားတက်သွားရလေသည်။





"ကြည့်ပါဦး မော်မော်ရယ်၊ ဒီဥမမယ် စာမမြောက်က ငါ့ကို ရန်တွေ့နေလိုက်တာလေ၊ ဘယ်လောက်ရိုင်းစိုင်းသလဲလို့"

"ဟား ဟား … မင်းက ကိုယ့်ကို ဘာမှပြန်မလုပ်နိုင်ဘူးထင်တဲ့ ငါ့အဒေါ်ကို ရန်စရဲတယ်ပေါ့၊ တယ်သတ္တိကောင်းပါလား၊ ဒါဆို ငါ့ကိုကောကွ ဟေ"

ထက်ဇာနည်က နည်းနည်း ္နဲ့သွားသော်လည်း ဟန်မပျက်ပင်။

"ခင်ဗျားကိုရော ကျွန်တော်က ဘာလို့ကြောက်ရမှာလဲ၊ ကိုယ့်အသက် ကိုယ်မှမထောက် ကြီးနိုင်ငယ်ညှဉ်း လုပ်ချင်တဲ့လူတွေကိုသာ ကြောက်တတ်နေရင် ထက်ဇာနည် ဆိုတဲ့ နာမည်ကိုတောင် ပြောင်းပစ်လိုက်ဦးမယ်"

ပါးစပ်က ဟန်ကိုယ့်ဖို့သာ ပြောနေရသော်လည်း မော်ထက် ခြေတစ်လှမ်းတိုးလိုက်တော့ ထက်ဇာနည်က လန့်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူ့ရုပ်ကြီးက လူမိုက်ရုပ်ကြီး။ နယ်ရှောင်မည့်ပုံ မပေါ်။ တော်ကြာ တစ်ခုခုထ,လုပ်လိုက်လျှင် အခက်။ ဟိုအဘွားကြီးကလည်း လူကြီးပီပီ တားမည့်ဆီးမည့်ရုပ် မရှိ။

"ခင်ဗျားနော် ... ရှေ့တိုးလာရင် ကျွန်တော့်အဆိုးမဆိုနဲ့"

ပါးစပ်ကသာ ပြောနေရသည့် ထက်ဇာနည့် ခြေထောက်က နောက်တစ်လှမ်း ဆုတ်နေပြီ။

"ဟဲ့ ... သားလေး၊ အောင်မယ် ... ငါ့သားကို ရန်ရှာဖို့ကြံနေကြတယ်ပေါ့လေ၊ မင်းက ဘာကောင်လဲ၊ လူမိုက်ရုပ်နဲ့ ရန်ဖြစ်ချင်ရင် ဘုံဆိုင်မှာသွားဖြစ်၊ ငါ့သားကိုတော့ ထိမယ်မကြံနဲ့၊ ငါ့အကြောင်း သိသွားမယ်"

အချိန်ကိုက် ရောက်လာသော ဒေါ်မေမြတ်ကြည်က ဝင်အော်သည်။

"သိပါတယ်ဗျာ၊ သိပြီးသားပါ၊ ခင်ဗျားကြီး ကိုယ့်ကိုယ်ကိုယ် ဘာကတော် ညာကတော်ဆိုပြီး ဟန်တစ်ခွဲသားလုပ်နေ...ယ့် စိတ်ဓာတ် ဘယ်လောက်အောက်တန်းကျတယ်ဆိုတာ သိပြီးသားပါ၊ ယှဉ်မဖြစ်ရဲပါဘူး"





"ခင်ဗျားက ကျွန်တော့်အမေကို ပြောတယ်၊ ကိုယ့်သားက လူကိုလည်း ကိုယ်ပြန်ကြည့်ဦး၊ ခင်ဗျားတို့ တစ်မျိုးလုံး တစ်ဆွေလုံး အောက်တန်းကျတာ အဆင့်မရှိတာ၊ လျှပ်ပေါ်လော်လည်တာလည်း သတိထားဦး၊ ယောကျ်ားလည်း ယောကျ်ားမို့၊ မိန်းမလည်း မိန်းမမို့ ကောင်းတာ တစ်ယောက်မှ မရှိဘူး"

"ဘာကွ ... လက်တောက်လောက်နဲ့ မိုက်ရိုင်းလှချည်လား"

"ရိုင်းတော့ ဘာလုပ်ချင်လဲ"

"ဘာလုပ်ချင်သလဲ ဆိုတော့"

"ဟဲ့ ... ဆွဲကြပါဦး၊ တားကြပါဦး"

"ကိုယ့်လူ ကိုယ်ဆွဲလေ၊ ဘာလို့ ငါ့လူကို ဝင်ဆွဲရတာလဲ"

ချက်ချင်းပဲ လမ်းကျဉ်းလေးအတွင်း ငရဲပွက်သလို ဆူညံလှုပ်ရှားသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ကလေးတွေ ဘာကိစ္စ အခန်းထဲ ရေတွေစိုအောင် လုပ်ရတာလဲ"

ရှာရှာကြံကြံ ဆော့ပဲ ဆော့တတ်သည့် တုတုနဲ့ပုပု က အချင်းချင်း ရေနဲ့ပက်ကြရင်း ခက်ဖြာညီ မိတ်ကပ်လိမ်းသည့် အခန်းထဲ ရောက်လာပြန်သည်။

ဒီတစ်ခါတော့ မာမီစံက မနေနိုင်ပါ။ သူ့သတို့သမီး ဝတ်စုံတွေ စိုသွားမှာစိုးလို့ ခန္ဓာကိုယ်နဲ့ကာရင်း ပါးစပ်ကလည်း ပြောလိုက်မိပြီ။

"လူကြီးတွေကလည်း ဒီကလေးနှစ်ယောက် မနိုင်ဘူးဆို ခေါ်မလာနဲ့တော့ပေါ့၊ ခေါ်လာရင်လည်း မပြတ်စောင့်ကြည့်





ရမှာ၊ အို ... ဟဲ့ ... ဂျေပ်ကလေးတွေ သွားကြစမ်း၊ ဒီမှာ သတို့သမီးဝတ်စုံကို ရေနဲ့ပက်မိတော့မယ်"

"ကဲပါ ... မာမီစံရယ်၊ ပြောမနေပါနဲ့၊ အကျီကိုအခန်းထောင့်ပဲ ရွှေ့ထားလိုက်ပါ"

"ဒီကလေးတွေဟာ သူတို့ပဲ အမြဲရှုပ်တယ်"

"မမ ဆင်းလဲ့နဲ့တွဲရမဲ့ သတို့သားအရံက ဟိုတစ်ယောက်ဆို"

"ဘာလဲ မိစူး၊ ဩော် ... ဟုတ်တယ်လေ၊ အဲဒါ မမသူငယ်ချင်း ရဲသူရတဲ့၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်တက်နေတာ"

"အို ... သွားဘက်ဆိုင်ရာတွေ မသွားဘက်ဆိုင်ရာတွေက အရေးမကြီးပါဘူး၊ ရုပ်က ဆိုးလှချည်လား"

ကိုယ့်လူရုပ်လည်း ကိုယ်ပြန်ကြည့်ဦးလေ။ ခက်ဖြာညီက ဆံပင်တုတွေ၊ ကရောင်းတွေ၊ မိတ်ကပ်တွေနဲ့ ဘယ်လောက်ပဲဖုံးဖုံး ရုပ်ဆိုးမပျောက်သော ဆင်းလဲ့ရွှေရည်ရဲ့ ငိုမဲ့မဲ့ မျက်နှာကို တစ်ချက်လှမ်းကြည့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ချောတဲ့သူနဲ့ တွဲပေးရင် တအားကွာသွားမှာ စိုးလို့လေ"

"ပြီးတော့ အရုံက သုံးတွဲတောင်လား၊ များလိုက်တာ"

"တို့သူငယ်ချင်းတွေကလည်း အရုံလုပ်ချင်ကြသေးတာကိုး"

"မမက နာမည်ကြီး မင်းသမီးဖြစ်ငဲ့ မဟုတ်ဘဲနဲ့"

မိစုူးအသံက မကြည်မလင်။ သူတို့အစ်မ ရုပ်ဆိုးမကို ရုပ်ဆိုးဆိုး သတို့သားအရုံနဲ့ တွဲပေးလိုက်ပြီး သတို့သားသတို့သမီးအရုံ သုံးတွဲလုပ်ပစ်လိုက်ကတည်းက ဆင်းလဲ့ရွှေရည်တို့ တစ်တွဲဟာ မတတ်သာလို့ ထည့်ပေးလိုက်ရသည့် ထမင်းမစား ကွမ်းမစား စုံတွဲဆိုတာ သိသာနေပြီကိုး။ ဒီကိစ္စ အခုမှသိလိုက်ရတာကို အတော်ပဲ မခံချိမခံသာ ဖြစ်နေကြတာ။

"ဒါကတော့ သက်သက်ကြောတာ၊ တို့ဘက်ကို ဂရုမစိုက်ပဲ ဖြစ်သလို လုပ်ပေးလိုက်တာပဲ၊ ဆင်းလဲ့ ဘယ်လောက်ခံစားရမလဲ၊ သေကာနီး ရောဂါသည်ကို သူမို့လုပ်ရက်တယ်"





"အေးလေ ... ရုပ်ချောသလောက် စိတ်ပုပ်တဲ့မိန်းမ"

"ဒါကြောင့် နှင်တို့ကသာ သူ့ကို အထင်ကြီးနေကြတာ၊ ငါက လုံးဝကြည့်ရတာ မဟုတ်ဘူး၊ သူ့မောင်ကိုဆိုပိုတောင်မှန်းသေး၊ ကျောင်းမှာလည်း သူ့အတင်းပြောပစ်တာပဲ"

"ဟဲ့ ... ဘယ်သူလဲဟဲ့ ငါ့သားတွေကို မောင်းထုတ်တာမကြိုင် ပြောစမ်း၊ ဒီအခြောက်ကြီး ဘာတွေပြောသလဲ"

မိစုူးတို့ သဲသဲတို့ အပျိုမတစ်သိုက် တကျိတ်ကျိတ်ဖြစ်နေကြစဉ်မှာ မဒေစီက အခန်းဝလာရပ်ကာ ပေါ်တင်ပဲ ချဲလင့်ချ်လုပ်တော့သည်။

"စကားပြောတာ မိန်းမကောင်း ပီသမှပေါ့၊ အာကျယ်အာကျယ်နဲ့ ဒါ ငါးစိမ်းတန်း မဟုတ်ဘူးတော့"

မာမီစံကလည်း ဒီတစ်ခါ သည်းမခံနိုင်တော့။

"မဒေစီရယ် ... အဆင့်မရှိတဲ့သူက အဆင့်မရှိတဲ့ စကားပဲပြောမှာပေါ့၊ မို့မို့တို့က သူတို့နဲ့ကင်းအောင် ရှောင်ရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှောင်ပါ ... ရှောင်ပါ၊ ကုင်းအောင်ရှောင်နိုင်လေ ကောင်းလေပါပဲ၊ သူများရည်းစားကြား ဘယ်တော့ပြတ်မလဲ၊ ဘယ်တော့ ကြောင်တောင်နိုက်ရမလဲ စောင့်မနေရင် အကောင်းဆုံးပေါ့"

အကြောင်းသိနေသော မာမိစံက အားမနာတမ်း ပက်ခနဲ ပြောချလိုက်လျှင် မို့မို့ မျက်နှာကြီး ရဲပုပ်သွားကာ ...

"ဟင် ... ကြည့်စမ်း၊ ဇော်ကားလိုက်တာ၊ ပါးစပ်စည်းကမ်းမရှိလိုက်တာ"

"ဟုတ်ကဲ့၊ လူကတော့ နာတတ်မှာပေါ့"

"ရှင် ... ရှင်"

မို့မို့က သည်းမခံနိုင်တော့သလို လက်ထဲက ပိုက်ဆံအိတ်နဲ့ မာမိစံကို လွှဲရိုက်လိုက်သည်။ ချက်ကောင်းထိတော့ တော်တော်နာသွားတဲ့ပုံပါပဲ။

မာမိစံက အရှောင်မြန်လို့ လွတ်သွားပေမဲ့ သူ့ကို ဒီလိုလုပ်ရပါ့မလားလို့ ဒေါသထွက်ကာ မို့မို့ကို လွှားခနဲ ခုန်အုပ်လိုက်တော့သည်။



နောက်ဆုံးတော့ ဟိုတယ်ကြမ်းခင်းကော်ဇောအိအိပေါ်မှာ နှစ်ယောက်သား လုံးထွေး နပန်းသတ်ကုန်ကြပါလေရော။

ခက်ဖြာညီမှာ ဘာလုပ်ရမှန်းမသိ။ အရေးထဲ ဘယ်ကမှန်းမသိ သတင်းထောက်တွေ ထွက်လာကာ ဓာတ်ပုံတွေ တဖျပ်ဖျပ် ရိုက်ကြ။

ကလေးတွေက လက်ခုပ်လက်ဝါးတီးကာ အော်ဟစ်အားပေးကြ။ တစ်ယောက်က ရေချိုးခန်းထဲက ရေတစ်ပုံး ဘယ်လိုရကာ ဆွဲလာလဲ မသိ။

ရန်ဖြစ်နေသူ နှစ်ယောက် အပေါ် ဖျန်းခနဲ ပက်ချလိုက်တာ လူရောကော်ဇောတွေရောရွှဲ။

မာမိစံ့ပါးပြင်မှာ မို့မို့ရဲ့လက်သည်းရာ အစင်းကြောင်းကြီး ထင်ကျန်ရစ်သလို မို့မို့ လည်ပင်းမှာလည်း မာမိစံ ညှစ်ထားသည့် အညိုအမည်းတွေ ကျန်ရစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီဘက်က ရန်းရင်းဆန်ခတ်သံတွေ ကြားတော့ မလှမ်းမကမ်းက လျှောက်လမ်းကလေးက ရန်ပွဲက ဒီဘက်ရွေ့လာသည်။

ပေါက်ကွဲထွက်ဖို့ အဆင်သင့် ဖြစ်နေသော ဒေါ်မေမြတ်ကြည်နဲ့ ထက်ဇာနည်၊ ဒေါ်ယုယုနိုင်နဲ့ မော်ထက်တို့ လေးယောက်ဟာ ဒီဘက်ကရန်ပွဲကိုလည်း တွေ့လိုက်ရော တားဆီးလို့မရကြတော့။

"လူ့အရိုင်းစိုင်းတွေ အရှက်မရှိကြတဲ့ဟာတွေ"

"တစ်မျိုးလုံး တစ်ဆွေလုံး အဆင့်အတန်းမှ မရှိတာ၊ ကြောက်စရာ ကောင်းလိုက်တာ၊ ဒီလူတွေလက်ထဲ ငါ့သမီးများ ဘယ်လိုထည့်ရမလဲ"

"အမျိုးယုတ်တွေ"

"ဟော့ကောင် ... သတ္တိရှိရင် ချမလား"

"ရတယ်ကွ၊ အချိန်မရွေးပဲ၊ အီးပေါ်လောကောင်ကြီး"

"ငါ့အန်တီကို မထိနဲ့ကွ"





"အလကားမိန်းမ၊ ငါ့အစ်ကိုနဲ့ တန်ကိုမတန်ဘူး၊ သင်းနဲ့များလွဲရင် ငါ့အစ်ကို့ကို နို့နဲ့ဆေးပြီး နောက်တစ်ယောက်ရှာပေးစားပစ်မယ်"

"အဟင့် ... ဟင့် ... ရက်စရာ ကောင်းလိုက်တာ၊ ခက်ဖြာနှင့်ဟာတွေကို မတားတော့ဘူးလား၊ ဟီး ... ဟီး"

"မမ ... ဘာဝိုစရာရှိလဲ၊ သားတို့လည်း ဆွေနဲ့မျိုးနဲ့ပဲဟာ သူတို့လို အောက်တန်းစားတွေ နေစရာမရှိလို့ တစ်အိမ်တည်းမှာ ပုရွက်ဆိတ်တွေလို စုနေရတာမျိုး မဟုတ်ဘူး၊ အားလုံး ကိုယ့်အိမ် ကိုယ့်ခြံနဲ့ ခမ်းခမ်းနားနား နေကြတာ၊ ကျီးတွေလို အဆင့်မရှိ ပိုင်းအာနေကြတာမျိုးလည်း မဟုတ်ဘူး၊ ကိုယ့်သိက္ခာနဲ့ ကိုယ်နေတာ"

"ဘာကွ ... မင်းတို့မှာ အရေးအကြောင်းရှိ ကူမဲ့လူရှိလို့လား၊ ကျောထောက်နောက်ခံဖြင့် မရှိဘဲနဲ့ လာပြီးအာမကျယ်ကြနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အခက်လေးမိသားစုကို ထိလို့ကတော့ မာမီစံတို့က အသက်နဲ့လဲချင် လဲရပစေနော်"

တစ်ယောက်တစ်ခွန်း အော်ဟစ်ရန်တွေ့သံတွေဟာ လျှံတက်နေသည်။ တချို့ညွှေသည်တွေက ကြားကုန်ကာ လာ ချောင်းသူကချောင်း။ ပိုဆိုးတာက ပါပါရာဇီတွေ။

နာမည်ကြီး ကြော်ငြာမော်ဒယ် ခက်ဖြာညီနဲ့ နာမည် ကျော် ဒါရိုက်တာ ချစ်လွန်းကိုတို့ရဲ့ပွဲကို ရိုးရိုးသတင်းယူဖို့ လာ ကြသည့် ဂျာနယ်၊ မဂ္ဂဇင်းပေါင်းစုံက သတင်းထောက်တွေဟာ မထင်မှတ်ဘဲ ကြုံလိုက်ရသည့် ပွဲကြီးပွဲကောင်းကို လက်လွှတ်မခံ ဓာတ်ပုံတွေ ဗီဒီယိုတွေ ဘာဖျပ်ဖျပ် ရိုက်ကြ၊ အသံတွေဖမ်းကြ။

ဒီဘက်ကလူတွေကလည်း ကိုယ့်ဖောနဲ့ကိုယ် ငါတို့ ဘယ်လောက်တောင် အရှက်ကွဲနေပြီလဲဆိုတာကို မတွေး။ နီးစပ် ရာ၊ ကြုံရာ လုံးထွေးသတ်ပုတ်၊ အော်ဟစ်ရန်တွေ့၊ နီးရာပစ္စည်း နဲ့ပစ်။



သတို့သမီးအလှပြင်ခန်း တစ်ခုလုံးဟာ ဝတ်ကောင်း စားလှဝတ်လျက် လုံးထွေးသတ်ပုတ်နေကြသူတွေ၊ စိုရွှဲနေသော ရေ၊ ပြန့်ကျဲကြွေနေသောပစ္စည်းများ၊ မိတ်ကပ်ပေါင်ဒါမှုန့်များ၊ သံကုန်ခြစ်အော်နေသော ပေါက်ကွဲရန်ဖြစ်သံများနဲ့ ကမ္ဘာပျက် သလို ဆူညံပွက်လောရိုက်နေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



“သွားပါပြီ ... သွားပြီ၊ ငါ့ပွဲလည်းပျက်ပြီ။ ငါ့ဘဝလည်း ပျက်ပါပြီ”

ခက်ဖြာညီက တစ်ပိုင်းပဲ ဝင်ရသေးသော ထိုင်မသိမ်းထဘီ၊ အပေါ်ကရုပ်လက်တိုအကွက်၊ ထူပိန်းနေအောင် လိမ်းထားသော မိတ်ကပ်၊ တစ်ဝက်တစ်ပျက် ဆံထုံးတွေနဲ့ပဲ မျက်နှာကို လက်ဝါးနဲ့အုပ်ကာ ရှိုက်ငိုနေမိတော့သည်။

အခုနေကျမှ ဘယ်သူ့ကိုရော ဆွဲလို့တားလို့ရတော့မှာလဲ။

သူ့သဘော သူဆောင်ကာ ဖြစ်ချင်တိုင်း ဖြစ်ပျက်နေတော့သော ပွဲပျက်ကြီးကို ဒီအတိုင်းပဲ ထိုင်ကြည့်ရတော့မည်။





ဒီမင်္ဂလာပွဲကတော့ ဘယ်လိုမှ အဖတ်ဆယ်လို့မရတော့။ တစ်ယောက်ကို တစ်ယောက် သတ်တော့ ဖြတ်တော့ မတတ် မုန်းနေကြပြီဖြစ်သော အဲသိုင်းအဝိုင်း နှစ်ခုဟာလည်း နောက်ထပ် ဘယ်တော့မှ ကြည်ဖြူစွာ မျက်နှာချင်းဆိုင်မှာ မဟုတ်တော့။

ခက်ဖြာညီတို့ ချစ်သူနှစ်ယောက်ဟာလည်း ဆွေမျိုးတွေရဲ့ အမုန်းထုကြားမှာ တစ်သက်စာဝေးဖို့ပဲ ရှိတော့သည်။

မျက်နှာကို လက်ဝါးနဲ့အုပ်ရင်း ဘယ်လောက်ကြာအောင် ငိုကြွေးနေမိသလဲမသိ။ လက်တစ်ဖက်က သူ့မပခုံးကို ဆွဲလှုပ်နေမှန်း သတိရတော့မှ ခက်ဖြာညီက မော့ကြည့်လိုက်သည်။

“ကို”

ခက်ဖြာညီ အသံက တိုးတိုးလေး။ ဒါတောင်မှ ချစ်လွန်းကိုက နှုတ်ခမ်းပေါ် လက်ညှိုးကန့်လန့်ဖြတ်တင်ကာ တိတ်တိတ်နေဆိုသည့်သဘော လုပ်ပြနေသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခက်ဖြာ ... ကို့တစ်ခါ မေးဖူးတာ မှတ်မိလား"

"ဘာလဲ"

"အရေးကြုံရင် ကို့ဘက်ကပဲ ရပ်မယ်ဆို"

"ဒါပေမဲ့ ခု ဘာမှလုပ်လို့မရ ..."

"ကို့တို့ ဒီနေရာက အမြန်ဆုံး ထွက်ပြေးသွားဖို့ တစ်လမ်းကျန်သေးတယ်လေ"

"အခုနေ ..."

"လာ ... အမြန်လာခဲ့၊ သူတို့ အရှိန်ကောင်းနေတုန်း ကို့တို့လစ်ကြစို့"

ချစ်လွန်းကို လက်ဆွဲခေါ်ရာနောက်သို့ ခက်ဖြာညိက အပြေးပဲ လိုက်ခဲ့သည်။

အပေါ်ထပ်ကနေ ဒရောသောပါး ပြေးဆင်းကာ ဆင်ဝင်အောက်မှာ အသင့်ရပ်ထားသော ကားပေါ်ပြေးတက်မောင်းထွက်သွားသော ချစ်လွန်းကိုနဲ့ ခက်ဖြာညိတို့ စုံတွဲကို တချို့ကလေကလွဲလို့ လူတွေ သိပ်မတွေ့လိုက်ကြပါ။





"အခု ကို့တို့တိုက်ခန်းကို အရင်သွားမယ် ဟိုမှာ အဝတ်အစားလဲ၊ ပြီးရင် ဘူတာကြီးကို သွားမယ်၊ မန္တလေးသွားမဲ့ ရထားလက်မှတ်ကို ဝယ်ထားပြီးသား၊ မန္တလေးက ရွှေလင်းထုတ်လုပ်ရေးပိုင်ရှင် ဦးဝေလင်း လာကြိုလိမ့်မယ်၊ တည်းခိုစရာလည်း သူပဲ စီစဉ်ပေးထားပြီးသား"

"ကို့က ဒါတွေကြိုစီစဉ်ထားတယ်၊ ဘာလို့လဲ"

"ကို့စိတ်ထဲမှာ ဒီလူတွေ ရင်ဆိုင်တွေ့ရင် ပြဿနာဖြစ်လာလိမ့်မယ်လို့ ထင်နေမိတာကိုး။ ဒါကြောင့် လိုလဲမလိုလဲကြိုစီစဉ်ရတာ မြန်မြန်တော့ လုပ်မှဖြစ်မယ်၊ ကို့တို့လစ်သွားမှန်း သူတို့သိရင် လိုက်လာကြမှာ၊ တရားရုံးမှာ လက်မှတ်ကြိုထိုးထားမိလို့သာ တော်တော့တယ်"

"အောင်မယ်လေး ... ကို့က တော်လိုက်တာနော်၊ ခက်ဖြာဖြင့် ဒီပုံနဲ့တော့ ဒီတစ်သက် ဝေးကြပြီမှတ်တာ"

ခက်ဖြာညိက ချစ်လွန်းကို ပခုံးပေါ် ခေါင်းလေးမှေးတင်ရင်း ခုမှစိတ်ချမ်းသာရာ ခရာရသွားသလို သက်ပြင်းတစ်ချက်ခိုးချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ချစ်လွန်းကို စိတ်ပူသလို သူတို့နောက်လိုက်လာမည့်သူမရှိပါ။ မြန်မြန်ပြေးစရာလည်း မလိုခဲ့ပါ။ ဟိုတယ်မှာ ကျန်ခဲ့သော နှစ်ဖက်ဆွေမျိုးတွေရဲ့ တစ်ယောက်တစ်လက်ရန်ပွဲဟာ ကာယကံရှင်တွေ မရှိတော့တာကိုတောင် မသိနိုင်တော့လောက်အောင် အချိန်အတော်ကြာကြာ ဆွဲညံ့ကမ္ဘာပျက်လို့ မဆုံးနိုင်တော့ချေ။"

ခင်ဦးခင်ခင်

(ဆေးတက္ကသိုလ်)

5:00 P.M

25.5.08

SUNDAY.

BURMESE CLASSIC

www.burmeseclassic.com